# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**သောတာပန်သည်သာမြတ်၏**

မြေပြင်တစ်ပြင်လုံး၌ ကေရာဇ်မင်းဖြစ်ရသည်ထက် လည်းကောင်း၊ နတ်ပြည်၊ ဗြဟ္မာပြည်သို့ ရောက်ရသည်ထက် လည်းကောင်း၊ တစ်လောကလုံးကို အစိုးရသည်ထက် လည်းကောင်း သောတာပန်ဖြစ်ရခြင်းသည် မြတ်၏။ သောတာပန် ဖြစ်ရခြင်းသည် လူမင်းစည်းစိမ်၊ နတ်မင်း စည်းစိမ်တို့ထက် မြတ်လှ၏။

လောကဝင်(ဓမ္မပဒ-၁၇၈)


၁၃၇၈ ခုနှစ် သီတင်းကျွတ်လဆန်း ၅ ရက်၊ ကြာသပတေးနေ့။ Thursday , 6 October 2016 (၈၇၀၆)


# ဆရာများ၏ ဂုဏ်သိက္ခာ၊ တန်ဖိုး၊ အဆင့်အတန်းနှင့် ကျေးဇူးတို့ကို ပိုမိုမြင့်မားနေရန် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားများ နိုင်ငံအသီးသီးတွင် နှစ်စဉ်ကျင်းပလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၅

**တိုင်းပြည်၏ လိုအပ်ချက်ဖြစ်သည့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော နှလုံးရည်၊ လက်ရုံးရည်နှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ပေါ်ထွန်းလာစေရန် စွမ်းဆောင်ပေးနိုင်သူများမှာ ဆရာများပင်ဖြစ်ပါကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားခဲ့သည်။**

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက် ၉နာရီ က နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၁)အစည်းအဝေးခန်းမ၌ ကျင်းပစဉ် ဒုတိယသမ္မတ ဦးမြင့်ဆွေက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆရာများသည် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစိတ်ဓာတ်အပြည့်နှင့် ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်းနှင့် ပညာသင်ယူလေ့ကျင့်မှုကောင်းများ အစဉ်မြင့်မားနေစေရန် ပခုံးပြောင်းပြုစုပျိုးထောင် သင်ကြားပေးနေသည့် ဆရာများ၏ ဂုဏ်သိက္ခာ၊ တန်ဖိုး၊ အဆင့်အတန်းနှင့် ကျေးဇူးတို့ကို ပိုမိုမြင့်မား နေရန်အတွက် အောက်တိုဘာ ၅ ရက်ကို ကမ္ဘာ့ဆရာများနေ့အဖြစ် နိုင်ငံတကာက အသိအမှတ်ပြုပြီးနောက် ၁၉၉၄ ခုနှစ်မှ စတင်ကာ ကမ္ဘာ့ဆရာများနေ့

**ဆရာ ဆရာမများ၏ အဆင့်အတန်း မြင့်မားရေးအတွက် ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ပေးသွားနိုင်ရန် စီစဉ် ဆောင်ရွက်သွားကြရမည်**

အထိမ်းအမှတ်အခမ်းအနားများကို နိုင်ငံအသီးသီးတွင် နှစ်စဉ်ကျင်းပလျက် ရှိပါကြောင်း ပြောကြားသည်။

ယခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်ဖြစ်သည့် “ဆရာများကို တန်ဖိုး ထားလို့ သူတို့အဆင့်အတန်းကို မြှင့်တင်စို့”(Valuing Teachers, Improving Their Status) ဆောင်ပုဒ်၏ အနှစ်သာရကို ကြည့်မည်ဆိုပါက နိုင်ငံတကာ တွင်လည်း ဆရာများ၏ တန်ဖိုး၊ ဆရာများ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်း များကို ပိုမိုလေးစားတန်ဖိုးထားသည်ကို အထင်အရှားတွေ့မြင်ရမည်ဖြစ် ကြောင်း၊ တပည့်များ၏အရည်အသွေးသည် ဆရာများအပေါ် များစွာတည်မှီ လျက်ရှိသည့်အတွက် ဆရာများ၏ အရည်အသွေးမြင့်မားရေးသည်လည်း အရေးကြီးလှပါကြောင်း၊ ဆရာများအတွက် မွမ်းမံသင်တန်းများ၊ ဆင့်ပွား သင်တန်းများဖွင့်လှစ်ပို့ချပေးခြင်း၊ ပြည်ပနိုင်ငံများသို့ ပညာသင်စေလွှတ်ခြင်း၊ လေ့လာရေးစေလွှတ်ခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်စေခြင်း စသည့် ဆရာ ဆရာမများ၏ အရည်အသွေးထိန်းသိမ်း မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

# နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအခြေခံဖြစ်သည့် လျှပ်စစ်စွမ်းအား အပြည့်အဝအသုံးပြုနိုင်ရေးသည် အရေးကြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည်လည်း မြင့်မားလာမည်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၅**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် လွိုင်ကော်မြို့နယ်ရှိ ဘီလူးချောင်းအမှတ်(၂)နှင့် အမှတ်(၃) ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာဒုတိယသမ္မတ နှင့်အဖွဲ့ဝင်များအား ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်စက်ရုံ၏ ပင်မရှင်းလင်းဆောင်၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်း ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်လေးက ဘီလူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ စက်တပ်ဆင်အင်အား၊ ဓာတ်အားထုတ်ယူနိုင်မှု၊ ဓာတ်အားဖြန့်ဖြူးပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအခြေခံဖြစ်သည့် လျှပ်စစ်စွမ်းအား အပြည့်အဝ အသုံးပြုနိုင်ရေးသည် အရေးကြီးပါကြောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ လျှပ်စစ်ဓာတ်အားထုတ်လွှတ်ပေးနေမှုကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## ကောင်းမွန်သည့် ပညာစနစ်သို့တက်လှမ်း

ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာနှင့် ဘာသာတရား၏ ညွှန်းဆိုချက်အရ ဂုဏဝုတ္တိ၊ ဝရဝုတ္တိ ကြီးမြတ်သော သီလသမာဓိပညာတို့နှင့် အသက်မွေးခြင်း ပြုကုန်ကြသော ပညာသင်ကြားပြသပေးသည့် ဆရာတို့အား 'ပူဇာ စ ပူဇနေယျာနံ' ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်းပြုရသည့် အနန္တော အနန္တငါးပါးတွင်ထည့်သွင်းကာ အနန္တဂိုဏ်းဝင် ဆရာသခင်တို့အား ရှေးအစဉ်အဆက် ကြည်ညိုလေးစား အလေးအမြတ်ထားခဲ့ကြပါသည်။

ထိုသို့ ကြည်ညိုလေးစားအမြတ်ထားနိုင်ရန်အတွက် ဆိုထားသည့်အတိုင်း သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံကြွယ်ဝရန်လိုအပ်သကဲ့သို့ သင်အံလေ့ကျက်ရမည့် အတတ်ပညာ၊ အသိပညာတို့ကို သင်ကြားပြသပေးရာ၌ စေတနာ၊ ဝါသနာ၊ အနစ်နာတည်းဟူသော နာသုံးနာဖြင့် မကြွင်းမကျန် သင်ကြားပြသပေးကြရသော ဆရာမြတ်၊ ဆရာကောင်းများဖြစ်ပါသည်။

အစဉ်အလာမပျက် ကျင့်ကြံအားထုတ်ရသော "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့"ဟူသော ဆရာ့ကျင့်ဝတ်ငါးပါးနှင့်အညီ ဆောင်ရွက်ကြရာ သိသင့်သမျှ အတတ်ပညာများကို သင်ကြားပေးရခြင်း၊ ဆုံးမသြဝါဒပေး၍ ပြုပြင်ပေးရခြင်း၊ မိမိတတ်သမျှ အကုန်သင်ပေးရခြင်း၊ တပည့်များ ဘေးအန္တရာယ်မဖြစ်စေရန် ကြိုတင်တားဆီးကာကွယ်ပေးရခြင်း၊ မိမိထက် ကျေးဇူးပြုနိုင်မည့် ဆရာထံသို့ အပ်နှံပေးရခြင်းတို့ကို ဆောင်ရွက်ကြရပါသည်။

ထိုအစဉ်အလာကောင်းများသည် ယခင် ဆယ်စုနှစ်မတိုင်မီများစွာကတည်းက ဖြစ်တည်ခဲ့ကြပြီး ဆရာကလည်း ဆရာ့စည်း၊ တပည့်ကလည်း တပည့်စည်း၊ ကျင့်ဝတ်သိက္ခာများနှင့် လိုက်နာစောင့်စည်း သင်အံလေ့ကျင့်ခဲ့ကြသောကြောင့် 'ဆရာကောင်းတပည့် ပန်းကောင်းပန်'ဆိုသကဲ့သို့ တပည့်သားကောင်းရတနာများ လူမှုဘဝပတ်ဝန်းကျင်အတွက်လည်းကောင်း၊ နိုင်ငံအတွက်လည်းကောင်း ပေါ်ထွန်းခဲ့ပါသည်။

မျက်မှောက်ကာလတွင် ထိုဆရာ၊ တပည့် အစဉ်အလာများ ပါးလျားလာခဲ့ပြီး တပည့်များအနေဖြင့် ပညာသာသင်ကြားနေကြသော်လည်း စစ်စစ်ပေါက်ပေါက် တပည့်တစ်ယောက် ဖြစ်ထွန်းလာရန်မှာ ခဲယဉ်းနေပြီဖြစ်သည်။ ဆရာ၊ တပည့် အမျိုးမျိုးသော အခက်အခဲများရှိသဖြင့် ဆရာမှာလည်း ဆရာ့ကျင့်ဝတ်ချို့ယွင်း၊ တပည့်မှာလည်း ဆရာသမားမှန်းမသိ တပည့်ဝတ္တရားငါးပါး ပျက်ယွင်းလာပြီဖြစ်သည်။

ယင်းသည် ကောင်းသောလက္ခဏာမဟုတ်ဘဲ ပညာကိုအခြေခံသော အနာဂတ်အတွက် ရင်လေးဖွယ်ဖြစ်သည်။ တပည့်ဟူသည်မှာ အတတ်ပညာ သင်ယူရုံနှင့်မပြီးဘဲ ညီညာထကြွ၊ ဆုံးမနာယူ(ဆရာသင်ကြား ဆုံးမသမျှကို လေးစားစွာ ဂရုတစိုက် နာခံမှတ်သားရခြင်း)၊ လာမူကြိုဆီး (ဆရာလာသောအခါ ညီညာစွာ မတ်တတ်ရပ်လျက် ခရီးဦးကြိုပြုရခြင်း)၊ ထံနီး(ဆည်းကပ် ခစားရခြင်း)၊ လုပ်ကျွေး(ဆရာ့ထံပါးဝယ် ပြုဖွယ်ကိစ္စများကို ပြုလုပ်ပေးရခြင်း)၊ သင်တွေးအံရွတ်(သင်ခန်းစာများကို လေးစားစွာ တွေးတောကြံစည် သင်အံလေ့ကျက် နှုတ်တက်ရွတ်ဆိုရခြင်း)တို့ကို ပြုရသည်။

ယခုမူ ခေတ်ကာလအခြေအနေအရ ရှိရင်းစွဲ ဆရာ၊ ကျောင်းသားအလေ့အထများ ပြောင်းလဲလာခဲ့သော်လည်း ပညာကိုအခြေခံသည့် နိုင်ငံကို တည်ဆောက်နိုင်ရန်အတွက် ဖြစ်နိုင်ခြေရှိသည့် ဆရာ၊ ကျောင်းသားလိုအပ်ချက်အမျိုးမျိုးတို့ကို နိုင်ငံတော်က အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ အနာဂတ် နိုင်ငံ့သားကောင်းများအား ကောင်းမွန်စွာလေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ခေတ်ကာလနှင့်အညီ ပညာရေးစနစ်တစ်ခုကို တည်ဆောက်နေသည်။

အစောပိုင်းက အခြေခံပညာအဆောက်အအုံ၊ အခြေခံစီးပွားရေးအဆောက်အအုံ မခိုင်ခံ့၊ ယိုင်နဲ့မှုများကြောင့် ပညာရေးစနစ်နိမ့်ကျခြင်းနှင့်အတူ မိဘပြည်သူ၊ ကျောင်းသား ပူးပေါင်းပါဝင်မှု အားနည်းခဲ့သည်။ ထို့ကြောင့် အဆိုပါအခက်အခဲများ ပြေပျောက်စေရန်အတွက် ဆရာ၊ ကျောင်းသား၊ မိဘများသာမက ပညာရေးနယ်ပယ်မှ တာဝန်ရှိသူအားလုံးတို့က အသိနှင့်ပြန်လည်ဆင်ခြင်၍ အခြေခံအဆောက်အအုံ အထောက်အပံ့ကောင်းများ တိုးတက်ဖြည့်ဆည်းပေးကာ မျှော်မှန်းထားသော ကောင်းမွန်သည့်အနာဂတ် ပညာရေးစနစ်တစ်ခုသို့ရောက်အောင် ဆက်လက်တက်လှမ်းကြရမည်ဟု ရှုမြင်ပါသည်။ ။

# နိုင်ငံခြားငွေကြေးလိုအပ်ချက်ရှိပါက ဗဟိုဘဏ်အနေဖြင့် ပုဂ္ဂလိကဘဏ်များသို့ ထုတ်ရောင်းပေးရန်ရှိ

**ရန်ကုန် အောက်တိုဘာ ၅**

ပြည်တွင်း ပုဂ္ဂလိကဘဏ်များအနေဖြင့် နိုင်ငံခြားငွေလိုအပ်ချက်ရှိပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ရောင်းပေးသွားရန် ရှိသည့်အပြင် မြန်မာငွေကြေးသည်လည်း နောက်ပိုင်းကာလများတွင် ထိုက်သင့်သလောက် တက်လာနိုင်ခြေရှိသောကြောင့် နိုင်ငံခြားငွေကြေးဈေးကွက်၌ ဝင်ရောက်ဈေးကစားခြင်း မပြုလုပ်ရန် ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များကို ခေါ်ယူသတိပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေးများကို ဘဏ်များသို့ နေ့စဉ်လေလံစနစ်ဖြင့် ရောင်းချပေးနေသော်လည်း ဘဏ်အချို့တွင် လာရောက် ဝယ်ယူသူများအား ပြန်လည်ရောင်းချပေးမှုမပြုလုပ်ခြင်းများရှိနေပြီး နိုင်ငံတကာရှိဗဟိုဘဏ်များတွင် နိုင်ငံခြားငွေကြေးဈေးကွက်နှုန်းထားအပြောင်းအလဲများအပေါ် ဝင်ရောက်စွက်ဖက်မှုမျိုး မရှိသည့်အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း လက်ရှိအခြေအနေတွင် ဝင်ရောက်စွက်ဖက်ခြင်းမျိုးပြုလုပ်ရန်မရှိကြောင်း သိရသည်။

ယင်းမှာ ဗဟိုဘဏ်က နေ့စဉ်ထုတ်ပြန်သည့် ရည်ညွှန်းငွေလဲလှယ်နှုန်းအပေါ် ထင်မြင်လွဲမှားမှုများဖြစ်လာခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်ပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ စီးပွားရေးပညာရှင် ဒေါက်တာခင်မောင်ညိုက "ဗဟိုဘဏ်က နေ့စဉ်ထုတ်ပြန်တဲ့ ရည်ညွှန်းငွေလဲလှယ်နှုန်းနဲ့ ပတ်သက်လို့ ထင်မြင်မှုလွဲနေတာကို တွေ့ရပါတယ်။ ဗဟိုဘဏ်က အရင်တုန်းကလို ငွေလဲလှယ်နှုန်းကို ထိန်းချုပ်မထားတော့ပါဘူး။ ၂၀၁၂ ခုနှစ် ဧပြီလကတည်းကစပြီး Float လုပ်ပြီးဖြစ်ပါတယ်။ အဲဒီလကစပြီး နိုင်ငံခြားသုံးငွေလေလံကို နေ့တိုင်းပြုလုပ်ပြီး ရည်ညွှန်းငွေလဲလှယ်နှုန်းကို ဗဟိုဘဏ်ကနေ နေ့တိုင်းထုတ်ပြန်ပါတယ်။ အဲဒီလိုလေလံလုပ်ရခြင်းရဲ့ ရည်ရွယ်ချက်က ဈေးကွက်ပေါက်ဈေး ရှာဖွေခြင်းဖြစ်ပါတယ်။ ဈေးကွက်ထဲမှာအမျိုးမျိုးဖြစ်နေတဲ့ နိုင်ငံခြားငွေဈေးတွေအနက် ဘယ်ဈေးက ပေါက်ဈေးကို ကိုယ်စားပြုနိုင်သလဲဆိုတာကို အတည်ပြုထုတ်ပြန်ပေးတာဖြစ်ပါတယ်။ အဲဒါကြောင့် ဗဟိုဘဏ်ရဲ့ ရည်ညွှန်းငွေလဲလှယ်နှုန်းဟာ ဈေးကွက်ကို ဦးဆောင်ရတဲ့ နှုန်းမဟုတ်သလို ဈေးကွက်နောက်လိုက်ရတဲ့ နှုန်းလည်း မဟုတ်ပါဘူး။ ဈေးကွက်ထဲမှာ ဖြစ်ပေါ်နေတဲ့ ပေါက်ဈေးအတိုင်းဖြစ်ရတဲ့နှုန်းတစ်ခုဖြစ်ပါတယ်။ အဲဒါကြောင့် ဈေးကွက်ပေါက်ဈေးတက်ရင်သူလည်း လိုက်တက်ရပါမယ်။ ဈေးကွက်ပေါက်ဈေးကျရင် သူလည်း လိုက်ကျရပါလိမ့်မယ်။ ဈေးကွက်ပေါက် ဈေးအတက်အကျနဲ့ တစ်ပြေးညီ ဖြစ်/မဖြစ်ဆိုတာကတော့ လေလံထိရောက်မှု ရှိ၊ မရှိနဲ့ ဆိုင်ပါလိမ့်မယ်" ဟု ၎င်း၏ အမြင်ကို သုံးသပ်ပြောကြားသည်။

နိုင်ငံခြားငွေကြေး ဈေးကွက်တွင် ဒေါ်လာလဲလှယ်နှုန်းသည် ဩဂုတ်လလယ်ပိုင်းက ပြင်ပဈေးကွက်၌ တစ်ဒေါ်လာလျှင် ကျပ် ၁၂၀၀ ဝန်းကျင်အောက်သာရှိခဲ့ရာမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နေ့စဉ်ရည်ညွှန်းငွေလဲလှယ်နှုန်းသည် အောက်တိုဘာလဆန်းပိုင်းတွင် ငွေကျပ် ၁၂၆၀ နှုန်းအထိရှိလာခဲ့သည်။

"ဗဟိုဘဏ်က ထုတ်ပြန်တဲ့ ရည်ညွှန်းငွေလဲလှယ်နှုန်းဆိုတာက ဈေးကွက်ပေါက်ဈေးကို ထိန်းကျောင်းဖို့ မဟုတ်ပါဘူး။ ဈေးကွက်ပေါက်ဈေးတက်ရင် လိုက်တက်ပြီး ဈေးကွက်ပေါက်ဈေးကျရင် လိုက်ကျမှာပါပဲ။ ဈေးကွက်ပေါက်ဈေးတက်တဲ့ အချိန်မှာ လိုက်မတက်ဘဲနေရင်တော့ နိုင်ငံခြားသုံးငွေလေလံပြုလုပ်ရခြင်းရဲ့ ရည်ရွယ်ချက်ပျောက်သွားမှာဖြစ်ပါတယ်။ အဲဒီတော့ ဈေးကွက်ပေါက်ဈေးတက်နေတာကို ဘယ်လိုထိန်းမလဲ။ အဲဒီလေလံနဲ့ပဲ ထိန်းလို့ရနိုင်ပါတယ်။ ရည်ညွှန်းငွေလဲလှယ်နှုန်းသတ်မှတ်ပြီးထိန်းတာမဟုတ်ဘူး။ နိုင်ငံခြားသုံးငွေလေလံမှာ ဒေါ်လာတွေရောင်းပြီး ထိန်းလို့ရနိုင်ပါတယ်။

အဲဒီမှာ ဗဟိုဘဏ်ကဒေါ်လာဘယ်လောက်ရောင်းနိုင်သလဲဆိုတာ မေးဖို့ရှိပါတယ်။ မြန်မာဗဟိုဘဏ်ထက် အဆပေါင်းများစွာဒေါ်လာအရန်ငွေရှိတဲ့ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံတို့က ဗဟိုဘဏ်တွေတောင် တော်ရုံနဲ့ Intervention မလုပ်ကြပါဘူး။ ဒါပေမယ့် မြန်မာဗဟိုဘဏ်ကတော့ လေလံကတစ်ဆင့် ဒေါ်လာအရောင်းအဝယ်လုပ်ပြီး ထိန်းခဲ့ဖူးပါတယ်။ လက်ရှိလည်း အဲဒီလိုပဲ လုပ်နေတယ်လို့ သိရပါတယ်။ ဒါပေမယ့် ရည်ညွှန်းငွေလဲလှယ်နှုန်းက ဈေးကွက်ပေါက်ဈေးထက် အလွန်နိမ့်နေလို့ရှိရင် လေလံမှာ ရောင်းသမျှဒေါ်လာတွေကို ဘဏ်တွေက အနိမ့်ဈေးနဲ့ဝယ်ပြီး ဈေးကွက်ထဲမှာ အမြင့်ဈေးနဲ့ ပြန်ရောင်းမှာဖြစ်လို့ ဘဏ်တွေအတွက် အမြတ်ရှာပေးသလို ဖြစ်သွားပါလိမ့်မယ်။ အဲဒါကြောင့် ဗဟိုဘဏ်က ရည်ညွှန်းငွေလဲလှယ်နှုန်းကို ဈေးကွက်ပေါက်ဈေးနဲ့ တူလောက်တဲ့အထိ ဖြစ်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်"ဟု စီးပွားရေးပညာရှင် ဒေါက်တာခင်မောင်ညိုက ၎င်း၏အမြင်ကို သုံးသပ်ထားသည်။ **(ကြေးမုံ)**




# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေပေးအပ်

**ဟားခါး အောက်တိုဘာ ၅**

၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံဒေသအသီးသီး၌ ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များကြောင့် ဘေးသင့်ပြည်သူများအတွက် ချင်းပြည်နယ် ဟားခါးမြို့ ခရစ်ယာန်အသင်းတော်များက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေကျပ် ၁၁၀၇၀၀၀၀ ပေးအပ်ပွဲကို အောက်တိုဘာ ၄ ရက် နံနက် ၈ နာရီက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ချင်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အဖွင့်အမှာစကားပြောကြားပြီး ဟားခါးမြို့ ခရစ်ယာန်အသင်းတော်များကိုယ်စား အတွင်းရေးမှူး သိက္ခာတော်ရ ဆရာတော် ဒေါက်တာစတီဗင်လျန်ဟုပ်လိန်းက အလှူငွေပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ အလှူငွေကျပ် ၁၁၀၇၀၀၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကို ကျင်းပရာ ချင်းပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ချင်းပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဝင်များက ဆွေးနွေးတင်ပြကြပြီး ၂၀၁၆ ခုနှစ်အတွင်း ချင်းပြည်နယ်တွင် ဖြစ်ပွားခဲ့သော သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးသည့် ကြိုးတံတား၊ ဘေလီသစ်သားတံတားအပါအဝင် လုပ်ငန်းစုစုပေါင်း ၁၆ ခုကို ပြင်ဆင်ဆောင်ရွက်ရန် အတည်ပြုကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက် )**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၉၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၉ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
ပန်းနေကာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၅

❒ ရွှေဖုံးမှ

ယနေ့ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ အခါသမယတွင် တာဝန်ကျရာ ရပ်ရွာဒေသအလိုက် ပညာရေးလုပ်ငန်းတာဝန်များကို အရည်အချင်းပြည့်မီစွာဖြင့် စွမ်းစွမ်းတမံကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဆရာ ဆရာမများ၊ ဆောင်ရွက်လျက်ရှိကြသည့် ဆရာ ဆရာမများနှင့် လိုအပ်ချက်အရ ဖြည့်ဆည်းခန့်ထားရန်ရှိသည့် ဆရာ ဆရာမများအားလုံးကို အထူးပင်တန်ဖိုးထားပါကြောင်းနှင့် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ဆရာ ဆရာမများ၏ အဆင့်အတန်းမြင့်မားရေးအတွက် ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ပေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ဒုတိယသမ္မတက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ဒေါက်တာကြည်ရွှင်က ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ (၅)ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှပေးပို့သည့် စုပေါင်းသဝဏ်လွှာကို ဖတ်ကြားပြီး ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာ ဆရာမများ၏ ဆောင်ရွက်မှု မှတ်တမ်းအကျဉ်းချုပ်ကို တင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်တို့က ၂၀၁၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများအား ဂုဏ်ပြုဆုချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒေါက်တာဝင်းမြတ်အေး၊ ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်းနှင့် တာဝန်ရှိသူများက ထူးချွန်ဆရာ ဆရာမများနှင့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် အခြေခံပညာမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပန်းပျိုးလက်သီချင်းတေးသရုပ်ဖော်ဖြင့် ဂုဏ်ပြုတင်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တက်ရောက်လာကြသူများသည် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများ၊ ထူးချွန်ဆရာ ဆရာမများ၊ ဆုရရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ယူနက်စကိုနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးမြင့်ဆွေ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင် ၂၀၁၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားတွင် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်တစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

# မြန်မာ-အမေရိကန် တပ်မတော်နှစ်ရပ်ဆက်ဆံရေးအခြေအနေများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၅**

ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အမေရိကန်ပြည်ထောင်စု ပစိဖိတ်ဌာနချုပ် (US Pacific Command-PACOM)မှ Deputy Commander ဒုတိယဗိုလ်ချုပ်ကြီး Anthony Crutchfield တို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် တပ်မတော်၏ အခန်းကဏ္ဍ၊ စစ်ဘက်၊ အရပ်ဘက် ဆက်ဆံရေးအခြေအနေ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်နှင့် လတ်တလောဖြစ်ပွားနေသည့် တိုက်ပွဲများ၊ ကချင်ပြည်နယ်ရှိ IDP စခန်းများ၏ ပကတိအခြေအနေများ၊ မြန်မာ-အမေရိကန် တပ်မတော်နှစ်ရပ် ဆက်ဆံရေး အခြေအနေများကို ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီး Anthony Crutchfield နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Scot Marciel၊ ကြည်းတပ်စစ်သံမှူး Col. James McAden၊ လေတပ်စစ်သံမှူး Lt. Col. Rachel Smith နှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

**(မြဝတီ)**

## ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ

### မုံရွာ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမတွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂမှပေးပို့သည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်သဝဏ်လွှာကို တိုင်းဒေသကြီး ပညာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းအေးက ဖတ်ကြားပြီး တာဝန်ရှိသူများက အသက် (၇၅)နှစ်အထက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ပစ္စည်းများဖြင့် လိုက်လံကန်တော့ကြရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား အငြိမ်းစားဆရာကြီးတစ်ဦးက ဩဝါဒစကားပြောကြားပြီး တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

**(ဖိုးချမ်း-မုံရွာ)**

### ဖျာပုံ

ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဖျာပုံမြို့နယ် မော်ဘီကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ စံပယ်ခန်းမ၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး ခုနစ်ဦးအနက် ခြောက်ဦး တက်ရောက်ကန်တော့ခံ၍ ဆရာကြီးဦးထွန်းညွန့်က ဆုံးမဩဝါဒစကားများ ပြောကြားသည်။

ထို့နောက် ကျောင်းသားဟောင်း ဦးမြင့်ဝင်းကဦးဆောင်၍ ကန်တော့ချီးဖြင့် ကန်တော့ပြီး မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မော်ဘီကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဝေလင်းက ဂါရဝပြုအမှတ်တရစကားပြောကြား၍ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး အ. လ. က (ခွဲ)မော်ဘီကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်းက ကျေးဇူးမုဒိတာစကားပြောကြားကာ အလှူငွေနှင့် ဂါရဝပစ္စည်းများကို ကော်မတီဝင်အသီးသီးက ပေးအပ်ကြသည်။

**(သပြေထွန်း)**

### ကြံခင်း

ကြံခင်းမြို့နယ်ပညာရေးဌာနက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်နှင့် သက်ကြီးပူဇော်ပွဲ၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲဆုရရှိသူများနှင့် ထူးချွန်ဆရာဆုရသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက်က ကြံခင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူးက ကမ္ဘာ့ဆရာများနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲဆုရရှိသူများနှင့် ထူးချွန်ဆရာဆုရသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အသက် (၇၀)ကျော် အငြိမ်းစားဆရာကြီး ဆရာမကြီး ၂၄ ဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းဖြင့် ဂါရဝပြုကန်တော့ကြကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

❍ ဖိုလ်ဝင်တောင်မှ

သုတေသနလုပ်သူများအနေဖြင့် ကိုးကားရာတွင် တိကျမှုမရှိဘဲ အလုပ်မတွင်နှောင့်နှေးမှုများ မကြာခဏကြုံတွေ့ရကြောင်း သိရသည်။

ဌာနအနေဖြင့် တိုက်ဆိုင်စစ်ဆေးအတည်ပြုပြီးပါက ငယ်စာရင်းဂူနံပါတ် အတိအကျကို ပေးနိုင်မည်ဖြစ်သလို နောက်ပိုင်းထိုးထားသော နံပါတ်အတိအကျကို ပေးနိုင်မည်ဖြစ်သောကြောင့် သုတေသီပညာရှင်ဖြစ်စေ၊ ကျောင်းသားဖြစ်စေ၊ ဘုန်းတော်ကြီးရဟန်းဖြစ်စေ မည်သူမဆို သုတေသနပြုလုပ်သည့်အခါ လွယ်ကူလျင်မြန်ကာ ကိုးကားရာတွင် ပိုမိုတိကျသွားစေမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရွှေဘတောင်ဘက်ရှိ ဂူနံပါတ်များကို ဖိုလ်ဝင်တောင်ဘက်မှ လိုက်ဂူနံပါတ်အဆက်အဖြစ် ဆက်လက် ရေးထိုးမှတ်တမ်းတင်ထားရာ ရွှေဘတောင်တွင် ဂူအရေအတွက် များပြားမှုမရှိသော်လည်း ဂူနံပါတ်မှာ ၈၀၀ ကျော် ၉၀၀ အထိ ကြီးမားနေသောကြောင့် ဂူအရေအတွက်မှာ များပြားလှသည်ဟု အထင်ရှိနေကြသည်ကို တွေ့ရကြောင်း ဒေါက်တာသန်းထိုက်က ရှင်းပြသည်။ ဖိုလ်ဝင်တောင်ရှိ အချို့သောဂူများသည် ကျောက်များပြိုကျပြီး သဲများနှင့်အတူ ပိတ်နေသည်များလည်းရှိရာ ယခင်ထိုးထားသော ဂူနံပါတ်များတွင် ပါဝင်မှုရှိ၊ မရှိ နောက်ပိုင်းထိုးထားသော ဂူနံပါတ်တွင် ပါ၊ မပါ ချန်ထားမထားများကို စိစစ်ရေးထိုးရင်း ဂူပေါက်ရှင်းလင်းရေးများကိုပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မျိုးဝင်းထွန်း-မုံရွာ)**

# အာဖရိကတိုက်၏ ပထမဆုံးသော လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်သော ရထား အီသီယိုးပီးယားနှင့် ဂျီဘူတီအကြား စတင်ခုတ်မောင်းပြီ

**အဒစ္စအဘာဘာ အောက်တိုဘာ ၅**

အီသီယိုးပီးယားနှင့် ဂျီဘူတီနိုင်ငံတို့အကြား ဆက်သွယ်ထားပြီး အာဖရိကတိုက်၏ ပထမဆုံး လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်သည့် ရထားခရီးစဉ်ကို အောက်တိုဘာ ၅ ရက်တွင် စတင်ဖွင့်လှစ်လိုက်ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အီသီယိုးပီးယားနိုင်ငံမြို့တော်နှင့် ပင်လယ်နီရှိ ဂျီဘူတီနိုင်ငံ၏ ပင်လယ်ဆိပ်ကမ်းမြို့အကြား ၇၅၂ ဒသမ ၇ ကီလိုမီတာ ရှည်လျားသည့် လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်သော ရထားလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ် အခမ်းအနားကို အီသီယိုးပီးယားနိုင်ငံမြို့တော် အဒစ္စအဘာဘာ၌ ကျင်းပသည်။

လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်သောရထားသည် တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ နှုန်းအထိ အမြန်နှုန်းဖြင့် ခုတ်မောင်းနိုင်ရန် တည်ဆောက်ထားသည်။ အဆိုပါ ရထားလမ်းအား တရုတ်မီးရထားလုပ်ငန်း တည်ဆောက်ရေးအုပ်စုနှင့် မြို့ပြအင်ဂျင်နီယာဆိုင်ရာနှင့် တည်ဆောက်ရေးကော်ပိုရေးရှင်းတို့က ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၄၀၀၀ စိုက်ထုတ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အီသီယိုးပီးယားနှင့် ဂျီဘူတီနှစ်နိုင်ငံအကြားတွင် ယခင်က ခုနစ်ရက်ကြာမျှ ရထားဖြင့် သွားလာခဲ့ရသည့် ဤလမ်းပိုင်းတွင် လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်သောရထား ခုတ်မောင်းပြေးဆွဲခြင်းဖြင့် ခရီးသွားကုန်ဆုံးချိန်အား ၁၀ နာရီအထိ လျှော့ချနိုင်ပြီး ကုန်းတွင်းပိတ် အီသီယိုးပီးယား နိုင်ငံအနေဖြင့် ဂျီဘူတီနိုင်ငံ၏ ဆိပ်ကမ်းများကို လျင်မြန်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။

၎င်းအပြင် အီသီယိုးပီးယားနှင့် ဂျီဘူတီနိုင်ငံများက ယင်းရထားလမ်းတစ်လျှောက် စက်မှုလုပ်ငန်းများ တိုးမြှင့်ဖွံ့ဖြိုးရေးအတွက် မြင့်မားစွာ ထားရှိသော မျှော်လင့်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဟု သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

# တောင်ကိုရီးယား တောင်ပိုင်း၌ ချာဘား တိုင်ဖွန်းမုန်တိုင်းတိုက်




**ဆိုးလ် အောက်တိုဘာ ၅**

တောင်ကိုရီးယားနိုင်ငံတောင်ပိုင်းဒေသများ၌ ချာဘားဟု အမည်ပေးထားသော အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ လူသုံးဦးထက်မနည်းသေဆုံးပြီး ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်သော ဘူဆန်မြို့၌ ရေလွှမ်းမိုးမှုဖြစ်ပွားလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျေဂျူးကျွန်း၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် လူတစ်ဦးပျောက်ဆုံးနေပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်ရသည်။

ဘူဆန်ရှိ ပင်လယ်ဆိပ်ကမ်းကို ပိတ်ထားလိုက်ရပြီး ယဲအိုးစုမြို့အနီး ဒုက္ခရောက်နေသော ခရီးသည်တင် သင်္ဘောတစ်စင်းကို ကယ်ဆယ်ရန် ကြိုးပမ်းသည့် ကယ်ဆယ်ရေးအဖွဲ့ဝင် နှစ်ဦးသည် ရေလှိုင်းအတွင်း မျောပါခဲ့သော်လည်း နောက်ပိုင်းတွင် ၎င်းတို့ကို ကယ်တင်ပေးနိုင်ခဲ့သည်။ **ရိုက်တာ။**




# ၂၀၁၆ ခုနှစ် ဓာတုဗေဒနိုဘယ်ဆု နိုင်ငံတကာ သိပ္ပံပညာရှင်သုံးဦး ဆွတ်ခူးခဲ့

**စတော့ဟုမ်း အောက်တိုဘာ ၅**

ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီ၏ ၂၀၁၆ ခုနှစ် ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆုကို နိုင်ငံတကာမှ သိပ္ပံပညာရှင်သုံးဦးက ပူးတွဲဆွတ်ခူးရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာ့အသေးငယ်ဆုံး မော်လီကျူးဆိုင်ရာ စက်ကိရိယာများကို တီထွင်ဖော်ထုတ်နိုင်မှုအတွက် ဂျင်းပရဲဆော်ဗေ့ဂျ်၊ ဆာဖရေဇီ စတော်ဒစ်နှင့် ဘားနတ် ဖာရင်ဂါတို့သည် ၂၀၁၆ ခုနှစ်အတွက် ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆုကို ပူးတွဲဆွတ်ခူးရရှိကြောင်း နိုဘယ်ဆုရွေးချယ်ရေး ကော်မတီက ထုတ်ပြန်ကြေညာသည်။

မော်လီကျူးစကေးဖြင့် အလုပ်လုပ်နိုင်သော စက်ကိရိယာများ ဖော်ထုတ်နိုင်ရေးအတွက် နည်းပညာရပ်ကို ဖော်ထုတ်ခဲ့ကြသော သိပ္ပံပညာရှင် သုံးဦးတို့မှာ နာနိုအရွယ်အစား မော်လီကျူးဆိုင်ရာ စက်ကိရိယာများကို တီထွင်ဖော်ထုတ်နိုင်ခဲ့ကြပြီး ယင်းပုဂ္ဂိုလ်များမှာ ပြင်သစ်နိုင်ငံ စထရာဘိုးတက္ကသိုလ်မှ ပါမောက္ခတစ်ဦး၊ အမေရိကန်ပြည်ထောင်စု အနောက်မြောက်ပိုင်းတက္ကသိုလ်မှ ပါမောက္ခတစ်ဦးနှင့် နယ်သာလန်နိုင်ငံ ဂရိုနင်ဂျင်တက္ကသိုလ်မှ ပါမောက္ခတစ်ဦးတို့ ဖြစ်ကြသည်။

ဆံချည်မျှင်တစ်ချောင်းထက် အဆပေါင်းတစ်ထောင် ပိုမိုပါးလွှာသော အသေးငယ်ဆုံး ဒြပ်ပစ္စည်းများကို နာနိုမီတာစကေးဖြင့် အလုပ်လုပ်နိုင်စေမည့် စက်ကိရိယာများကို ကမ္ဘာ့အသေးဆုံး စက်ကိရိယာများ ဟူ၍ တင်စားခေါ်ဝေါ်သည်။

နာနိုနည်းပညာအရ ရုပ်ပိုင်းနှင့် ဓာတုပိုင်းဆိုင်ရာ ကိုယ်ပိုင်ဂုဏ်သတ္တိများကို အသုံးချနိုင်ရန် သုတေသီတို့က လေ့လာမှုများ ပြုလုပ်လျက်ရှိကြပြီး ကမ္ဘာ့အသေးငယ်ဆုံး စက်ကိရိယာများကို တီထွင်ဖော်ထုတ်နိုင်ရန် ကြိုးပမ်းသူများဖြစ်ကြသဖြင့် နိုဘယ်ဆုအတွက် ရွေးချယ်ခံရခြင်း ဖြစ်သည်။

**ရိုက်တာ။**

# ကမ္ဘာ့ဒုတိယအချမ်းသာဆုံးပုဂ္ဂိုလ် အမေရိကန်နိုင်ငံသား ဂျက်ဖ်ဘီဇိုစ် ဖြစ်လာ

**ဝါရှင်တန် အောက်တိုဘာ ၅**

'အမေဇုန်'အွန်လိုင်းဝန်ဆောင်မှု တည်ထောင်သူ ဂျက်ဖ်ဘီဇိုစ်သည် ကမ္ဘာ့အချမ်းသာဆုံး မိုက်ခရိုဆော့ဖ် တည်ထောင်သူ ဘေလ်ဂိတ်စ်ပြီးနောက် ဒုတိယ အချမ်းသာဆုံး အမေရိကန်လူမျိုးဖြစ်လာကြောင်း အမေရိကန်စီးပွားရေးမဂ္ဂဇင်းတစ်ခု၏ နှစ်စဉ်စစ်တမ်း တစ်ခုအရသိရသည်။

အမေရိကန် စီးပွားရေးမဂ္ဂဇင်း 'ဖော်ဘီးစ်'၏ နှစ်စဉ်ပြုလုပ်သော အမေရိကန်ပြည်ထောင်စုရှိ အချမ်းသာဆုံးသော လူ ၄၀၀ စစ်တမ်းအရ ဂျက်ဖ်ဘီဇိုစ်သည် ဘေလ်ဂိတ်စ်ပြီးနောက် ဒုတိယမြောက်အချမ်းသာဆုံးသော အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်လာခဲ့ကြောင်း သတင်းများအရ သိရသည်။

ဘေလ်ဂိတ်စ်သည် (၂၃) ကြိမ်ဆက်တိုက် အချမ်းသာဆုံးသောလူစာရင်း ၄၀၀ ၏ ပထမနေရာတွင်ရှိနေပြီး ပိုင်ဆိုင်မှုအားဖြင့် အမေရိကန်ဒေါ်လာ ၈၁ ဘီလီယံ ပိုင်ဆိုင်ထားသူဖြစ်သည်။

'အမေဇုန်'အွန်လိုင်းဝန်ဆောင်မှု တည်ထောင်သူ ဘီဇိုစ်သည် ပိုင်ဆိုင်မှုအားဖြင့် အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံရှိပြီး ဒုတိယနေရာရရှိထားသည်။ တတိယနေရာကို ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်သည့် ဝါရန် ဘူဖက်စ်က ပိုင်ဆိုင်မှုအားဖြင့် ဒေါ်လာ ၆၅ ဒသမ ၅ ဘီလီယံဖြင့် နေရာယူထားသည်။

ရီပတ်ပလစ်ကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်သည် ကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံ ပိုင်ဆိုင်ထားကာ သူ့ရှိရင်းစွဲနေရာ (၁၂၁) မှ (၁၅၆)သို့ လျှော့ကျသွားခဲ့သည်။

ဒုတိယအချမ်းသာဆုံးအမေရိကန်နိုင်ငံသား ဂျက်ဖ်ဘီဇိုစ်သည် နည်းပညာဆိုင်ရာ စွန့်ဦးတီထွင်လုပ်ငန်းရှင်ဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံသူနှင့် ပရဟိတဒါနရှင် တစ်ဦးလည်းဖြစ်သည်။ သူသည် 'အမေဇုန်' အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းကို တည်ထောင်သူလည်း ဖြစ်သည်။ ထို့ပြင် သူ၏ အခြားသောလုပ်ငန်းများမှာ လေယာဉ်တည်ဆောက်မှုလုပ်ငန်းနှင့် သတင်းစာလုပ်ငန်းတို့ ဖြစ်သည်။ ၂၀၀၀ ခုနှစ်တွင် ဘလူးအော်ရီဂျင် လေကြောင်း ကုမ္ပဏီကို တည်ထောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် သည်ဝါရှင်တန်ပို့ သတင်းစာကို ဝယ်ယူခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



# မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးနှင့်စပ်လျဉ်း၍ ပြောကြား

**နေပြည်တော် အောက်တိုဘာ ၅**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၄၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း(၈)ခုမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုတင်သွင်းခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းတို့ဆောင်ရွက်ကြသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြည်တွင်း၌ ဦးမော့လာရုံသာမက ပြည်ပဈေးကွက်သို့ပါ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက မြန်မာ့ရုပ်ရှင်လောကသားများအား ထိထိရောက်ရောက် ကူညီပံ့ပိုးပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်က မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြည်တွင်း၌ ဦးမော့လာရုံမျှမက ပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးသည် ကြီးမားသည့်မျှော်မှန်းချက် တစ်ရပ်ဖြစ်ပါကြောင်း၊ အဆိုပါမျှော်မှန်းချက်ဖြစ်မြောက်အောင်မြင်ရေးအတွက် ကဏ္ဍအသီးသီးမှ ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်လုပ်ငန်းလုပ်ကိုင်သူများနှင့် ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် အစိုးရဌာနများပါ ညီညွတ်မျှတစွာ ပူးပေါင်းပါဝင်လုပ်ဆောင်ကြရန်လိုအပ်ကြောင်း၊ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေရှိရန်လိုအပ်သည့် တည်ဆဲရုပ်ရှင်ဥပဒေနှင့် ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေများသည် ယခုအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိတော့သည့်အတွက် ရုပ်ရှင်ဥပဒေအသစ် ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတကာဥပဒေများကိုလေ့လာပြီး ၂၀၁၂ ခုနှစ်မှစ၍ မြန်မာ့ရုပ်ရှင်မူကြမ်းကို ပြန်ကြားရေးဝန်ကြီးဌာနမှ ရေးဆွဲခဲ့ပါကြောင်း၊ အဆိုပါဥပဒေကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြန်လည်စိစစ်သုံးသပ်လျက်ရှိပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းဦးမော့ရေးအတွက် ရုပ်ရှင်ရုံများတည်ရှိရေးသည် အရေးကြီးသည့်ကဏ္ဍတစ်ခုဖြစ်ပါကြောင်း။

မြန်မာ့ရုပ်ရှင်ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုရရှိစေရန် စည်းမျဉ်းစည်းကမ်းနှင့် မူဝါဒများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာရုပ်ရှင်ပွဲတော်များကျင်းပခြင်း၊ နိုင်ငံတကာနှင့် ရုပ်ရှင်ပူးပေါင်းထုတ်လုပ်နိုင်ရေး လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရုပ်ရှင်ဥပဒေတစ်ခု ပေါ်ထွန်းရေးသည် မဖြစ်မနေ လိုအပ်ပါကြောင်း၊ ရုပ်ရှင်ထုတ်လုပ်သူ အနုပညာဖန်တီးသူ ဒါရိုက်တာများအပါအဝင် ရုပ်ရှင်လောကသားများနှင့် မြန်မာ့ရုပ်ရှင်ကိုချစ်မြတ်နိုးကြသည့် ပရိသတ်များကပါ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေရေးဆွဲရေး အပါအဝင်လိုအပ်သည့်အကူအညီများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ သက်ဆိုင်ရာပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။


တွံတေးမဲဆန္ဒနယ်မှ
ဦးမြင့်လွင်


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဖေမြင့်

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း၏ ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုသို့ ရာသီမရွေးဆက်သွယ်သွားလာနိုင်မည့် (အောင်သုခ-ပုန်းအောင်း-ထီပျဉ်)လမ်းပိုင်းအား ကျောက်ချောလမ်းပိုင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်း၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၏ ကမ်းရိုးတန်းဒေသကြီးများတွင် ဝါးလတ်၊ ဝါးတန်းနှင့် ငါးဖမ်းရေယာဉ်များကို ခေတ်မီသံခွံကိုယ်ထည်ဖြင့် ပြည်တွင်း၌ စတင်တည်ဆောက်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ မေးခွန်း၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၏ ထီးချိုင့်မြို့နယ်နှင့် ကောလင်းမြို့နယ်ဆက်သွယ်ထားသော (ထီးချိုင့်-မရသိမ်-တောမ-မော်ကွန်းတိုင်-ကျောက်တန်း)လမ်းပိုင်းပေါ်ရှိ ပျက်စီးနေသော တံတားဟောင်း(၄)စင်းအား ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန်နှင့် မိုင်တိုင် (၀/၀ မှ ၁/၂)အကြား မြို့တွင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက မောက်မယ်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျောက်ချောလမ်း ၂မိုင် ၂ဖာလုံနှင့် ကွန်ကရစ်တံတား(၂)စင်း လျာထားဆောင်ရွက်ရာတွင် လျာထားလမ်း(၂)လမ်းအနက်မှ ဈေးကုန်း-ပြင်သာယာ-ထီတခေါ် ကျောက်ချောလမ်း (၁)မိုင်(၂)ဖာလုံမှာ အောင်သုခ-ပုန်းအောင်း-ထီပျဉ် ကျေးရွာချင်းဆက်လမ်း အရှည်(၁၀)မိုင် (၃)ဖာလုံအပိုင်းတွင် ပါဝင်ပါကြောင်း၊ အောင်သုခ-ပုန်းအောင်း-ထီပျဉ်လမ်း၏ ကျန်ရှိသည့် (၉)မိုင် (၁)ဖာလုံအပိုင်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက် ဦးစားပေးလအတိုင်း လျာထားတင်ပြပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက နိုင်ငံတကာအဆင့်မီ သံခွံကိုယ်ထည် ငါးဖမ်းရေယာဉ်များအဖြစ် အစားထိုးတည်ဆောက်လိုပါက မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ထောက်ခံချက်များဖြင့် ခွင့်ပြုပေးခဲ့ပါကြောင်း၊ ပင်လယ်သယံဇာတထိန်းသိမ်းရေးတွင် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် နှစ်စဉ်မျိုးပြန့်ပွားမှုမရှိဘဲ အများဆုံး ဖမ်းဆီးနိုင်သည့် ပမာဏထက် မကျော်လွန်စေရေးကို မူဝါဒအနေဖြင့် အလေးထား ထိန်းသိမ်းကြပ်မတ်လျက်ရှိရာ စုစုပေါင်းဖမ်းဆီးထုတ်လုပ်ခွင့်ပြုနိုင်မှု ပမာဏမှာ များစွာလျော့နည်းကျဆင်းသွားသဖြင့် လက်ရှိခွင့်ပြုထားသည့် ငါးဖမ်းရေယာဉ်စင်းရေထက် မကျော်လွန်စေရေးအတွက် ခေတ်မီသံခွံငါးဖမ်းရေယာဉ်အသစ် တည်ဆောက်ခွင့်များကို လောလောဆယ် ခွင့်ပြုပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ခေတ်မီသံခွံကိုယ်ထည် ငါးဖမ်း၊ငါးသယ်ရေယာဉ်များအဖြစ် အစားထိုးတည်ဆောက်လိုပါက စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးသွားနိုင်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ထီးချိုင့်-မရသိမ်-တောမ-မော်ကွန်းတိုင်-ကျောက်တန်း လမ်းမကြီးသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် တိုင်းဒေသကြီးအစိုးရမှ စီမံခန့်ခွဲသောလမ်းအဖြစ် သွတ်သွင်းဆောင်ရွက်လျက်ရှိသဖြင့်လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိသဖြင့်လည်းကောင်း၊ လတ်တလော ဆောင်ရွက်မှုပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထားတင်ပြမှုအပေါ် မူတည်၍ တင်ပြပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌက ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးပေးနိုင်ရန် တင်သွင်းသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှ တင်သွင်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲနှင့်အကြောင်းအရာများကို တိကျစွာဖော်ပြ၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြု

**နေပြည်တော် အောက်တိုဘာ ၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၃) ရက်မြောက်နေ့ကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော "မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း"ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုခဲ့သည်။


ကရင်ပြည်နယ် မဲဆန္ဒနယ်
အမှတ် (၆)မှ ဒေါ်နန်းနီနီအေး

တည်ဆဲနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသည် ခွင့်ပြုမိန့်ရရှိရန်အတွက် အဆိုပြုချက်တိုင်းကို ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြရခြင်း၊ နှစ်ရှည်မြေငှားရမ်းခွင့်အတွက် ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရယူရခြင်း၊ အနုညာတ ဖြေရှင်းခြင်းအဆင့်သို့ မရောက်မီ ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည့် နစ်နာမှုဖြေရှင်းသည့် နည်းလမ်းမပါရှိခြင်း၊ နိုင်ငံခြားငွေလွှဲပြောင်းနိုင်ခွင့်တွင် ငွေကြေးဆိုင်ရာ ဖော်ပြချက်များ ပြည့်စုံစွာမပါရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များပြည့်စုံစွာ မပါဝင်ခြင်း၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား များပြားခြင်း၊ ကော်မရှင်၏လုပ်ပိုင်ခွင့်အာဏာ များပြားနေခြင်း၊ ဝင်ငွေခွန်ကင်းလွတ်ခွင့် အလိုအလျောက်ရရှိသည့်အတွက် တိုင်းပြည်ဘဏ္ဍာနစ်နာခြင်းနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှစ်ခုရှိနေသည့်အတွက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ခွဲခြားဆက်ဆံသည်ဟု ထင်မြင်ယူဆခြင်းစသည့် အားနည်းချက်များ ရှိနေကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအတွင်း စီးပွားရေးနယ်ပယ်အသီးသီး၌ ရင်းနှီးမြှုပ်နှံလိုသူ အများအပြားရှိနေပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောလျင်စွာ အတည်ပြုပေးနိုင်ရန် လိုအပ်သဖြင့် ယခုလို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါ်နန်းနီနီအေးက ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြသည့် တိုင်းပြည်များတွင် လူတစ်ဦး၊ တစ်ဖွဲ့၊ တစ်စုကို ဦးတည်သည့် ဥပဒေကိုမပြုရဟု တားမြစ်ထားသကဲ့သို့ ထိုသို့ ဦးတည်ကြသည့် ဥပဒေများသည် ဥပဒေနှင့် မညီသည့် ဥပဒေများဖြစ်ပါကြောင်း၊ ယခုဥပဒေကြမ်းသည် အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်ခြင်းကိုလည်း ထိပါးစေပါကြောင်း၊ လူတစ်ဦး၊ တစ်စု၊ တစ်ဖွဲ့ အကျိုးစီးပွားကိုပဲ ကာကွယ်ပေးထားသည့် ဥပဒေဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံး၏ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုကို ယခုထက် ပိုမိုထိပါးလာစေနိုင်သည့်အပြင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်လည်း ဆန့်ကျင်နေသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေအဖြစ်ပြဋ္ဌာန်း၍မရသည့် ဥပဒေဖြစ်ပါကြောင်း ဆွေးနွေးသည်။

ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်းက ဒီမိုကရေစီတိုင်းပြည်များတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများသည် ဥပဒေအထက်တွင်ရှိသည့် လူသားများ မဟုတ်သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း မဟုတ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို ကာကွယ်ရန် လုပ်သင့်သည့် အလုပ်ကို လုပ်ကိုင်နေကြသော အဖွဲ့အစည်းများဖြစ်ပါကြောင်း၊ ထို့ကြောင့် လုံခြုံရေးတာဝန်ယူရသည့် အဖွဲ့အစည်းများ၏ လုပ်ဆောင်ပိုင်ခွင့်ကို ပိတ်ပင်သည့်ဥပဒေသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်မှုမပြုနိုင်စေရန် ဦးတည်သည့် ဥပဒေဖြစ်ခြင်းနှင့် လက်ရှိအစိုးရအား လုံခြုံရေးဆိုင်ရာကိစ္စများတွင် မျက်စိပိတ်၊ နားပိတ် မဖြစ်စေလိုခြင်းတို့ကြောင့် လက်ရှိအချိန်တွင် ပြဋ္ဌာန်းရန်မသင့်သေးပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက နိုင်ငံသားများ၏ အခွင့်အရေးများကို အကာအကွယ်ပေးသည့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရာတွင် အဆိုပါ ဥပဒေများ၏ ကောင်းကျိုးအနှစ်သာရများကို နိုင်ငံသားများ အမှန်တကယ် ရရှိခံစားနိုင်စေရန်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဥပဒေကို လက်တစ်လုံးခြားလုပ်လို့မရနိုင်သည်အထိ တိကျ ရှင်းလင်းပြတ်သားသည့် ပြဋ္ဌာန်းချက်များဖြစ်ရန် အထူးအရေးကြီးပါကြောင်း ဆွေးနွေးသည်။


ကယားပြည်နယ် မဲဆန္ဒနယ်
အမှတ်(၉)မှ ဦးစိုးသိန်း

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလှဦးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၌ လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံမှု ရပိုင်ခွင့်ရှိသည်ဟု လည်းကောင်း၊ မည်သူ့ကိုယ်မျှ ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့သိက္ခာ ညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်း၊ ပြစ်ဒဏ်ပေးခြင်းမပြုရဟု လည်းကောင်း၊ လူတိုင်းသည် ဥပဒေအရာ၌ လူပုဂ္ဂိုလ်တစ်ဦးဦးအဖြစ် နေရာတိုင်းတွင် အသိအမှတ်ပြုခြင်းကို ခံယူပိုင်ခွင့်ရှိသည်ဟု လည်းကောင်း၊ လူတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ၎င်းအား ခံစားခွင့်ပြုထားသည့် မူလအခွင့်အရေးများကို ဖောက်ဖျက်ခြင်း ခံရလျှင် ထိုသူသည် စီရင်ပိုင်ခွင့်ရှိသော နိုင်ငံတော်ခုံရုံးများ၏ ထိရောက်သော ကုစားပေးမှုကို ရပိုင်ခွင့်ရှိစေရမည်ဟု လည်းကောင်း၊ မည်သူမျှ မတရား ဖမ်းဆီးခြင်း၊ မတရားချုပ်နှောင်ခြင်းနှင့် မတရားစီရင်ခြင်း မခံစေရဟု ဖော်ပြပါရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်၊ လုံခြုံခွင့်အတွက် ပြည်သူများအားလုံး ရရှိခံစားနိုင်ကြရန်နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အချက်များအတိုင်း မြန်မာပြည်သူများ ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် လူ့သိက္ခာ အပြည့်အဝရရှိရန် ယင်းဥပဒေပြဋ္ဌာန်းခြင်းကို လွှတ်တော်က အမြန်ဆုံး အတည်ပြုပေးပါရန် မေတ္တာရပ်ခံပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်းက နိုင်ငံတော်လုံခြုံရေးသည် အဆိုပါ နိုင်ငံတော်ရှိ အစိတ်အပိုင်းအားလုံး၏ လုံခြုံရေးဖြစ်သည်ဟု လက်ခံထားပါကြောင်း၊ နိုင်ငံတော်နယ်နိမိတ်အတွင်း နေထိုင်သည့် ပြည်သူအားလုံး၏ လုံခြုံရေးကို နိုင်ငံတော်က အာမခံထားပါကြောင်း၊

**စာမျက်နှာ ၈ သို့**

# သူဌေးဖြစ်ချင်ပါသလား

## ထင်ကျော်(Organic)



ဓာတ်ပုံ-အေးသန်း

မိမိတို့နိုင်ငံလွတ်လပ်ရေးရသည့်အချိန် ၁၉၄၈ ခုနှစ်မှ ယနေ့အထိဆိုလျှင် ၆၈ နှစ်တိုင်ရှိခဲ့ပြီ ဖြစ်ပါသည်။ ပြည်သူပြည်သားများ ခေတ်စနစ် အမျိုးမျိုးနှင့်တွေ့ကြုံဖြတ်သန်းခဲ့ကြရသည်။ မတည်ငြိမ်မှုများကြောင့် စီးပွားရေးပင် မလုပ်နိုင်ကြဘဲ ဆင်းရဲသားပြည်သူများအဖြစ် ရင်ဆိုင်ရပ်တည်ကြရပါသည်။ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ ဘဝများစွာက အဆင်းရဲဆုံးနိုင်ငံတစ်ခုအဖြစ် စာရင်းဝင်ရန် အားပေးနေသကဲ့သို့ ဖြစ်ရပါ၏။

မည်သူကမျှ ဆင်းရဲမှုကို ခင်တွယ်ဆုပ်ကိုင်ထားချင်မိသည်ဟု မိမိမထင်မိပါ။ ဆင်းရဲမှုကွယ်ပျောက်၍ ချမ်းသာခြင်းဘဝများသို့ ရောက်ရှိရန် ဗဟုသုတ အလင်းရစေရေး၊ ကြီးပွားတိုးတက်စေရန် နည်းလမ်းကို တင်ပြချင်ပါသည်။

နံနက်ပိုင်းမိုးလင်းလာသည်နှင့် လူသားတိုင်း ဝမ်းစာရေးအတွက် အလုပ်လုပ်ကြ၊ အလုပ်ရှုပ်ကြရပါတော့သည်။ ချမ်းသာသူများက ရှာဖွေစုဆောင်းထားသော ငွေကြေးအင်အားအသုံးချ၍ ပေ့ါပေ့ါပါးပါး ဘဝဖြတ်သန်းနေနိုင်ကြပါသည်။ အလုပ်မရှိကြသူများက ငွေရှင်ကြေးရှင်များထံမှ အကြွေးယူကြရသည်။ အတိုးပေး၍ ငွေချေးကြရပါသည်။ ဘဝဖြတ်သန်းရမှုက ဆင်းရဲရခြင်းနှင့်အတူ အတိုးကပါ နှောင့်ယှက်နေခဲ့၍ လုံးလည်ချာလည်ရုန်းကန်ကြရပါသည်။

ဆင်းရဲတွင်းမှ ရုန်းထွက်ချင်ပါလျှင် ဦးစွာအလုပ်လုပ်ကြရပါမည်။ ထို့အပြင် ဝင်ငွေ၊ ထွက်ငွေနှင့် မျှတသော သုံးစွဲမှုကို ဆင်ခြင်သုံးစွဲနိုင်ရပေမည်။ ပြီးနောက် အတိုးနှင့်ယူထားသောငွေကြေးများကို မျှတသင့်လျော်စွာရှင်းလင်းပေးဆပ်ကြရမည်ဖြစ်သည်။

သို့မှသာ အကြွေးကင်းရှင်းသူဖြစ်လာခဲ့ကာ လူချမ်းသာဘဝအစပျိုးကာလသို့ ရောက်ရှိပေလိမ့်မည်။ အချို့က ကံကိုပုံချတတ်ကြပါသည်။ ကံကောင်းသူဖြစ်၍ ချမ်းသာသည်။ ကံမဲ့သူဖြစ်၍ ဆင်းရဲသည်ဟုဆိုကြသည်။ ကံဆိုသည်က အလုပ်သာဖြစ်သည်။ စိတ်စေတနာကောင်းနှင့် နေထိုင်ဆက်ဆံ၍ ကောင်းမွန်သောအလုပ်များလုပ်ကိုင်ကြလျှင် ကံကောင်းသူများ အလိုလိုဖြစ်ရပါသည်။

မှောင်သောညအချိန်အခါများတွင်မှ ကြက်ကလေးများ ဝမ်းစာဝ၍ အိပ်တန်းတက်ကြရသည်။ နံနက်မိုးလင်းသည်နှင့် ဝမ်းစာအတွက် အစာရှာဖွေကြရပြန်သည်။ တိရစ္ဆာန်များသည်ပင် ဝမ်းစာရှာဖွေရေးအလုပ်လုပ်ကြရသည်ပင်ဖြစ်ရာ လူသတ္တဝါများ အလုပ်လုပ်ကြရသည်မှာ ဆန်းကြယ်မှုတစ်ခုဟု ပြောရန်မလုံလောက်ပါချေ။

ဆင်းရဲတွင်းမှရုန်းထွက်၍ အလုပ်လုပ်လိုစိတ်ပြင်းပြစွာဖြင့် ဘဝခရီးဆက်ချင်သည်ဟု ဆိုပါလျှင် ကြီးပွားမည့် နည်းလမ်းမှန်တစ်ခုကို အကြံဉာဏ်ပေးလိုပါသည်။

နည်းလမ်းက နှစ်ရှည်ပင်စိုက်ပျိုးခြင်းဖြစ်ပါသည်။ နှစ်ရှည်ပင်ဆိုသည်မှာ မြန်မာနိုင်ငံ၏ ရွှေနှင့်အလားသဏ္ဌာန်တူသော မြေယာမှ သဘာဝဖြစ်စဉ်နှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာသော ကျွန်းပင်များစိုက်ပျိုးခြင်းကို ဆိုလိုပါသည်။

ကျွန်းပင်သည် နဂိုမူလအစေ့ဘဝကပင် တန်ဖိုးရှိစွာ အဆင့်ဆင့်ဖုံးအုပ်ကာကွယ်ပေးထားပါသည်။ ပထမအလွှာ၏ အပေါ်ဆုံး၌ အဝတ်ဝတ်ဆင်ထားသကဲ့သို့ ကြွစောင်းသည့်အခွံ ပါရှိပါသည်။ ဒုတိယအလွှာအနေဖြင့် အစေ့ကို ရေမစိုစေရန် ကတ္တီပါကဲ့သို့သော အမွေးနုများက ဖုံးအုပ်ပေးထားပါ၏။ တတိယအလွှာအနေဖြင့် မာသောသစ်သားနှင့်မခြား မာကြောသော အသားများက ကာရံ ပေးထားပြန်ပါသည်။ အတွင်း၌ အစေ့နှစ်စေ့ သို့မဟုတ် သုံးစေ့ပါရှိတတ်သည်။ သို့သော် ထိုအစေ့ သုံးစေ့ကို မျိုးချစိုက်ပျိုးပါက နှစ်စေ့ (သို့မဟုတ်) တစ်စေ့သာ အောင်မြင်ကြီးထွားမည်ဖြစ်ပါသည်။

ကျွန်းပင်သည် အစေ့ကာလကပင် ဆန်းကျယ်လှသည်။ ထို့အတူ အပင်ဖြစ်လာခဲ့သောအခါ လူသားအတွက်တန်ဖိုးရှိသော အဖိုးတန်သစ်အဖြစ် လှပစွာ တန်ဆာဆင်နိုင်ပါသည်။

ကမ္ဘာတစ်ဝန်းအတွက် မြန်မာ့ကျွန်းသစ်သည် ရွှေကဲ့သို့တန်ဖိုးရှိခဲ့သည်ပင်ဖြစ်ရာ မြန်မာမင်းများလက်ထက် နယ်ချဲ့အစိုးရဘုံဘေဘားမားသစ်ကုမ္ပဏီက သစ်ခိုးထုတ်ရာတွင် မြန်မာရှင်ဘုရင်က ဒဏ်ရိုက်အပြစ်ပေးခဲ့ရသည်။ ထိုအချက်ကို အစပြု၍ စစ်မက်များပင် ဖြစ်ပွားခဲ့ရပေသည်။ ထိုစဉ်က လူသူအင်အား လက်နက်မမျှ၍ မြန်မာတို့စစ်ရှုံးခဲ့ရသည်။ မြန်မာနိုင်ငံကို ဗြိတိသျှလူမျိုးတို့ သိမ်းပိုက်ပြီးသောအခါ မြန်မာ့ရေမြေရှိ ကျွန်းသစ်များကို စိတ်တိုင်းကျ တိုင်းတစ်ပါးသို့ သယ်ဆောင်ထုတ်ယူသွားခဲ့ကြပါ၏။

အင်္ဂလိပ်အစိုးရက ကျွန်းသစ်များနှင့် သစ်မာများကို မြန်မာပြည်သူများ မခုတ်ရ၊ မသုံးရလေအောင် ကြိုးဝိုင်း၊ ကြိုးပြင်၊ အပမြေ၊ စားကျက်၊ လှည်းလမ်းများဟူ၍ ဥပဒေစည်းကမ်းများ အမျိုးမျိုးသတ်မှတ်လျက် မြန်မာလူမျိုးများ သစ်တောနှင့် ကင်းကွာလာအောင် ရည်ရွယ်လုပ်ဆောင်ခဲ့ကြပါသည်။

သို့နှင့်ပင် မြန်မာလူမျိုးများ သစ်တောနှင့် ပတ်သက်၍ ကြီးပွားရခြင်းလမ်းစများ ဝေးသထက်ဝေးခဲ့ကာ သစ်တောဖြင့် ချမ်းသာရမှုသည် ဆင်းရဲသား မြေပိုင်သူလယ်သမားများနှင့် မသက်ဆိုင်သကဲ့သို့ ဖြစ်ခဲ့ရပေသည်။

တောမှ မြို့သို့ပြောင်း၊ မြို့မှ နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်နေကြရသူများ ရှိနေပါသည်။ ကိုယ့်မြေကိုယ့်ရေကို ပစ်၍ အခြားတိုင်းပြည်ကို အထင်ကြီး လေးစားစွာ သွားရောက်ကြခြင်းဖြစ်ပြီး အချို့အလုပ်အကိုင်အဆင်မပြေခြင်း၊ အသက်အန္တရာယ်များနှင့်ပင် ကြုံတွေ့ရခြင်းများရှိနေပါသည်။

မိမိတို့နိုင်ငံ၏ လူဦးရေနှင့် မြေအနေအထားအဝန်းအဝိုင်းက များစွာကျယ်ပြန့်၍ နှစ်ရှည်ပင်စိုက်ရန် အဆင်ပြေသောဒေသများစွာ ရှိပါသည်။

သစ်တောစိုက်ခင်း တည်ထောင်နိုင်ပါက သင် မုချသူဌေးဖြစ်ရလိမ့်မည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်သူ့ဗဟိုပြုစီမံချက်ဖြင့် နိုင်ငံသားများကို လုပ်ကိုင်ခွင့်များချထားပေးလျက်ရှိရာ လူတစ်ဦးလျှင် ငါးဧကမှ ၁၀ဧကအထိ လည်းကောင်း၊ အရင်းအနှီး ငွေကြေးတတ်နိုင်သူများအား မြေလွတ်မြေရိုင်းဧက ၁၀၀ အထိ နှစ် ၃၀ လုပ်ကိုင်ခွင့်ချထားခွင့်ပြုပေးလျက်ရှိနေပါသည်။

တစ်နေ့အပင် ၁၀၀ စိုက်၊ ၁၀ရက်တွင် အပင် ၁၀၀၀ စိုက်ပြီးဖြစ်လိမ့်မည်။ တစ်ရက်အပင် ၁၅၀ စိုက်သော် ရက်ပေါင်း ၁၀၀ တွင် အပင်ပေါင်း ၁၅၀၀၀ ရရှိနိုင်ပါသည်။ ရက်ပေါင်း ၁၀၀ မျှလောက်ကို ရင်းနှီးမှုမပြုနိုင်လောက်အောင် လုပ်အားအချိန် ဆင်းရဲလိမ့်မည်မဟုတ်ဟု ထင်မြင်မိပါသည်။ ၁၀ နှစ်ခန့်ကြာလာ၍ ကျွန်းတစ်ပင်ကျပ်တစ်သောင်းတန်လာပါက အပင် ၁၀၀၀၀ မှ သိန်းပေါင်းရာနှင့်ချီ၍ ချမ်းသာနိုင်ပါသည်။ ကျွန်းသစ်သည် ခုတ်ယူပြီးသည်နှင့် ပြန်လည်ရှင်သန်ဖြစ်ထွန်းသည်ပင်ဖြစ်ရာ ပတ်လည်ခုတ်ယူသည့်စနစ်ဖြင့် ထုတ်လုပ်နိုင်ပါက ဝင်ငွေ နှစ်စဉ်ရရှိမည်ဖြစ်သည်။

ယခုအခါ တိုင်းတစ်ပါးသားတို့က ကျွန်းလာစိုက်ခဲ့ကြပြီး သူဌေးဘဝအခြေအနေရောက်နေသည့်တိုင် မြန်မာလူမျိုးတို့မှာ မိရိုးဖလာအလုပ်သမားများဘဝ၌ ဆက်လက်ရပ်တည်ဆဲပင်ရှိပါသည်။ ရွှေရောင်လွှမ်းသော ရွှေမြန်မာပြည်သူပြည်သားများအဖြစ် ယခုတင်ပြလာသော စိုက်ပျိုးရေးအစီအစဉ်ကို အိပ်မက်အဖြစ် အကောင်အထည်ဖော်သင့်လှပေသည်။

စိုက်ပျိုးရန်ကြိုးစားဖော်ဆောင်ကြမည့် ကျေးရွာခြံပိုင်ရှင်များ၊ တွင်းစပ်၊ တောင်ခြေ၊ အပမြေ၊ ကြိုးပြင်၊ ကြိုးတွင်းပြုန်းတီးမြေများပါမကျန် ဒေသခံကျေးရွာပြည်သူလူထု ပူးပေါင်းပါဝင်လာပါက စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရမည်က သေချာပါသည်။

သစ်တောနှင့်ပတ်သက်သည့် ငွေကြေး၊ နည်းပညာ၊ အချိုးကျပိုင်ဆိုင်ခွင့်၊ ရှယ်ယာလုပ်ငန်းစနစ်များ ထွန်းကားလာခဲ့ပြီး သစ်တောတည်ထောင်သူတို့ကို ထောက်ပံ့ခြင်း၊ ချေးငွေချပေးခြင်းများကို နိုင်ငံအစိုးရသာမက ပုဂ္ဂလိကကပါ ရှယ်ယာထည့်ဝင်ပေးခြင်း၊ ထုတ်ရောင်းခြင်း၊ ငွေထုတ်ချေးခြင်း၊ သစ်တောစိုက်ခင်းအတွက် ကြိုတင်ဝယ်ရောင်းခြင်းများ ပြုလုပ်ပါက သစ်တောရေးရာဝန်ကြီးဌာနမှ နည်းစနစ်နှင့်အညီ ကူညီဆောင်ရွက်ပေးသင့်ပါသည်။

ငွေပေးခြင်း၊ အကူအညီပေးခြင်းများက လိုအပ်ချက်များကို အဆင်ပြေသလို ဖြည့်စွက်လိုက်သည်ပင်ဖြစ်၍ အကုန်လွယ်ပါသည်။ ဟင်းစားပေးလျှင် တစ်နပ်သာစားခွင့်ကြုံပါမည်။ ငါးမျှားတံပေးပါက ငါးဟင်းနေ့စဉ်စားခွင့်ရနိုင်ပါသည်။ ဒီမိုကရေစီနိုင်ငံတော်တွင် အရွယ်ရောက်သူတိုင်း အလုပ်လုပ်ကိုင်နိုင်သော စီမံကိန်းများရေးဆွဲသင့်သည်။

မြေရှိလျှင် ရွှေအထိဖြစ်နိုင်သော ကျွန်း၊ ပျဉ်းကတိုး စိုက်ခင်းများထူထောင်နိုင်ရန် နိုင်ငံတော်က မြေပေးရုံမျှမကဘဲ သုံးနှစ်သားကျွန်းစိုက်ခင်းပိုင်ဆိုင်လျှင် ကြိုတင်ဝယ်ယူပေးခြင်း၊ ငွေထုတ်ချေးခြင်း၊ ထောက်ပံ့ခြင်း၊ ဆုချီးမြှင့်ခြင်းတို့ဖြင့် လုပ်ဆောင်ပါက သစ်တောလုပ်ငန်းများနှင့် ချမ်းသာသူတောင်သူများတိုးပွားလာနိုင်ပါသည်။

တိုးတက်ချမ်းသာနိုင်သော မြေနေရာနှင့် လုပ်ငန်းလုပ်ကွက်ရှိပါက ရေကြည်ရာမြက်နုရာကို မည်သူမျှ စွန့်ခွာကြမည်မဟုတ်ပါ။ တိုးတက်ကြီးပွားလိုသူတိုင်း တောင်ခြေ၊ တောင်မြေ၊ တောတွင်းစိုက်နိုင်သည့် မြေများတွင် မှန်ကန်စွာအသုံးပြု၍ ရာသီဥတုဂေဟစနစ်ကိုပါ အကျိုးပြုသော နှစ်ရှည်ပင်လုပ်ငန်းကို လုပ်ဆောင်ကြလိမ့်မည်ဟု ထင်မြင်မိပါသည်။

ရေ၊ မြေ၊ သဘာဝက တောင်သူများ၏ လုပ်ကိုင်နိုင်မှုနှင့် နိုင်ငံတော်နှင့် သစ်တောတည်ထောင်လိုသော လူမှုအဖွဲ့အစည်းများ၏ ပံ့ပိုးနိုင်မှုတွင် အခွင့်အလမ်းများအဖြစ် ရှိနေပါသည်။ နိုင်ငံတော်မှ နှစ်ရှည်ပင် သစ်တောတည်ထောင်သူမည်သူ့ကိုမဆို စိုက်ပျိုးပြီး သစ်တောအတွင်းစစ်ဆေးခြင်း၊ ရှင်သန်လာသော သစ်တောစိုက်ခင်းကို သင့်သလို ချေးငွေထုတ်ချေးခြင်းများ လုပ်ဆောင်မှု အားနည်းနေသည်ဟု မှတ်ချက်ပြုချင်ပါသည်။ ထို့ကြောင့်လည်း ပြည်တွင်းမှ တောင်သူလယ်သမားများ၏ လုပ်အား သားသမီးများက အလုပ်အကိုင်မဲ့လျက်ရှိနေပြီး တိုင်းတစ်ပါးသို့ပင် သွားရောက်အလုပ်လုပ်နေသူများ ရှိနေခဲ့ပါသည်။

နှစ်ရှည်ပင်သစ်တော တည်ထောင်သူများအနေဖြင့် ငွေရှိကြောင်း ဘဏ်အထောက်အထားပြသပေးရသည်။ တစ်ဧကလျှင် သုံးသိန်း၊ ဧက ၁၀၀ ကို သိန်း ၃၀၀ အထောက်အထားပြလုပ်ငန်း စတင်ကြရသည်။ ထိုအချက်က လုပ်အားရှိသူတို့အတွက် အခက်တွေ့စေပါသည်။ တောင်သူလယ်သမား လုပ်ကိုင်လိုသူများအနေဖြင့် သိန်း ၃၀၀ ဖြင့် လုပ်ငန်းစတင်ရန် မဖြစ်နိုင်ပါ။

သို့ဖြစ်ပါ၍ ကျေးလက်နေပြည်သူများ သစ်တောများ တည်ထောင်လာနိုင်အောင် လူမှုအသင်းအဖွဲ့များ၊ သစ်တော ချစ်ခင်သူများ၊ သစ်တောတည်ထောင်သူများစုပေါင်းအဖွဲ့ဟူသော ပရဟိတအဖွဲ့များကို နိုင်ငံတော်ဘက်မှပံ့ပိုးကူညီရန်လိုအပ်ပါသည်။ စိတ်ဝင်စားလာအောင် စည်းရုံးဟောပြောပွဲများကျင်းပပေးရမည်ဖြစ်ပါသည်။ ထိုအဖွဲ့များက ကွင်းဆင်း၍ နှစ်ရှည်ပင်သစ်တောတည်ထောင်သူကို ချေးငွေထုတ်ပေးနိုင်ရန် ပံ့ပိုးကူညီမှုများ လုပ်ဆောင်သင့်ပေသည်။

သို့ဖြစ်ပါ၍ ကျေးလက်နေပြည်သူများ သစ်တောများ တည်ထောင်လာနိုင်အောင် လူမှုအသင်းအဖွဲ့များ၊ သစ်တောချစ်ခင်သူများ၊ သစ်တောတည်ထောင်သူများ စုပေါင်းအဖွဲ့ဟူသော ပရဟိတအဖွဲ့များကို နိုင်ငံတော်ဘက်မှပံ့ပိုးကူညီရန် လိုအပ်ပါသည်။ စိတ်ဝင်စားလာအောင် စည်းရုံးဟောပြောပွဲများ ကျင်းပပေးရမည်ဖြစ်ပါသည်။ ထိုအဖွဲ့များက ကွင်းဆင်း၍ နှစ်ရှည်ပင်သစ်တော တည်ထောင်သူကို ချေးငွေထုတ်ပေးနိုင်ရန် ပံ့ပိုးကူညီမှုများ လုပ်ဆောင်သင့်ပေသည်။

သဘာဝကပေးသည့် ရွှေကျွန်းပင်သည် မြေပြင်ပေါ်မှ ရွှေကြောသာဖြစ်၍ သူဌေးဖြစ်နည်းအစစ်ဖြစ်ကြောင်း ပြည်သူများကို သိရှိစေချင်ပါသည်။

ရွှေမှ အောက်ဆီဂျင်မထွက်သော်လည်း ရတနာတန်းဝင်ရွှေကျွန်းပင်သည် ငွေကို လည်းကောင်း၊ ရွှေကိုလည်းကောင်း ဖန်တီးပေးနိုင်ပြီး အောက်ဆီဂျင်နှင့်သက်ရှိလောကတစ်ခုလုံးအား အပြန်အလှန်သဟဇာတဖြစ်စေသည့် ရေနှင့် မြေဆီကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပင် ဖြစ်သည်။ တောင်ကတုံးဖြစ်နေသော ဒေသကို သစ်ပင်သစ်တောအဖြစ် ပေါ်ပေါက်စေပြီး ကျေးငှက်သာရကာ သတ္တဝါအပေါင်းတို့ကို နားခိုစရာအရိပ်ပေးစွမ်းနိုင်ပါသည်။

သင်ယနေ့အသက်ရှည်နေခြင်းသည် ရှူသွင်း၍ရသော သန့်စင်သည့်လေထုရှိနေ၍ ဖြစ်ပါသည်။ လေထုတွင် အောက်ဆီဂျင်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်များ တွဲလျက်ပါရှိပါသည်။ ပတ်ဝန်းကျင်တွင် လူသားနှင့်သတ္တဝါများအတွက် အကျိုးပြုသော အောက်ဆီဂျင်ကို သစ်ပင်များမှ ကာဗွန်ဒိုင်အောက်ဆိုက်နှင့်ဖလှယ်၍ ထုတ်လုပ်ပေးလျက်ရှိနေသည်။

လူသားအကျိုးပြုရန် "သင်သစ်ပင်စိုက်ပျိုးဖူးသလား"ဟု အမေးရှိခဲ့လျှင် မြို့နေပြည်သူလူထုအတွက် အဖြေခက်မည်က သေချာပါသည်။ သစ်ပင်စိုက်မှ အောက်ဆီဂျင်လေရှူသွင်းခွင့်ပြုမည်ဟု ဆိုလျှင် လူတိုင်းသစ်ပင်စိုက်သင့်သည်ဟု စာရေးသူက အဖြေပေးချင်မိပါသည်။

နှစ်ရှည်ပင်ကျွန်းသစ်ကို အစေ့မှ အစပျိုး၍ စိုက်ပျိုးခြင်းကြောင့် လုပ်အားနှင့် အကျိုးပြုသူများ၊ ငွေပံ့ပိုးသူများ၊ အပင်ဖြစ်ခဲ့ချိန်တွင် ထွက်ပေါ်ဖြစ်ထွန်းလာမည့် အသုံးအဆောင်ပစ္စည်းများအတွက် ရေရှည်မျှော်တွေးကာ ဝင်ငွေကောင်းသော ရတနာတန်းဝင်ရွှေကျွန်းပင်ပိုင်ရှင် ရွှေမြန်မာများဖြစ်နိုင်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

# အိမ်ဆောက်ရေရှာ၊ သာယာရှုခင်း၊ တို့ဖန်ဆင်း

## မင်းသိမ်း(နေပြည်တော်)

၁၉၈၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် (၄၅)ကြိမ်မြောက် အထွေထွေညီလာခံကြီးတွင် သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်၏ "အိုးအိမ်မဲ့သူများ အမိုးအကာရရှိရေး နိုင်ငံတကာနှစ်" သတ်မှတ်ပေးရန် အဆိုပြုချက်အရ ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ၁၉၈၇ ခုနှစ်ကို "အိမ်ရာမဲ့များ အမိုးအကာရရှိရေး နိုင်ငံတကာနှစ် (INTERNATIONAL YEAR OF SHELTER FOR HOMELESS)" အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ် အောက်တိုဘာလ ပထမပတ် တနင်္လာနေ့ကို "WORLD HABITAT DAY" အဖြစ် သတ်မှတ်ခဲ့ပါသည်။ ရည်ရွယ်ချက်မှာ နိုင်ငံတကာရှိ ဝင်ငွေနည်းသူများ၏ အိမ်ရာနှင့် လူနေရပ်ကွက်များကို တိုးတက်မြင့်မားမှုရရှိစေရန်နှင့် တိုးတက်မြင့်မားလာသည့် နည်းလမ်းများကို ပိုမိုကောင်းမွန်လာအောင် ကြံဆရန်တို့ပင်ဖြစ်ပြီး ယခုနှစ်အတွက် အောက်တိုဘာ ၃ ရက်သည် "WORLD HABITAT DAY"ပင် ဖြစ်ပေသည်။

လူဦးရေ တစ်နေ့တခြားတိုးပွားလျက်ရှိသည့် ယနေ့ကမ္ဘာကြီးတွင် သင့်တင့်လျောက်ပတ်သည့်နေထိုင်မှုမျိုး ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြီးမားသော လူမှုရေးလုပ်ငန်းတစ်ရပ်အဖြစ် အလေးအနက်ခံယူကျင့်သုံး ကြိုးပမ်းနေချိန်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့်လည်း ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ နေရေးအတွက် မည်မျှပင်ကြိုးစားအားထုတ်ဆောင်ရွက်စေကာမူ အိမ်ရာလိုအပ်ချက်သည် မည်သည့်အခါမှ အဆုံးသတ်မည့်ကိစ္စမဟုတ်၍လူတွေရှိနေသမျှ အိမ်ရာကိစ္စသည် ရှိနေမည်သာ ဖြစ်ပေသည်။ သို့ရာတွင် စရိတ်စကသက်သာသော ဆောက်လုပ်ရေးနည်းစနစ်များ တီထွင်ဖြန့်ဖြူးခြင်း၊ ဒေသထွက်ပစ္စည်းများကို အသုံးပြု၍ တီထွင်စမ်းသပ်ထုတ်လုပ်ရန်နှင့် နည်းပညာဖြန့်ဖြူးခြင်း၊ သာယာသည့်ပတ်ဝန်းကျင်ရရှိရေးအတွက် ရေ၊ မီး၊ သန့်ရှင်းရေးလုပ်ငန်းများကို စရိတ်စကအနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများတီထွင်၍ နည်းပညာများ ဖြန့်ဖြူးနိုင်ခြင်းသည် ရေရှည်သွားရမည့် အိမ်ရာကဏ္ဍတွင် အထူးအရေးကြီးပေသည်။

နိုင်ငံတစ်နိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် အိမ်ရာဖွံ့ဖြိုးရေးသည် အခြေခံကျပေ၏။ အထူးသဖြင့် မြို့ပြများသို့ရွှေ့ပြောင်းလာသည့် လူဦးရေသည် သာမန်လူဦးရေ တိုးပွားမှုနှုန်းထက် အဆပေါင်းများစွာ တိုးတက်လျက်ရှိသဖြင့် မြို့ပြလူနေထူထပ်မှုကို ဖြေရှင်းရေးသည် အဓိကဖြစ်ပေ၏။ ထိုသို့ဖြေရှင်းရာတွင် တစ်မျိုးသားလုံးဆိုင်ရာ လမ်းညွှန်ချမှတ်ခြင်းနည်းဖြင့် ဆောင်ရွက်ရမည့်အစား စီမံကိန်းတစ်ခုအနေဖြင့်သာ ဆောင်ရွက်နိုင်ခဲ့ကြခြင်းသည် အဓိကချို့ယွင်းမှုတစ်ခုပင်ဖြစ်ပေ၏။

ထို့အပြင် အဓိကကျသည့်မြို့ကြီးများ၏ မြေအသုံးချမှုနှင့် မြို့ပြဖွံ့ဖြိုးရေး အလားအလာများ (LAND USE DEVELOPMENT AND TOWN DEVELOPMENT TRENDS OF CITIES) ကို လေ့လာဆန်းစစ်ခြင်း၊ နှစ်ရှည်စီမံကိန်းများရေးဆွဲခြင်းနှင့် ကာလအပိုင်းအခြားအလိုက် အသေးစိတ်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်းတို့တွင် အားနည်းလျက်ရှိကြောင်း တွေ့ရှိရပေသည်။ ထို့ထက် မြို့ပြလူဦးရေတိုးပွားမှု၏ အကျိုးဆက်များအား ရင်ဆိုင်ဖြေရှင်းရန် အသင့်အနေအထားမျိုးရှိနေခြင်းက အဆိုးဆုံးပင်ဖြစ်သည်။

မြို့မြေအသုံးချရာတွင် အိမ်ရာများအတွက် လျာထားသည့်ဧရိယာ၊ လူမှုရေး၊ စီးပွားရေး၊ စက်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သတ်မှတ်ထားရန်လိုအပ်သည့် ဧရိယာ၊ အပန်းဖြေဧရိယာဟူ၍ အခြေခံအားဖြင့် သုံးမျိုးခွဲခြားသတ်မှတ်ပေးရန်လိုပါသည်။ ထို့အပြင် တည်ငြိမ်သော အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများနှင့်ပတ်သက်၍ လျော်ကန်သော လူမှုစီးပွားရေးလုပ်ငန်းများအတွက်လည်း အိမ်ရာများအတွက် လျာထားသည့် ဧရိယာများနှင့် သွားလာမှုလွယ်ကူအဆင်ပြေစေသည့် နေရာများတွင် ထားရှိရန်လိုအပ်ပြီး ကုန်ကြမ်း၊ ကုန်ချောသွင်းထုတ်နိုင်သည့်နေရာများတွင်လည်း ဖြစ်စေရန်လိုအပ်ပါသည်။

**စီးပွားရေးစနစ်ပုံစံများ ပြောင်းလဲလာသလို လူဦးရေပျံ့နှံ့မှုပုံစံသည်လည်း အစဉ်ပြောင်းလဲလျက်ရှိရာ လှပသည့် လူမှုပတ်ဝန်းကျင်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အစိုးရ၏ဦးဆောင်မှုဖြင့် ပြည်သူလူထုနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ကာ ပါဝင်သူများအားလုံးက အကျိုးရလဒ်များကို အသီးသီးခံစားခွင့် WIN-WIN SITUATION ရရှိနိုင်မည့် နည်းလမ်းများဖြင့် ကျယ်ပြန့်စွာဆောင်ရွက်ကြဖို့လို**

အထူးသဖြင့် မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းမှုများတွင် ရန်ကုန်မြို့၌ အိမ်ရာပြဿနာများဖြေရှင်းရန်အတွက် အဆင့်နိမ့်မြို့များ အဆင့်မြှင့်တင်ခြင်း (SLUM UP GRADING SCHEMES)၊ မြို့သစ်များ တည်ဆောက်ခြင်း (SITE SERVICES SCHEMES)၊ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ (LOW COST HOUSING PROJECTS)၊ အဆင့်မြင့်အိမ်ရာများ တည်ဆောက်ခြင်း (HIGH GRADE HOUSING PROJECTS)၊ တဲပေါ်မှ တိုက်ပေါ်တင်ခြင်း (HUT TO APARTMENT SCHEMES)နှင့် စက်မှုဇုန်၊ စက်မှုမြို့များ တည်ဆောက်ခြင်း (DEVELOPMENT OF INDUSTRIAL ZONE AND CITY OF INDUSTRY) စသည်ဖြင့် ပုံစံအမျိုးမျိုး ဖြေရှင်းနိုင်ရန် ဆောင်ရွက်ခဲ့ကြသော်လည်း အိမ်ရာကိစ္စကို အစုလိုက်အဖွဲ့လိုက် တစ်ခုချင်း အိမ်ရာစီမံကိန်းချဆောင်ရွက်ခြင်း (HOUSING PROJECT) ထက် အိမ်ရာများဆောက်လုပ်နိုင်ဖို့ အစီအစဉ်ချမှတ်ခြင်း (HOUSING PROCESS) အနေဖြင့်သာ ဆောင်ရွက်ရပေမည်။ အိမ်ရာဆောက်လုပ်ရောင်းချသည့်စနစ် (SUPPLY ORIENTED SCHEMES) ကို အားပေးခြင်းသည် လူနည်းစုအတွက်သာလျှင် အကျိုးခံစားခွင့်ရှိပြီး ပြည်သူလူထုက မိမိတို့အစီအစဉ်ဖြင့် အိမ်ရာဆောက်လုပ်နိုင်လာစေရန် အားပေးမှုစနစ် (ENABLING ORIENTED SCHEMES) ကို တွန်းအားပေးရန် လိုပေသည်။

မြန်မာ့အိမ်ရာသမိုင်းကို ပြန်ကြည့်လျှင် ပြည်သူများ၏ နေထိုင်ရေးပြဿနာကို ထိရောက်စွာဖြေရှင်းပေးနိုင်ခဲ့သည့် စီမံကိန်းများရှိခဲ့ပါသည်။ ၁၉၅၈ ခုနှစ်က ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်သည့် အိမ်စောင့်အစိုးရလက်ထက်တွင် ပြည်တွင်းစစ်ကြောင့် ရန်ကုန်မြို့နှင့် အခြားမြို့များတွင် အလွန်လျင်မြန်စွာ လူဦးရေတိုးခဲ့ပြီး ကျူးကျော်ရပ်ကွက်များနှင့် အိုးမဲ့အိမ်မဲ့ ဆင်းရဲသားများစွာ ပေါ်ပေါက်ခဲ့ပါသည်။ လမ်းဘေးလူသွားစင်္ကြံတွင် တဲထိုးပြီး နေထိုင်ကြသူများရှိခဲ့သလို ယခုတော်လှန်ရေးပန်းခြံရှိသည့်နေရာတွင်ပင် တဲအိမ်များဖြင့် ပြည့်လျက်ရှိရာ ၁၉၅၈ ခုနှစ်တွင် သာကေတ၊ တောင်ဥက္ကလာပနှင့် မြောက်ဥက္ကလာပ စသည့်မြို့ကြီးများကို တည်ဆောက်ပြီး နေရာချထားပေးခဲ့ပါသည်။ ထို့နောက် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင်လည်း မြင်သာ၊ သုဝဏ္ဏ အစရှိသည့် မြို့သစ်များကို တည်ဆောက်ခဲ့ပြီး ရန်ကင်းဦးဝိစာရ၊ ကန်တော်ကလေး၊ သမိုင်းအစရှိသည့် အိမ်ရာစခန်းများကိုလည်း တိုးချဲ့တည်ဆောက်ခဲ့ပေသည်။ တစ်ဖန် မန္တလေး၊ မြစ်ကြီးနား၊ ဟားခါး၊ တောင်ကြီး၊ ထားဝယ်၊ မကွေး၊ တောင်ငူ အစရှိသည့် မြို့ပေါင်းများစွာတွင်လည်း အိမ်ရာစခန်းများ ဖွင့်လှစ်ခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်နှင့် ပြည်သူပူးပေါင်းအကောင်အထည်ဖော်သည့် စုပေါင်းအိမ်ပိုင်စီမံကိန်း၊ လုပ်အားပေးအိမ်ရာစီမံကိန်းနှင့် အပြီးအပိုင်ရောင်းချသည့် အိမ်ရာစီမံကိန်းများကိုလည်း တိုးချဲ့တည်ထွင် အကောင်အထည်ဖော်ခဲ့ပါသည်။

သို့ရာတွင် အိမ်ရာဆောက်လုပ်သည့် လုပ်ငန်းသည် အခြားစက်မှုလုပ်ငန်းများနှင့် နှိုင်းယှဉ်လျှင် နိုင်ငံ၏ စီးပွားရေးကို အကျိုးဖြစ်ထွန်းမှု နည်းပါးသည်ဟူသော ယူဆချက်များကြောင့် နိုင်ငံတော် စီမံကိန်းများရေးဆွဲရာတွင် ဦးစားပေးလေ့မရှိခဲ့သဖြင့် ရရှိဘဏ္ဍာငွေဖြင့် တည်ဆောက်ရရှိသည့် အခန်းများအား နေရာချထားရာတွင် အမြဲပြဿနာပေါ်ခဲ့ပါသည်။ DEMAND နှင့် SUPPLY မမျှတ၍ အများအပြောလွတ်အောင် ကံဆိုး ကံကောင်း မဲနှိုက်နေရာချထားခြင်းထက် (CRITERIA USED IN ALLOCATING UNITS) ဟု ခေါ်သည့် အိမ်ခန်းချထားမှုစနစ်သုံးနိုင်လျှင် ပို၍သင့်တော်ပါသည်။ သို့ရာတွင် ယုံကြည်မှုတည်ဆောက်ခြင်း (TRUST BUILDING) အပိုင်းမှာ အားနည်းနေ၍ အပြန်အလှန်လေးစားမှု၊ နားလည်မှု ပြဿနာတစ်ရပ်မှာ အိမ်ရာယဉ်ကျေးမှုအတွက် များစွာအဟန့်အတားဖြစ်စေခဲ့ပါသည်။ လက်ဆုပ်လက်ကိုင်ပြုလို့မရသည့် အသိပညာ (TACIT KNOWLEDGE) ပါ၊ ပင်ကိုစွမ်းရည် (TALENTS)၊ အတွေ့အကြုံ (EXPERIENCE) နှင့် အရည်အချင်း (ABILITIES) ရှိသူများ မြန်မာနိုင်ငံတွင်လည်း များစွာရှိပေသည်။ သို့ဖြစ်ရာ ယခုအချိန်အခါသည် ပြန်လည်တည်ဆောက်နေရသည့် အချိန်ဖြစ်၍ တစ်ဦးချင်းစီအနေဖြင့် ကိုယ်သက်ဆိုင်ရာ နယ်ပယ်အလိုက် အောင်မြင်အောင်၊ ထူးချွန်အောင် ကြိုးစားနိုင်ပါမှ မိမိတိုင်းပြည်၏ အဆင့်အတန်းသည် အလိုလို လိုက်မြင့်လာပေမည်။ နိုင်ငံတော်က နွမ်းနေရင်တောင်မှ ကိုယ်ကလန်းနေရင် နွမ်းနေသည့် နိုင်ငံတော်ကြီးကို လန်းနေအောင် ဆောင်ရွက်နိုင်ကြပေလိမ့်မည်။

စီးပွားရေးစနစ်ပုံစံများ ပြောင်းလဲလာသလို လူဦးရေပျံ့နှံ့မှုပုံစံသည်လည်း အစဉ်ပြောင်းလဲလျက်ရှိရာ လှပသည့် လူမှုပတ်ဝန်းကျင်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အစိုးရ၏ အထောက်အပံ့အကူအညီ အများဆုံးဖြစ်ရေး၊ အစိုးရမှ တိုက်ရိုက်ပါဝင်မှု အနည်းဆုံးဖြစ်ရေး၊ ပြည်သူများ၏ ပါဝင်ဆောင်ရွက်မှု အများဆုံးဖြစ်ရေးကို ဦးတည်လျက် အစိုးရ၏ ဦးဆောင်မှုဖြင့် ပြည်သူလူထုနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ကာ ပါဝင်သူများအားလုံးက အကျိုးရလဒ်များကို အသီးသီးခံစားခွင့် WIN-WIN SITUATION ရရှိနိုင်မည့် နည်းလမ်းများဖြင့် ကျယ်ပြန့်စွာဆောင်ရွက်ကြဖို့ လိုပေသည်။

သို့ဖြစ်၍ အလုပ်ကို သူမတူအောင် ကြိုးစားခြင်း၊ အသိပညာ၊ အတတ်ပညာ တိုးပွားမှုကို အလေးထားခြင်း၊ သင်ကြားမှုကို အသက်ထက်ဆုံးပြုလုပ်ခြင်း၊ တိုးတက်ပြောင်းလဲနေသည့် အခြေအနေနှင့် အချိန်အခါအရ ရရှိလာသည့် အခွင့်အရေးကို လက်လွတ်မခံဘဲ အပြည့်အဝ အမိအရ ဆောင်ရွက်တတ်ခြင်းနှင့် ချေးငှားအကူအညီများအား အကျိုးရှိရှိ အသုံးချခြင်းဖြင့် စနစ်တကျ ဆောင်ရွက်ပါက **"စိတ်ကူးယဉ် အိပ်မက်တော့ မဟုတ်ခဲ့ပါ၊ မျက်ဝါးထင်မြင်ရတာ အမှန်တကယ်ပါ၊ နိုင်ငံတော်၏ စေတနာ၊ အများပြည်သူတွေလည်းဝမ်းသာ"** ဆိုတာမျိုး ပေါ်ပေါက်လာစေချင်ပါကြောင်း WORLD HABITAT DAY အား ဂုဏ်ပြုရေးသားဖော်ပြလိုက်ရပေသည်။ ။

■




မန္တလေးတိုင်းဒေသကြီး ၂၀၁၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ကျင်းပရာ အမှတ်(၇)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက အသီးတစ်ရာအညှာတစ်ခုတေးသရုပ်ဖော်ဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး အငြိမ်းစားတိုင်းဒေသကြီး ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများအား မန္တလေးမြို့ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ဆရာ ဆရာမများက ကန်တော့ပြီး ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများကိုယ်စား တိုင်းဒေသကြီးပညာရေးမှူး(ငြိမ်း)ဦးသိန်းက ဆုပေးစကား ပြောကြားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## ပြည်တွင်းရေးရာ

**■ဓာတ်အားလိုအပ်ချက်မှ**

ထို့ပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည်လည်း မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ရေအားမှ လျှပ်စစ်ဓာတ်အားထုတ်ယူရန် အချိန်ပေးရသည့်အတွက် လတ်တလောစွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းများကို ပြန်လည်သုံးသပ်ပြီး နိုင်ငံတော်သို့ တင်ပြသွားရန် လိုအပ်ပါကြောင်း၊ အနာဂတ်တွင် ကြုံတွေ့ရမည့် ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်မည့် အရင်းအမြစ်များကို အခြေခံ၍ စီမံချက်ရေးဆွဲဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဘီလူးချောင်း အမှတ်(၂)စက်ရုံ ရှုရပ်မှ ရေယူ အဆောက်အအုံ၊ ရေသွယ်ပိုက်လိုင်း၊ ဓာတ်အားထိန်းချုပ်ခန်း၊ ဓာတ်အားပို့လွှတ်ရေးလိုင်းများကို ကြည့်ရှုလေ့လာသည်။

ဘီလူးချောင်း အမှတ်(၂)စက်ရုံသည် လွိုင်ကော်မြို့ အရှေ့တောင်ဘက် ၁၄ မိုင်ခန့်အကွာ ဘီလူးချောင်း၏ လက်ယာဘက်ကမ်း၌ ၁၉၅၄ ခုနှစ်တွင် ပထမအဆင့် စက်သုံးလုံး စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၀ ခုနှစ်တွင် (၈၄) မဂ္ဂါဝပ် ဓာတ်အား စတင်ထုတ်လုပ်ဖြန့်ဖြူးပေးသည်။ ၁၉၇၀ ခုနှစ်တွင် (၂၈)မဂ္ဂါဝပ် စက် သုံးလုံး စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ဓာတ်အားဖြန့်ဖြူးပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဘီလူးချောင်း အမှတ်(၃)စက်ရုံသို့ ကြည့်ရှုလေ့လာရာ အနာဂတ်စွမ်းအင်ကုမ္ပဏီမှ တာဝန်ရှိသူများက စီမံကိန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့သို့ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ် ဒေသခံဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဘီလူးချောင်း အမှတ်(၃)စက်ရုံကို ၂၀၀၈ ခုနှစ်တွင် (၂၆) မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နိုင်သည့် စက်နှစ်လုံး တပ်ဆင်တည်ဆောက်ခဲ့သည်။ ၂၀၁၄ ခုနှစ်၌ ဓာတ်အား (၅၂) မဂ္ဂါဝပ် စတင်ထုတ်လုပ်ခဲ့သည်။ ဘီလူးချောင်း အမှတ်(၃)စက်ရုံကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် အနာဂတ်စွမ်းအင်ကုမ္ပဏီတို့ နားလည်မှုစာချွန်လွှာရေးထိုး၍ စီးပွားဖြစ်ဓာတ်အား ထုတ်လုပ်ရေးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် စတင်ဆောင်ရွက်ခဲ့သည်။ အဆိုပါစက်ရုံတွင် ကယားပြည်နယ်မှ ဒေသခံဝန်ထမ်း ၁၄၈ ဦး နှင့် ကျွမ်းကျင်ဝန်ထမ်း ၁၀ ဦး စုစုပေါင်းဝန်ထမ်း ၁၅၈ ဦးဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ဓာတ်အားပေးစက်ရုံများမှ ရေအားလျှပ်စစ် ၃၁၈၁ မဂ္ဂါဝပ်၊ ဓာတ်ငွေ့သုံးနှင့် စွန့်ပစ်အပူသုံး ၁၃၄၄ မဂ္ဂါဝပ်၊ Gas Engine ၅၇၀ မဂ္ဂါဝပ်နှင့် ကျောက်မီးသွေးသုံး မဂ္ဂါဝပ် ၁၂၀ စုစုပေါင်းစက်တပ်ဆင်အင်အား ၅၂၁၅ မဂ္ဂါဝပ် ဖြန့်ဖြူးပေးလျက်ရှိပြီး ဘီလူးချောင်း စက်ရုံ သုံးရုံ၏ စုစုပေါင်းစက်တပ်ဆင်အင်အား ၂၄၈ မဂ္ဂါဝပ်သည် တစ်နိုင်ငံလုံး၏ ၄ ဒသမ ၇ ရာခိုင်နှုန်းတွင် ရှိသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ လွိုင်ကော် - လောပိတ လမ်းပေါ်ရှိ ဘီလူးချောင်းဖြတ်တံတား (ရှမ်းပိုင်း)ကို သံကူကွန်ကရစ် တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် လွိုင်ကော်မြို့ ကန္တရဝတီလမ်းရှိ ပြည်သူ့ဝန်ဆောင်မှုရုံး၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယသမ္မတသည် လွိုင်ကော်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဒေါက်တာထွန်းနိုင်တို့က ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ကယားပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မျက်မြင်တွေ့ရှိနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးသည် ယခင်က ခက်ခဲခဲ့သော်လည်း ယခုပိုမိုကောင်းမွန်လာသည်ကိုတွေ့ရပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဒေသအတွင်း အလုပ်အကိုင်ရရှိမှုနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊

မကြာမီကာလအတွင်း အမေရိကန်နိုင်ငံမှ စီးပွားရေးပိတ်ဆို့မှုများကို တရားဝင်ရုပ်သိမ်းပေးမည့်အပြင် စီးပွားရေးဆိုင်ရာ အထူးကင်းလွတ်ခွင့်များလည်း ရရှိတော့မည်ဖြစ်ပါကြောင်း၊ အဆိုပါအခွင့်အလမ်းများကိုရယူ၍ မိမိဒေသတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေးအတွက် အပြိုင်အဆိုင် ဆွဲဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်းသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒေသအတွင်းရှိ ခရီးသွားနေရာများ၊ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်ရန် အလားအလာကောင်းမွန်သည့် နေရာဒေသများကို စနစ်တကျလေ့လာသုံးသပ်ပြီး အသင့်ပြင်ဆင်ထားရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အန္တရာယ်တစ်ခုဖြစ်သည့် မူးယစ်ဆေးဝါးနှင့် မူးယစ်စေတတ်သော ဆေးဝါးများကို အားလုံးက ဝိုင်းဝန်းပူးပေါင်းတိုက်ဖျက်သွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်၊ အမျိုးသားလုပ်ရှားမှုအသွင် ဆောင်ရွက်ရာတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် အထူးအရေးကြီးပါကြောင်း၊ အရက်အပါအဝင် မူးယစ်ဆေးဝါးများကို လူငယ်များနှင့် အလှမ်းဝေးအောင် ဒေသခံပြည်သူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် လုပ်ကိုင်ဆောင်ရွက်သင့်သည်များကို ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် လွိုင်ကော်မြို့နယ် လင်ဖုံလေးကျေးရွာရှိ တောင်သူဦးမောင်ရိန်း၏ အောင်မြင်ဖြစ်ထွန်းနေသည့် စီပီစပ်မျိုးပြောင်း စိုက်ခင်းအား ကြည့်ရှုသည်။

ဆက်လက်၍ ဖယ်ခုံမြို့နယ် ဖယ်ခုံ - ညောင်ရွှေမော်တော်ဆိပ်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ခရီးသွားလုပ်ငန်းသတင်းအချက်အလက် စင်တာကို ကြည့်ရှုလေ့လာသည်။

ဖယ်ခုံမြို့နယ်မှ ညောင်ရွှေမြို့နယ် အင်းလေးကန်သို့ စက်တပ်မော်တော်လှေဖြင့် လေးနာရီကြာ ခရီးသွားလုပ်ငန်းသစ်ကို လာမည့်ခရီးသွားရာသီတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**❑ စာမျက်နှာ ၅ မှ**

တစ်ဦးတစ်ယောက်ချင်း၏ လုံခြုံရေးကို နိုင်ငံသားဖြစ်မှုနှင့် အာမခံပေးထားပြီး နိုင်ငံတော်လုံခြုံနေသမျှကာလပတ်လုံး လူတစ်ဦးချင်းစီလည်း လုံခြုံမှုရှိနေမည်ဖြစ်ပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများကလည်း နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကိုရှေးရှု၍ အလေးထားဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

လူပုဂ္ဂိုလ်လုံခြုံရေးကို ဦးစားပေးလွန်းပါက နိုင်ငံတော်လုံခြုံရေးတာဝန်ကို ထမ်းဆောင်ကြသူများအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကန့်သတ်ချက်များ၊ တားမြစ်ချက်များကြောင့် အခက်အခဲများစွာကြုံတွေ့လာနိုင်သည့်အပြင် နိုင်ငံတော်လုံခြုံရေး ကျိုးပေါက်သွားနိုင်ပါကြောင်း။

လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် ရေရှည်အကျိုးကို မျှော်ကိုးသင့်ပါကြောင်း၊ သေသေချာချာသုံးသပ်ကာ ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ်ရေးဆွဲ အတည်ပြုပြီး အကျိုးစီးပွားခိုင်မာသည့် ဥပဒေတစ်ရပ်ဖြစ်သင့်ပါကြောင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားလုံခြုံရေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ဥပဒေများဖြစ်သင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်စံဦးက ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ဦးစားပေးလွန်းပါက နိုင်ငံတော်လုံခြုံရေးတာဝန် ထမ်းဆောင်နေရသူများအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကန့်သတ်ချက်၊ တားမြစ်ချက်များကြောင့် နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်သောကိစ္စရပ်များကို စုံစမ်းထောက်လှမ်းခြင်း မပြုနိုင်တော့သဖြင့် အခက်အခဲများစွာ ကြုံတွေ့လာနိုင်ပြီး နိုင်ငံတော်လုံခြုံရေး ကျိုးပေါက်နိုင်ပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ် သယ်ယူဖြန့်ဖြူးမှု၊ လူကုန်ကူးမှု၊ နိုင်ငံဖြတ်ကျော်မှုခင်းကျူးလွန်မှု၊ ဆိုက်ဘာတိုက်ခိုက်မှုစသည်တို့ကို ကျူးလွန်မည့်သူများအား အကာအကွယ်ပေးရာ ရောက်နိုင်ပါကြောင်း ဆွေးနွေးသည်။

**"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာဆောင်ရွက်ရန် ဥက္ကဋ္ဌက ဆုံးဖြတ်သည်။

**(သတင်းစဉ်)**

## ချောင်းဆိုး၍ အပြင်းဖျားရောဂါဖြစ်ပွားခဲ့သည့်ကျေးရွာသို့ တပ်မတော်ဆေးကုသရေးအဖွဲ့ သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ဂဂေါကျေးရွာအုပ်စု ဒဂါးကျေးရွာ၌ ကလေးငယ်များ၏ ခန္ဓာကိုယ်တွင် အပူဖုများပေါက်ကာ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်းနှင့် ဖျားနာခြင်းများ ဖြစ်ပွားခဲ့ရာ လူကြီးများကိုပါ ကူးစက်ခဲ့သောကြောင့် စုစုပေါင်း ၃၀၀ ခန့် ရောဂါဖြစ်ပွားခဲ့ပြီး လူကြီး သုံးဦး၊ ကလေးနှစ်ဦး သေဆုံးခဲ့ကြောင်း ကျေးရွာနေပြည်သူတစ်ဦးက နန်းယွန်းပြည်သူ့ဆေးရုံသို့ စက်တင်ဘာ ၂၉ ရက်တွင် အသိပေးအကြောင်းကြားခဲ့သည်။

အဆိုပါရောဂါ ဖြစ်ပွားခဲ့သည့်ကျေးရွာသို့ နန်းယွန်းပြည်သူ့ဆေးရုံမှ ဒေါက်တာအောင်ကိုလတ် ဦးဆောင်သော ဆရာဝန်များအဖွဲ့သည် စက်တင်ဘာ ၃၀ ရက်တွင်လည်းကောင်း၊ ဒေါက်တာသော်ဇင်ထွန်း ဦးဆောင်သော ဆရာဝန်များအဖွဲ့သည် အောက်တိုဘာ ၁ ရက်တွင်လည်းကောင်း သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

နယ်မြေခံ တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများပါဝင်သော ဆေးကုသရေးအဖွဲ့နှင့် ခန္တီးမြို့ပြည်သူ့ဆေးရုံမှ ဆရာဝန်များပါဝင်သောပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၄ ရက် ညနေပိုင်းတွင် ဒဂါးကျေးရွာသို့ရောက်ရှိကြပြီး ဆေးဝါးကုသမှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စစ်ဆေး ကုသချက်များအရ အဆိုပါကျေးရွာတွင် ဖြစ်ပွားခဲ့သည့် ရောဂါမှာ ကူးစက်ရောဂါမဟုတ်ဘဲ ရိုးရိုးတုပ်ကွေးရောဂါသာ ဖြစ်ပြီး တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်း၊ အာဟာရချို့တဲ့ခြင်းနှင့် အချိန်မီဆေးကုသမှုမရှိခြင်းတို့ကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးကုသရေးအဖွဲ့များအနေဖြင့် ရောဂါဆက်လက်မဖြစ်ပွားစေရေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ယနေ့မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ ဖျားနာရောဂါဖြစ်ပွားသည့် ဒေသခံပြည်သူ ကျား ၆၀၊ မ ၈၆ ဦး စုစုပေါင်း ၁၄၆ ဦးအား ကျန်းမာရေးစစ်ဆေးကုသပေးပြီးဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**



## ကျောက်ဖြူမြို့နယ် စိုင်ခြုံတောင်တွင် ရွှံ့မီးတောင်ပေါက်ကွဲမှုဖြစ်ပွား

**ကျောက်ဖြူ အောက်တိုဘာ ၅**

ကျောက်ဖြူမြို့နယ် စိုင်ခြုံကျေးရွာအုပ်စု စိုင်ခြုံတောင်ရွာ၏အရှေ့ဘက် ၁ မိုင် ၄ ဖာလုံခန့်အကွာရှိ ဒေသအခေါ်(ဝက်အမ်းတောင်)တွင် အောက်တိုဘာ ၄ ရက် နံနက် ၄ နာရီခွဲက ရွှံ့မီးတောင်ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး နံနက် ၅ နာရီခန့်တွင် ရပ်တန့်သွားကြောင်း ဒေသခံရွာသူ ရွာသားများက ပြောသည်။ ရွှံ့မီးတောင်ပေါက်ကွဲရာတွင် ချော်ရည်များမှာ အမြင့်ပေ ၇၀ ခန့်အထိ မြင့်တက်ခဲ့ပြီး ချော်ရည်များမှာ ရွှံ့မီးတောင်ပတ်ဝန်းကျင်ပေ ၂၀၀ ခန့် စီးဆင်းခဲ့ရာ ခန့်မှန်းလယ်ဧက သုည ဒသမ ၂၀ ခန့်ပျက်စီးသွားသဖြင့် စပါးခင်းများပျက်စီးတန်ဖိုးကျပ် ၁၂၀၀၀၀ ခန့်ရှိကြောင်းနှင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**(၅၀၉)**



**တောတောင်စိမ့်စမ်း စိတ်ရွှင်လန်း၏**

# လွှတ်တော်ဖွံ့ဖြိုးတိုးတက်မှု အကူအညီပေးရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၅**
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. John Bercow တို့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်ချင်းချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်မှု အကူအညီပေးရေး ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**





# လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၅**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. John Bercow တို့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေး၊ မြန်မာလွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေး၊ လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Patrick လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၅**
ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. John Bercow တို့သည် ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင် အမှတ် (I-11) ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗြိတိန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ဗြိတိန်နိုင်ငံ သံအမတ်ကြီး Mr. Andrew Patrick လည်း တက်ရောက်သည်။ **(သတင်းစဉ်)**



# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေပြည်တော်ဝင်လမ်းနှင့် ရာဇသင်္ဂဟလမ်းထောင့်၊ အမှတ် (၅) တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**သည် ယင်းပါတီ၏ တံဆိပ်တွင် ဒိုင်းပုံ၏ ထိပ်တည့်တည့်၌ အဖြူရောင်ကြယ်တစ်လုံးပါသည့် တံဆိပ်ဖြင့် ဖော်ပြပါအတိုင်း ပြောင်းလဲပြင်ဆင်ပေးပါရန် ထပ်မံတင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏တံဆိပ်ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**❂ အိမ်ရာစီမံကိန်းမှ**
အသုံးစရိတ်ကလည်း Balance Budget ဖြစ်တဲ့အတွက် ၃၃၆ ဒသမ ၂၁၈ ဖြစ်ပါတယ်။ ဒီ ၃၃၆ ဒသမ ၂၁၈ ဘီလီယံဖြစ်ဖို့က ပြည်ထောင်စုကနေပြီး ၄၀ ဒသမ ၈ ပံ့ပိုးတာဖြစ်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် Balance ဖြစ်နေခြင်းဖြစ်ပါတယ်။ ပြည်တွင်းအခွန်များကနေ ကောက်ခံရရှိတဲ့ကုန်သွယ်လုပ်ငန်းခွန်က ၁၅ ရာခိုင်နှုန်း၊ အထူးကုန်စည်ခွန်က ၁၅ ရာခိုင်နှုန်း၊ ဝင်ငွေခွန်အပေါ်မှာ ကောက်ခံရရှိတဲ့ငွေဟာ ၅ ရာခိုင်နှုန်းကို ရန်ကုန်တိုင်းဒေသကြီးအတွက် ဘဏ္ဍာငွေ ရန်ပုံငွေ ခွဲဝေပေးခဲ့ပါတယ်။ ပြည်ထောင်စုကနေပြီး ခွဲဝေတဲ့အခါမှာ မူလဘတ်ဂျက်လျာထားချက်မှာ ၃၇ ဒသမ ၉၇၆ ဘီလီယံကို လျာထားခဲ့ပါတယ်။ ဒါပေမယ့် အခုနောက်ဆုံးအမှန်ရနိုင်သမျှ ရနိုင်တဲ့ဂဏန်းကို ပြန်ပြီးတော့ တိုးမြှင့်တဲ့အခါမှာ ၂၂၁ ဒသမ ၇၇၉ ဘီလီယံအထိ တိုးမြှင့်ရရှိနိုင်တဲ့အခြေအနေရရှိနိုင်ကြောင်းကို ဝမ်းမြောက်စွာတွေ့ရပါတယ်။ ဒါကြောင့် တိုးမြှင့်ရမယ့် ဖြည့်စွက်ရမယ့်ငွေဟာ အသားတင်အားဖြင့် ၁၇၃ ဒသမ ၈၀၃ ဘီလီယံကို ပိုမိုရရှိလာခဲ့ပါတယ်။ ရန်ကုန်စည်ပင်သာယာရေးကော်မတီကလည်း ထပ်မံပြီး တိုးမြှင့်တဲ့ဝင်ငွေ ၇ ဒသမ ၀၉၈ ဘီလီယံ ဝင်ငွေပိုရလာပါတယ်။ အခြားဌာနများကလည်း ၄ ဒသမ ၉၀၈ ဘီလီယံ ပိုမိုရရှိလာပါတယ်။ စုစုပေါင်း ၁၁ ဘီလီယံ ကျော်ကျော်ရပါတယ်။ ဒါကြောင့် ၁၇၃ ဘီလီယံနဲ့ ၁၁ ဘီလီယံ ထပ်တိုးလာတော့ စုစုပေါင်း ၁၈၅ ဒသမ ၈၀၉ ဘီလီယံ တိုးလာပါတယ်။ မူလရငွေက ၃၃၆ ဘီလီယံမှာ စုစုပေါင်း တိုးလာတာက ၁၈၅ ဒသမ ၈၀၉ ဘီလီယံဆိုတော့ ရငွေပိုင်းမှာ ၅၂၂ ဒသမ ၀၂၈ ဘီလီယံ မူလကထက် ၅၅ ရာခိုင်နှုန်း တိုးမြှင့် လာတာကို တွေ့ရပါတယ်” ဟု တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက လွှတ်တော်သို့ တင်ပြခဲ့သည်။

ယင်းသို့ မူလ လျာထားချက်ထက် ပိုမိုရရှိခဲ့သည့်အတွက် အသုံးစရိတ်ပိုင်းတွင်လည်း ပိုမိုခွဲဝေသုံးစွဲနိုင်မည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်း တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် ကဏ္ဍများကို တင်ပြခဲ့သည်။

“ဒီနှစ်ကနေစပြီး တိုင်းရင်းသားရေးရာဝန်ကြီးဌာန တစ်ခုတိုးလာပါတယ်။ နောက်နှစ် ၂၀၁၇-၂၀၁၈ မှာတော့ တိုင်းရင်းသားရေးရာဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးမှာ သီးခြားဘတ်ဂျက်ရှိလာလိမ့်မယ်။ သာမန်ရန်ပုံငွေထဲက တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးအတွက် ကျပ် သန်း ၁၂၀၊ တိုင်းရင်းသား စာပေနဲ့ယဉ်ကျေးမှု အတွက်က ကျပ်သန်း ၂၀ စုစုပေါင်း ကျပ်သန်း ၁၄၀ ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်တင်ပြခဲ့သည်။

ငွေလုံးငွေရင်း အသုံးစရိတ်အနေဖြင့် ရေကြီးရေလျှံသည်ကိစ္စများအတွက် ဆည်မြောင်းဦးစီးဌာနအား ကျပ် ၇ ဒသမ ၈၀၇ ဘီလီယံ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအတွက် ကမ်းပြိုနေသည့်လုပ်ငန်းများလုပ်ဆောင်ရန် ကျပ် ၃ ဒသမ ၃၈၈ ဘီလီယံအား ခွဲဝေချထားခဲ့ပြီး လယ်ယာမြေပြုပြင်ထိန်းသိမ်းရန်နှင့် လယ်သမားများအား ပံ့ပိုးနိုင်ရန်လည်း ကျပ် ၈ ဒသမ ၀၈၄ ဘီလီယံလျာထားကြောင်း သိရသည်။ ယင်းအပြင် အိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံရန် မြို့တော်ဘဏ်တွင် ၇၅ ဘီလီယံနှင့် အများပိုင်ကုမ္ပဏီများထူထောင်ကာ ခရီးသည်တင်မော်တော်ယာဉ်များ ပို့ဆောင်ရေးဆောင်ရွက် ရန်အတွက် ကျပ် ၇၅ ဘီလီယံကို မြို့တော်ဘဏ်တွင် ယာယီအပ်နှံမှုအဖြစ် ကျပ် ဘီလီယံ ၁၅၀ ကို ရင်းနှီးမြှုပ်နှံရန် ကြိုတင်လျာထားကာ ယင်းမှာ တိုးမြှင့်ရရှိလာသည့် ကျပ် ၁၈၅ ဘီလီယံကို ခွဲဝေလျာထားခြင်းဖြစ်ကြောင်း လွှတ်တော်အစည်းအဝေးမှ သိရသည်။

ယင်းအပြင် ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လက်အောက် ရန်ပုံငွေတွင် စတင်ထည့်သွင်း ရေးဆွဲလာမည်ဖြစ်ရာ ယင်းဌာနမှာ ရငွေအားဖြင့် ကျပ်သန်း ၃၀၀ ခန့်ရရှိနိုင်ပြီး သာမန်အသုံးစရိတ်မှာ နည်းပါးကြောင်း သိရသည်။ ယင်းသို့ လျာထားချက်ထက် တိုးမြှင့်ရရှိငွေသည် မူလက ရသင့်သော ငွေကြေးဖြစ်သည့်အတွက် ပြည်ထောင်စု ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ အတည်ပြုပြီးဖြစ်သည့်အပြင် တိုင်းဒေသကြီးလွှတ်တော်မှလည်း အတည်ပြုခဲ့ကြောင်း လွှတ်တော်အစည်းအဝေးမှ သိရသည်။

ယင်းသို့ ဘဏ္ဍာငွေ ပိုမိုခွဲဝေရရှိမည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးအတွင်း အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အများပိုင်ဘတ်စ်ကားလိုင်းများ အစိုးရ၏ မတည်ရင်းနှီးထည့်ဝင်ငွေဖြင့် ပြေးဆွဲပေးနိုင်မည်ဖြစ်ပြီး အခြားသောကဏ္ဍများတွင်လည်း ပိုမိုအသုံးပြု ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ဆုနှင်းလဲ့)**

# မြန်မာနိုင်ငံ၌ အခြေခံအလုပ်သမားအခွင့်အရေးများနှင့် လက်တွေ့ကျင့်သုံးမှုများကိုအားပေးရန် ပဏာမဆောင်ရွက်မှုခြေလှမ်းအတွက် ပါဝင်သက်ဆိုင်သူများဖိုရမ် ဒုတိယအကြိမ်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒိန်းမတ်၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုနိုင်ငံများ၊ ဥရောပသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)တို့သည် အခြေခံအလုပ်သမားအခွင့်အရေးများနှင့် လက်တွေ့ကျင့်သုံးမှုများကို အားပေးရန် ပဏာမဆောင်ရွက်မှုခြေလှမ်းအတွက် ပါဝင်သက်ဆိုင်သူများဖိုရမ်ကို ဒုတိယအကြိမ်မြောက်အဖြစ် စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဖိုရမ်တွင် မြန်မာနိုင်ငံသုံးပွင့်ဆိုင်မိတ်ဖက်များ၊ အခြားပါဝင်သူအစိုးရများ၊ ILO၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းအဖွဲ့များနှင့် ရင်းနှီးမြှုပ်နှံသူများအပြင် အခြားလူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအကြား မြန်မာနိုင်ငံ၏ အလုပ်သမားရေးရာ ဥပဒေများနှင့် အလေ့အကျင့်များကို ခေတ်နှင့်အညီ ပြုပြင်ခြင်းအတွက် ဦးစားပေးရမည့်အရာများ၊ စိန်ခေါ်မှုများနှင့် ပတ်သက်၍လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ စံချိန်စံညွှန်းများကို လေးစားလိုက်နာခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ထို့ပြင် ယင်းလုပ်ငန်းစဉ်တွင် ပြည်တွင်း ပြည်ပမှ သက်ဆိုင်သူများအားလုံးပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှုကို မည်သို့မြှင့်တင်မည်ဟူသည်နှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေး၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ယင်းအပြင် တက်ရောက်လာကြသူများသည် ၂၀၁၅ ခုနှစ် မေလက ကျင်းပခဲ့သော သက်ဆိုင်သူများဖိုရမ်အပြီး စတင်လုပ်ဆောင်သည့် အလုပ်သမားရေးရာဥပဒေများနှင့် အလေ့အကျင့်များကို လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းမှုနှင့် ပတ်သက်သည့် တိုးတက်ဖြစ်ထွန်းမှုများကိုကြိုဆိုခဲ့ကြပြီး မြန်မာနိုင်ငံ၏ကြိုးပမ်းမှုကို ပံ့ပိုးအားပေးရန်အတွက် ပါဝင်သက်ဆိုင်သူများဖိုရမ်ကို ၂၀၁၇ ခုနှစ်၌ တတိယအကြိမ်မြောက်အဖြစ် ကျင်းပရန်လည်း သဘောတူညီခဲ့ကြသည်။

မြန်မာနိုင်ငံ၌ အခြေခံအလုပ်သမားအခွင့်အရေးများနှင့် လက်တွေ့ကျင့်သုံးမှုများကို အားပေးရန် ပဏာမဆောင်ရွက်မှုခြေလှမ်းကို မြန်မာနိုင်ငံအစိုးရ၊ ဒိန်းမတ်၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)တို့သည် ၂၀၁၄ ခုနှစ်မှစတင်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အလုပ်သမားဥပဒေကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်နေသည့် မြန်မာအစိုးရ၏ကြိုးပမ်းမှုကို ပံ့ပိုးကူညီရန်အတွက် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စံချိန်စံညွှန်းများကို လိုက်နာရာတွင် တိုးတက်မှုများရရှိစေရန်အတွက် လည်းကောင်း၊ အစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် လူမှုရေးအဖွဲ့အစည်းများကြား ထိရောက်မှုရှိသည့် အပြန်အလှန်ဆွေးနွေးမှုများ ဖြစ်ပေါ်လာစေရန်အတွက်လည်းကောင်း ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



## ဒုတိယအကြိမ် အရင်းမပျောက် လည်ပတ်ရန်ပုံငွေပေးအပ်

**ရေနံချောင်း အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာ ၁၉ ရွာအနက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဒုတိယအကြိမ် အရင်းမပျောက် လည်ပတ်ရန်ပုံငွေပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ နောက်ဆုံးပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှထွေးက ဒုတိယအကြိမ် ထနှောင်းလှကျေးရွာအတွက် ငွေကျပ် ၃၃၀၀၉၀၀၀ ကို လွှဲပြောင်းပေးအပ်ရာ ထနှောင်းလှကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဦးကျော်ငွေးနှင့် ကော်မတီအဖွဲ့ဝင်များက လက်ခံခဲ့ကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြော

**ကျောက်မဲ အောက်တိုဘာ ၅**



ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်အခြေစိုက် အမှတ်(၁၂၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒု-ရဲမှူး ချစ်စိန်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ကျောက်မဲခရိုင်အတွင်းနှင့် မန္တလေး-လားရှိုး- မူဆယ်ကားလမ်းမကြီး အပါအဝင် ယာဉ်အန္တရာယ်ကင်းဝေးနိုင်ရေးအတွက် အသိပညာပေးဟောပြောခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ရွေ့လျားပြသအသိပညာပေးခြင်း၊ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် စာသင်ကျောင်းများသို့ သွားရောက်၍ အသိပညာပေးဟောပြောခြင်း၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား မြေပြင်ကွင်းဆင်း၍ အသိပညာပေး ဟောပြောခြင်း၊ ဂုတ်တွင်းလမ်း၌ အချိန်ပြည့်တာဝန်ချထား၍ယာဉ်မတော်တဆမှု၊ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်ပါက အမြန်ရှင်းလင်းပေးခြင်း လုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြသည်။

"ကျွန်တော်တို့ရဲ့ အဓိက တာဝန်က မိဘပြည်သူတွေနဲ့ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေ ယာဉ်အန္တရာယ်အမျိုးမျိုးကနေ ကင်းဝေးနိုင်အောင် အဘက်ဘက်က ဆောင်ရွက်ပေးရတာပါ။ အလားတူပါပဲ မိဘပြည်သူတွေရဲ့ ပညာသင်ကြားနေတဲ့ သားသမီးလေးတွေကိုလည်း ကျောင်းတက်၊ ကျောင်းဆင်းချိန်တွေမှာ ယာဉ်အန္တရာယ်ဘေးက ကင်းဝေးရအောင် စေတနာအပြည့်ထားပြီး အခုလို ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်"ဟု အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူး ဒုရဲမှူး ချစ်စိန်က ရှင်းလင်းပြောကြားခဲ့သည်။

**(သီပေါကိုလတ်)**

## စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေး

**စဉ့်ကိုင် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်ပြန်/ဆက် ဦးစီးဌာနရုံး၌ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ကျေးရွာစာကြည့်တိုက်ကော်မတီများနှင့် တွေ့ဆုံပြောကြားရာတွင် မိမိတို့ကျေးရွာရှိ စာကြည့်တိုက်သည် မိမိတို့၏ကျေးရွာသူ ကျေးရွာသားများသာ အစဉ်ဖတ်ရှုကြရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကလေးသူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို စာကြည့်တိုက်ကော်မတီဝင်များက ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ပြင် စာကြည့်တိုက်ရှိ စာအုပ်၊ စာစောင်များ မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပြီး စာအုပ် စာစောင်သစ်များ တိုးပွားရရှိအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း မြို့နယ်ပြန်/ဆက် ဦးစီးမှူးက ပြောကြားခဲ့သည်။

**ဖိုးအောင်(စဉ့်ကိုင်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၃ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| | | | |
|---|---|---|---|
| ၁ | ဒေါက်တာမေမွန် | မေ့ရင်သွေးကျွန်းမာစေဖို့ | ၃၀၀၀ိ/-Favorite Press Books |
| ၂ | ကျော်မောင်(မြိတ်) | ထေရဝါဒမြတ်ဗုဒ္ဓ ကထိန် | ၁၂၀၀ိ/- သစ္စာအလင်း |
| ၃ | ပျဉ်းမနားမောင်နီသင်း | ကျားကလေးစုတ်ဖွားနှင့်အခြားပုံပြင်များ | ၁၀၀၀ိ/-ဆုစာပေ |
| ၄ | ပျဉ်းမနားမောင်နီသင်း | မြစံပယ်နှင့်အခြားပုံပြင်များ | ၁၀၀၀ိ/-ဆုစာပေ |
| ၅ | ရဲမှူးချုပ် မောင်မောင်သန်း(ငြိမ်း) | မယ်ဆိုသည်မှာ | ၂၀၀၀ိ/- ဟန်သာဆုစာပေ |
| ၆ | မင်းသိခ် | ဘဝဝက်တ | ၃၅၀၀ိ/- ဘုမ္မာဝတီစာပေ |
| ၇ | ရွှန်းမီ | ကျမရေးကြည့် ကလိမိသည် (လူမှုကွန်ရက်ပေါ်က သရော်စာများ) | ၁၅၀၀ိ/-PICA media |
| ၈ | မောင်သစ်ဝေ(မြင်းခြံ) | ငါ့ဂီတ ကဗျာများ | ၁၅၀၀ိ/-PICA media |
| ၉ | ဝေဖြိုးမောင် | ညွှန့်ညွှန့်စိန်ရဲ့ ကျမလူကြီးသမီးပါမောင် | ၂၀၀၀ိ/-စာပေနန်းတော် |
| ၁၀ | နေခြည်နှင့်နုသပြေ | ပုံပမာ ကာတွန်း | ၁၅၀၀ိ/-ရုပ်ပြောင်စာပေ |
| ၁၁ | အောင်(ရေကြောင်းအင်ဂျင်နီယာ) | စွမ်းအားရှင် ဂမုန်းပင်များ | ၄၀၀၀ိ/- မိုးကျော်စာပေ |
| ၁၁ | ဦးခင်ဇော်(မရမ်းကုန်း) (တရားလွှတ်တော်ရှေ့နေ) | ရှေ့နေရှေ့ရပ်ဆိုင်ရာစီရင်ဆုံးဖြတ်ချက်များ (၁၉၆၂)မှ(၂၀၁၁) | ၅၀၀၀ိ/-ဦးခင်ဇော် (မရမ်းကုန်းစာပေ) |
| ၁၂ | ဇင်ဝေသော်-မြန်မာပြန် | မစ္စတာချိုင်းနား | ၄၀၀၀ိ/-ကမ်းလက်စာပေ |
| ၁၃ | ကိုပွ | ကျွန်တော်နှင့်ကျွန်တော်ရေးခဲ့သော အပိုင်းအစများ(၂) | ၂၄၀၀ိ/-ကံ့ကော်ဝတ်ရည်စာပေ |
| ၁၄ | ကျိုက်လက်မိုးမြင့် | မမြင်နိုင်သော သတင်းစာပညာ | ၆၀ိ/-ရွက်စိမ်းစာပေ |
| ၁၅ | ဗန်းမော်သိန်းဖေ | မျှဝေလိုသော အတွေးများ | ၂၅၀၀ိ/-ပဥ္စခံစာပေ |
| ၁၆ | The key collection | ဟီလာရီကလင်တန် | ၁၅၀၀ိ/-The Key Collection |
| ၁၇ | The key collection | ဂျော့ဝါရှင်တန် | ၁၅၀၀ိ/-The Key Collection |
| ၁၈ | လင်းဆေး | စွယ်တော်ရွက်ဟောင်းလေး | ၁၅၀၀ိ/-ယဉ်မျိုးစာပေ |
| ၁၉ | မာန်(တောင်လုံးပြန်) | တစ်ခါတုန်းက မြန်မာပြည်မှာ (၁၉၈၈-၂၀၁၅)တတိယတွဲ | ၂၅၀၀ိ/-GPGစာပေ |
| ၂၀ | ပန်းချီ-ရဲမာန် | VOL.4ရွှေမောင်းဆေးရောင်စုံ ရုပ်ပြမဂ္ဂဇင်းသုတရုပ်စုံ ၁၂ အုပ်ပေါင်းချုပ်(No.37 to 48) | ၇၅၀၀ိ/-ရွှေမောင်းစာပေ |
| ၂၁ | မေတ္တာရှင်(ရွှေပြည်သာ) | စူဠသောတာပန်ကျင့်စဉ် | ၈၅၀၀ိ/-မေတ္တာရှင်စာပေ |
| ၂၂ | နတ်ရွာမိုး | ကြွေ | ၁၇၀၀ိ/-အောင်မြင်စာပေ |
| ၂၃ | ထွန်းမျိုးငွေ | ဘာသာတူဘာသာခြားမှတ်ပုံတင်၍ ထိမ်းမြားခြင်းများ | ၂၅၀၀ိ/-ဝန်ချတောင်စာပေ |
| ၂၄ | The key collection | လူးဝစ္စဘရေးလ် | ၁၅၀၀ိ/-The key collection |
| ၂၅ | ရွှေနွယ် | မိုးဘိုင်းပထမမှသည်ကြီးမြတ်ခြင်းဆီသို့ | ၃၅၀၀ိ/-အခွင့်အလမ်းစာပေ |
| ၂၆ | တင်ထွေး-မြန်မာပြည် | တရုတ်ပြည်ပေါ်မှကြယ်နီ | ၄၅၀၀ိ/-ယဉ်မျိုးစာပေ |
| ၂၇ | ဦးမြသိန်း (ကြေး/မြေ-ညွှန်မှူးချုပ်-ငြိမ်း) | ရခိုင်ပြည်သူများ၏ လွတ်လပ်ရေးကြိုးပမ်းမှု | ၂၅၀၀ိ/-ဂုဏ်ထူးစာပေ |
| ၂၈ | သံလွင်မြစ် သရုပ်ဖော်-အောင်နိုင်ဦး | ဖွေးဖွေးအမှိုက်မပစ်တော့ပါ | ၁၅၀၀ိ/-Third StoryProjiect |
| ၂၉ | မမလင်း သရုပ်ဖော်-သီဟ(စခန်းသစ်) | စုပေါင်းညီညာပျော်စရာ | ၁၅၀၀ိ/-Third Story Projiect |
| ၃၀ | မြန်မာပုံပြောသူများအဖွဲ့ သရုပ်ဖော်-ကာကြီး | စူပါဟီးရိုး | ၁၅၀၀ိ/-Third Story Projiect |
| ၃၁ | စိုးမိုးမြင့်သရုပ်ဖော်-ကာကြီး | သစ်တောသစ်ပင် ချစ်စေချင် | ၁၅၀၀ိ/-Third Story Projiect |
| ၃၂ | သီရိ သရုပ်ဖော်-ATH | ဥယျာဉ်မှူးလေးပုံပုံ | ၁၅၀၀ိ/-Third Story Projiect |
| ၃၃ | ရွှေမိ သရုပ်ဖော် -ကာကြီး | ဖိုးမောင်လေးနှင့်သူငယ်ချင်းများ | ၁၅၀၀ိ/-Third Story Projiect |
| ၃၄ | ဖြိုးဖြိုးမြင့် ကာတွန်း-ကာကြီး | ဘဲကလေးစိစိ | ၁၅၀၀ိ/-Third Story Projiect |
| ၃၅ | သံလွင်မြစ် သရုပ်ဖော်-သီဟ (စခန်းသစ်) | မျောက်ကလေးရဲ့ကကြိုး | ၁၅၀၀ိ/-Third Story Projiect |
| ၃၆ | ဦးဦးသီဟ သရုပ်ဖော် ဘငွေးကြည် | တူတာလေးတစ်ခု | ၁၅၀၀ိ/-Third Story Projiect |
| ၃၇ | ရွှေမိ-သရုပ်ဖော်-ဖေသစ်တည် | မြွေနဲ့ဖား | ၁၅၀၀ိ/-Third Story Projiect |
| ၃၈ | သံလွင်မြစ် သရုပ်ဖော်-သီဟ(စခန်းသစ်) | အိုးကလေးနှစ်လုံးပုံပြင် | ၁၅၀၀ိ/-Third Story Projiect |
| ၃၉ | | ဂျာနယ်လစ် သတင်းစဉ်-၁ | ၂၈၀၀ိ/-Journalist Publishing |
| ၄၀ | ဝတ္ထု-ကြပ်ကလေး ကာတွန်း-ဝိဇ္ဇာ | အဖြူရောင် ပဥ္စလက် | ၂၂၀၀ိ/- အောင်မြင်စာပေ |

ဆက်လက်ဖော်ပြပါမည်

# တောင်ဥက္ကလာနှင့် မြောက်ဒဂုံကို ဆက်သွယ်မည့် ငမိုးရိပ်ချောင်းကူးတံတားသစ် တည်ဆောက်မည်

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့ကို ဆက်သွယ်မည့် ငမိုးရိပ်ချောင်းကူးတံတားသစ်ကို ယခုနှစ် ပွင့်လင်းရာသီတွင် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် လျာထားသော တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ကို ဆက်သွယ်သော ငမိုးရိပ်ချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းကို မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့မှုနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြန်လည်ဖြေကြားပေးခဲ့ရာတွင် အထက်ပါအတိုင်း ပြောကြားသွားခဲ့သည်။

“လက်ရှိ ငမိုးရိပ်ချောင်းကို ဖြတ်ပြီးတော့ တည်ဆောက်ထားတဲ့ အသွားတစ်လမ်း အပြန်တစ်လမ်းရှိတဲ့ ပါရမီဘေလီတံတားဟာ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အနောက်ဘက်မှာ ငမိုးရိပ်ချောင်းနဲ့ နယ်နိမိတ်ထိစပ်တဲ့အပိုင်းတွေမှာ တည်ရှိတဲ့လူဦးရေရယ် တည်ရှိတဲ့ကား၊ အိမ်ထောင်စုပေါင်း၊ စုစုပေါင်းလူဦးရေနဲ့ဆိုရင် မမျှတော့ဘူးဆိုတာ တွေ့ရပါတယ်။ အဲ့ဒါကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ လျာထားတဲ့ တောင်ဥက္ကလာနဲ့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဆက်သွယ်ထားတဲ့ ငမိုးရိပ်ချောင်းကူးတံတား တည်ဆောက်ရန်အတွက် ယခုဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီမှာ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်”ဟု မြို့တော်ဝန်က လွှတ်တော်အစည်းအဝေးတွင် ပြန်လည်ဖြေကြားပေးခဲ့သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်သည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း တိုးချဲ့ဆောင်ရွက်ခဲ့သည့် မြို့သစ်မြို့နယ်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းအများစုနေထိုင်ရာ ဆိတ်ငြိမ်ရပ်ကွက်များအသွင် တည်ရှိလျက်ရှိသည်။ အကျယ်အဝန်းအားဖြင့် ၁၀ ဒသမ ၁၄၅ မိုင်၊ ဧကအားဖြင့် ၆၄၉၃ ဧက ကျယ်ဝန်းကာ ရပ်ကွက်ပေါင်း ၂၇ ရပ်ကွက်ရှိသည်။ အိမ်ခြေပေါင်း ၃၃၆၅၄ အိမ်၊ အိမ်ထောင်စုပေါင်း ၃၉၉၅၃၊ လူဦးရေ ၁၉၄၇၇၄ ဦးရှိပြီး တဖြည်းဖြည်းစည်ကားလာ၍ လူနေထိုင်မှု ထူထပ်လာကာ ယာဉ်အစီးရေများပြားလာခြင်း၊ လိုင်းကားများ၊ ဒဂုံတက္ကသိုလ်သို့ လာရောက်သော ကျောင်းကားများဖြင့် ဝင်ထွက်သွားလာမှု ထူထပ်လာကာ ယခင်စတင်တည်ထောင်စဉ်ကကဲ့သို့ လမ်းဧရိယာနှင့်လုံလောက်မှုမရှိတော့ဘဲ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိသည်။ မြို့နယ်၏ အဓိက ဝင်/ထွက်ပေါက်အဖြစ် အသုံးပြုနေမှုမှာလည်း တောင်ဥက္ကလာပမြို့နယ်ဘက်မှဖြစ်၍ နေ့စဉ် နံနက် ၇ နာရီမှ ၉ နာရီအထိ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိသည်ဟု ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင်က တင်ပြခဲ့သည်။

ယင်းကြောင့် ယခုဘဏ္ဍာနှစ်တွင် လျာထားသည့် ငမိုးရိပ်ချောင်းကူးတံတားသစ်တစ်စင်းကို ပွင့်လင်းရာသီတွင် တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများအတွက် ပုဂ္ဂလိကသို့ တင်ဒါခေါ်ယူသွားမည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ သိရသည်။

ယခင်က ချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းကို ဌာနမှ တာဝန်ယူတည်ဆောက်သော်လည်း ယခုတင်ဒါခေါ်ယူသွားမည်ဟု သိရသည်။ တံတားတည်ဆောက်ရေးလုပ်ငန်းကို တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းနှင့် မေတ္တာလမ်းထိပ်တွင် တည်ဆောက်ရန်လျာထားပြီး တည်ဆောက်ရေးဧရိယာအတွင်းရှိ ကျူးကျော်များကို ရှင်းလင်းသွားမည်ဟု လမ်းနှင့်တံတားဌာနမှ ထပ်မံသိရသည်။

**(ဆုနှင်းလှဲ့)**

# ဒက္ခိဏသီရိမြို့နယ်တွင် ကျေးရွာသစ်စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းလေ့လာ

**နေပြည်တော် အောက်တိုဘာ ၅**

နေပြည်တော် ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ တောင်သူလယ်သမားများ ကျေးရွာသစ်စီမံကိန်း(SMU)စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းမှ ဆောင်ရွက်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား ကွင်းဆင်းလေ့လာမှုကို အောက်တိုဘာ ၄ ရက် နံနက် ၇ နာရီက စတင်ခဲ့သည်။

ကွင်းဆင်းလေ့လာရေးအဖွဲ့တွင် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်အုပ်စု ပေါက်တောကျေးရွာ၊ ကျွန်းတက်ပဲ့အုပ်စု ဆည်စုကျေးရွာ၊ ရွာမအုပ်စု ကျားကူး(အရှေ့)ရွာတို့မှ ဒေသခံတောင်သူ ၁၈၀ တို့သည် ပျဉ်းမနားမြို့စိုက်ပျိုးရေးသိပ္ပံဝင်းအတွင်းရှိ ဟင်းသီးဟင်းရွက်စိုက်ခင်း၊ ဇေယျာသီရိမြို့နယ် မနောသုခ မျိုးစေ့ထုတ်စိုက်ခင်း၊ ရေဆင်းစိုက်ပျိုးရေး သုတေသနဝင်းအတွင်းရှိ စပါးသုတေသနစိုက်ခင်းများနှင့် တပ်ကုန်းမြို့နယ် (ရွှေမြို့)မွေးမြူရေးဇုန်ရှိ နွား၊ ဝက်၊ ကြက်မွေးမြူရေးခြံများသို့ ကွင်းဆင်းလေ့လာခဲ့သည်။

ကွင်းဆင်းလေ့လာရေးခရီးစဉ်တွင် နေပြည်တော် စိုက်ပျိုးရေး တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်၊ ဒက္ခိဏသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်နိုင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒု-ဦးစီးမှူး ဒေါက်တာလဲ့လဲ့မွန်၊ နေပြည်တော်တိုင်းစိုက်ပျိုးရေးဦးစီးမှူးရုံးမှ ဒု-လက်ထောက်ဦးစီးမှူး ဦးရဲလင်းထွန်း၊ ကိုရီးယားနိုင်ငံတကာထောက်ပံ့ရေးအေဂျင်စီ (KOICA)မှ စေတနာ့ဝန်ထမ်း ဒေါ်ပုလဲဖြူတို့သည် လေ့လာရေးအဖွဲ့တွင် ပါဝင်သော တောင်သူများအား ကဏ္ဍအလိုက် ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ၄၀ ရာခိုင်နှုန်းပြီးစီး

**ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၅**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ လူထုဗဟိုပြုစီမံကိန်းအား ကမ္ဘာ့ဘဏ်အထောက်အပံ့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံကိန်းဖြင့် ကျေးရွာလမ်း၊ တံတား၊ ရေရရှိရေး၊ မီးလင်းရေး၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ကျေးရွာခန်းမစသော အခြေခံအဆောက်အအုံလုပ်ငန်းများဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ ကျေးရွာအုပ်စု ၄၃ အုပ်စုရှိ စီမံကိန်းလုပ်ငန်းခွဲအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာလအတွင်း လမ်းလုပ်ငန်း ၃၇ ခု၊ ရေရရှိရေး ၅၇ ခု၊ စာသင်ကျောင်းဆောင်ပြုပြင်ခြင်း ၆၉ ခု၊ တံတားလုပ်ငန်း ၁၂ ခု၊ မီးလင်းရေးလုပ်ငန်းလေးခု၊ ဆေးပေးခန်းပြုပြင်ခြင်းတစ်ခု၊ စုစုပေါင်းလုပ်ငန်းခွဲ ၁၇၉ ခုအား ထောက်ပံ့ငွေ စုစုပေါင်း သန်း ၁၇၀၀ ဖြင့် ကျေးရွာနေပြည်သူများ၏ လိုအပ်ချက်များကို ပြည်သူလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သောစနစ်ဖြင့် လုပ်ငန်းအားလုံး၏ ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**



# တိုင်းရင်းသားလူမျိုးရေးစင်တာမှ အခြေခံသင့်သည့် ကဏ္ဍအလိုက် မူဝါဒအကြံပြုချက်များ မူကြမ်းစာအုပ်ထုတ်ဝေ

**ရန်ကုန် အောက်တိုဘာ ၅**



တိုင်းရင်းသားလူမျိုးရေးရာ စင်တာ (ENAC) မှ စီစဉ်ဆောင်ရွက်သော အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံသင့်သော ကဏ္ဍအလိုက် မူဝါဒအကြံပြုချက်များ မူကြမ်းစာအုပ် မိတ်ဆက်ပွဲကို အောက်တိုဘာ ၄ ရက်က ဖိုးစိန်လမ်းရှိ Green Hill ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

ယင်းစာအုပ်သည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံသို့ အသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် ပါဝင်မည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများအကြား မူဝါဒဆိုင်ရာ တူညီသော ဘုံနားလည်မှုများရရှိရန် ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

“ဒီစာအုပ်က တိုင်းရင်းသားလူမျိုးတွေ တောင့်တနေတဲ့ တန်းတူအခွင့်အရေးအတွက် ကဏ္ဍအားလုံး စုံလင်တယ်လို့ သတ်မှတ်လို့ မရသေးပါဘူး။ ဒါပေမယ့် အရေးကြီးတဲ့ ကဏ္ဍ ကိုးခုကို အကြံပြု တင်ပြထားနိုင်တာမို့ တိုင်းရင်းသားတွေအတွက် အရေးကြီးတဲ့ ခြေလှမ်းကို စတင်နိုင်ပြီဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ နားလည်ပါတယ်။ ဖြည့်စွက်ရမယ့် အခြားကဏ္ဍတွေအတွက် မူဝါဒတွေ ဆက်လက် အကောင်အထည်ဖော်ရမယ့် အကြံပြုချက်တွေရှိရင်လည်း အကြံပြု ဆွေးနွေးနိုင်ပါတယ်”ဟု တိုင်းရင်းသား လူမျိုးရေးစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)မှ ဥက္ကဋ္ဌ ဦးနိုင်ဟံသာက ပြောသည်။

မူဝါဒဆိုင်ရာ အရေးကြီးသည့် ကဏ္ဍ ကိုးခုအနေဖြင့် တိုင်းရင်းသားတို့၏ စိုက်ပျိုးရေး၊ ပညာရေး၊ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့်ဒုက္ခသည်များ၊ ကျန်းမာရေး၊ လူသားချင်း စာနာထောက်ထားမှု အကူအညီ၊ မြေယာ၊ သဘာဝသယံဇာတ၊ အခွန်ကောက်ခံခြင်းနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု စသည့် အချက်များကို ယင်းမူကြမ်းစာအုပ်တွင် အဓိကထား ဖော်ပြထားသည်။

“ကျွန်တော်တို့ ဒီစာအုပ်ပါ အကြံပြုချက်တွေကို လူထုကို ချပြရာတွင်ဖြစ်စေ၊ ငြိမ်းချမ်းရေးနဲ့ နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်တွေမှာ ဖြစ်စေ၊ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြုစုတဲ့အခါမှာဖြစ်စေ အလျဉ်းသင့်သလို အသုံးပြုသွားဖို့ ဆုံးဖြတ်ထားတယ်။ ဒါက လမ်းညွှန်မှုအဖြစ် အထောက်အကူ ဖြစ်မယ်လို့ မြင်မိပါတယ်”ဟု ဦးနိုင်ဟံသာက ဆက်လက်ပြောသည်။

ယင်းမူဝါဒဖော်ဆောင်ရေး လုပ်ငန်းဖြစ်စဉ်တွင် အခြေခံလူတန်းစားကိုယ်စားပါဝင်သူများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်သည်ဟု သိရသည်။ စာအုပ်ပါ အချက်အလက်များသည် ENAC မှ ယင်းအဖွဲ့အစည်းများနှင့်ဆွေးနွေးပွဲများပြုလုပ်၍ ထွက်ပေါ်လာသည့် အကြံပြုချက်များကို စုစည်းဖော်ပြထားခြင်းဖြစ်သည်။

**သတင်း-ခင်ဇာလီ**

**ဓာတ်ပုံ-မီချိုဟန်**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်(ရွှေဈေး) ၈၇၅၅၀၀ - ၈၇၅၅၀၀ မန္တလေး(ရွှေဈေး) ၈၇၅၅၀၀ - ၈၇၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၈၀/၅၉၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ခ) အောက်တိန်း *95* | တစ်လီတာ | ၆၅၀/၆၆၀ ကျပ်၊ | ၇၀၀/၇၂၀ ကျပ် |
| (ဂ) အောက်တိန်း *92* | တစ်လီတာ | ၅၉၀/၆၀၀ ကျပ်၊ | ၆၂၀/၆၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၁၀/၆၂၀ ကျပ်၊ | ၆၄၀/၆၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၃၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၇၇ ကျပ်၊

အောက်တိန်း *92* တစ်လီတာ ၅၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၆၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၁၂. ၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၈. ၈၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆. ၂၃၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၁၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၉၂၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၆. ၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃. ၀၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၉. ၅၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၉. ၂၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ငြိမ်းချမ်းရေးအတွက် ရည်ရွယ်ကျင်းပသည့် Miss Grand International ပြိုင်ပွဲသို့ အလှမယ် နန္ဒာလွင် နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည်



အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မြို့တွင် ကျင်းပမည့် ၂၀၁၆ ခုနှစ်အတွက် Miss Grand International အလှမယ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ကိုယ်စားပြုအလှမယ်အဖြစ် အလှမယ် နန္ဒာလွင် သွားရောက်ယှဉ်ပြိုင်မည်ဟု Style plus H အဖွဲ့အစည်းမှ သိရသည်။

အလှမယ် နန္ဒာလွင်သည် ပြီးခဲ့သည့် ဩဂုတ်လက ပြင်ဦးလွင်၌ Style Plus H မှ ဦးစီးကျင်းပခဲ့သော Miss Grand Myanmar 2016 ပြိုင်ပွဲတွင် Winner ဆုကို ဆွတ်ခူးရရှိခဲ့သည့် အလှမယ်တစ်ဦး ဖြစ်သည်။

သူသည် ယခင်က မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော Now How အလှမယ်ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ Miss Popular ဆုကို ရရှိခဲ့သူလည်း ဖြစ်သည်။

"ငြိမ်းချမ်းရေးအတွက် အဓိကရည်ရွယ်တဲ့ပွဲဖြစ်တော့ ကျွန်မတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးအခြေအနေတွေအပြင် တခြားနိုင်ငံရဲ့ ငြိမ်းချမ်းရေးအခြေအနေတွေကိုပါ လေ့လာထားတယ်။ ဟိုမှာ သွားပြိုင်ရတဲ့အခါ Talent ပြိုင်ပွဲမပါပါဘူး။ ဒါပေမယ့် အားလုံးနားတဲ့အချိန် သူငယ်ချင်းကို ဖျော်ဖြေဖို့ မျက်လှည့်လေးတွေ သင်ထားပါတယ်။ အဲဒါက ဘာလဲဆိုရင် ပိတ်စအပိုင်းလေးတွေကနေ မြန်မာနိုင်ငံအလံဖြစ်သွားအောင် ပြတာပါ။ အဲဒါကို ဆရာ စက္ကောမဆီကနေ သင်ယူထားတယ်။ အမျိုးသားဝတ်စုံကိုတော့ မြန်မာသတို့သမီးဝတ်စုံကို ဝတ်ဆင်သွားမှာပါ။ ပြိုင်ပွဲအသံကြားလိုက်တာနဲ့ အချိန်နီးလာတာနဲ့အမျှ ကျွန်မရင်တွေ ခုန်ရပါတယ်။ ပြိုင်ပွဲမှာ အကောင်းဆုံး ယှဉ်ပြိုင်သွားမှာပါလို့ ပြောချင်ပါတယ်"ဟု အလှမယ် နန္ဒာလွင်က ပြောသည်။

၎င်းအနေဖြင့် ပြိုင်ပွဲအကြို ပြီးခဲ့သည့် စက်တင်ဘာလကလည်း ကချင်ပြည်နယ်ရှိ စစ်ဘေးရှောင်စခန်းများသို့ သွားရောက်လေ့လာ လှူဒါန်းမှုများပြုလုပ်ခဲ့ပြီး ငလျင်ကြောင့် ပျက်စီးသွားခဲ့ရသော ပုဂံဘုရားများပြုပြင်ရန်အတွက် ပုဂံသို့ သွားရောက်ကာငွေကျပ် ငါးသိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းမှ စစ်ပွဲများနှင့်အကြမ်းဖက်မှုများ ရပ်တန့်စေရန် ရည်ရွယ်၍ ကျင်းပသည့် ယင်းပြိုင်ပွဲသို့ နိုင်ငံပေါင်း ၈၀ ကျော်မှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ၂၀၁၃ ခုနှစ်မှ စတင်၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ Miss Golden Land မှ အလှမယ် ထားထက်ထက်၊ M ဂျာဆိုင်းနှင့် Style Plus H မှ အလှမယ် စံထိပ်ထားလင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

"ကျွန်မတို့ ဒီ Miss Grand International ပြိုင်ပွဲကို မနှစ်က စံထိပ်ထားလင်းကိုရွေးချယ်ပြီး သွားရောက်ယှဉ်ပြိုင်စေခဲ့တယ်။ ဒီနှစ်မှာတော့ လုနုအနေနဲ့ ပွဲအကြီးကြီးလုပ်ဖို့ အဆင်မပြေဘူး။ ဘယ်သူလိုချင်လဲ လိုချင်တဲ့သူရှိရင် ပွဲလုပ်ပြီး ယူလို့ရတယ်လို့ပြောခဲ့တယ်။ အွန်လိုင်းပေါ်မှာလည်း အဲဒီလိုရေးပြီးတော့ တင်ခဲ့တယ်။

အဲ့ဒါကို Miss Grand International Organization က သိသွားပြီးတော့ အဲဒီလို မလုပ်ပါနဲ့။ ကိုယ်တိုင်ကြိုးစားပြီးတော့လုပ်ကြည့်ပါဦး။ ပွဲသေးသေးလေးပဲလုပ်ကြည့်ပါ။ သူတို့ အားပေးပါတယ်။ ဒီနှစ်တော့ လုပ်ကြည့်ပါဦး။ နောက်နှစ်ကျရင် သူတို့ တခြားလူကိုလွှဲပေးပါ့မယ်လို့ပြောတယ်။ အဲဒါကြောင့် ဒီနှစ် ဩဂုတ် ၁၈ ရက်က ပြင်ဦးလွင်မှာ Miss Grand Myanmar 2016 ကို သွားလုပ်ဖြစ်ခဲ့တယ်။ အဲဒီမှာ နန္ဒာလွင် winner ဆု ရရှိခဲ့တယ်။ သူ့မှာ ယုံကြည်မှုရှိနေတယ်။ ကြိုးစားတယ်။ လုပ်ချင်ကိုင်ချင်စိတ်ရှိတယ်။ အဲဒါကိုကဂုဏ်ယူစရာပါ"ဟု Style Plus H မှ မလှနုထွန်းက ပြောသည်။

ဝင်ရောက်ယှဉ်ပြိုင်မည့် အလှမယ် နန္ဒာလွင် အပါအဝင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၇ ရက်တွင် မြန်မာနိုင်ငံမှ ထွက်ခွာမည်ဖြစ်ပြီး အောက်တိုဘာ ၂၈ ရက်တွင် ပြန်လည်ရောက်ရှိမည်ဟု သိရသည်။ Miss Grand International ပြိုင်ပွဲများကို သုံးနှစ်ဆက်တိုက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သည့် Miss Grand International 2015 ပြိုင်ပွဲတွင် သရဖူကို ဩစတြေးလျနိုင်ငံမှ အလှမယ် Claine Elizabeth Pearl က ရရှိခဲ့သည်။

**သတင်း - ခင်ဇာလီ၊ ဓာတ်ပုံ - မီချီကိုဟန်**

## မြန်မာ့ရုပ်မြင်သံကြား New Channel ထုတ်လွှင့်မှု အစီအစဉ်
### ၆-၁၀-၂၀၁၆ (ကြာသပတေးနေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | ရှေးဟောင်းပစ္စည်းစုဆောင်းသူ ပူးလာလ်ဒင်း |
| ၈း၃၅ | ၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (ဝါသနာရှင်(ဒုတိယတန်း)အဆင့်) (အမျိုးသမီး) |
| ၈း၄၅ | အသိပညာလူ့အဖွဲ့အစည်းဖြစ်ပေါ်လာရေးဆီသို့ |
| ၉း၃၅ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၉း၄၀ | ASEAN Spotlight (အရံထားတဲ့ဆန်စပါး(လာအို) ဧည့်လမ်းညွှန် (ကမ္ဘောဒီးယား) |
| ၁၀း၃၅ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၄) |
| ၁း၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၁၂) |
| ၂း၁၀ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ရှေ့နေ"(ချစ်စုသဲ၊ ရတနာထက်ခိုင်) (ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)) |
| ၂း၃၀ | Weekly Sport Info |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို"(အပိုင်း-၁၃) |
| ၄း၁၅ | ၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ(၁၅-၂၀အဆင့်) (အမျိုးသမီး) |
| ၄း၃၅ | "ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမွေးပြင်ဒေသ" (အပိုင်း-၂) |
| ၅း၁၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၅း၃၅ | လက်တွေ့အသုံးချဘဏ္ဍာရေးသုတများ |
| ၆း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို"(အပိုင်း-၉) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | မြန်မာကျပ်ငွေတန်ဖိုးထိန်းသိမ်းခြင်းဆိုင်ရာ |
| ၉း၀၀ | ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၁၃) -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ ဦးချို (Seven)) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## iKON ၏ အယ်လ်ဘမ်သစ် Oricon တွင် ထိပ်ဆုံးမှရပ်တည်

ကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် iKON သည် စက်တင်ဘာလကုန်ပိုင်းက ထွက်ရှိခဲ့သည့် ဂျပန်တေးအယ်လ်ဘမ် DUMB & DUMBER ဖြင့် Oricon weekly chart! တွင်ထိပ်ဆုံးမှရပ်တည်ခဲ့ကြောင်း သိရသည်။

iKON ၏ အဆိုပါဂျပန်တေးအယ်လ်ဘမ်သည် အချပ်ရေပေါင်း သုံးသောင်းရှစ်ထောင်ခန့် ရောင်းချခဲ့ရပြီးမှ Oricon အပတ်စဉ်ရောင်းအားစာရင်းတွင် နံပါတ်တစ်နေရာ၌ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

iKON ၏ iKON Japan Tour 2016 ဟု အမည်ပေးထားသည့် ဒုတိယမြောက် ကမ္ဘာလှည့်ဖျော်ဖြေပွဲကို အောက်တိုဘာလကုန်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးစန္ဒာမောင်**

## လှေမတော်တဆမှုတစ်ခုကြောင့် လက်ချောင်းပြတ်လုနီးနီးဖြစ်သည်အထိ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မင်းသမီး လင်းဆေးလိုဟန်

သရုပ်ဆောင်နှင့် အဆိုတော်တစ်ဦးဖြစ်သူ လင်းဆေးလိုဟန်သည် ပြီးခဲ့သည့် တနင်္ဂနွေနေ့ (အောက်တိုဘာ ၂ ရက်)က လှေမတော်တဆမှုတစ်ခုကြောင့် ၎င်း၏ လက်ချောင်းတစ်ချောင်းတွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း သိရသည်။

မင်းသမီး လိုဟန်က လှေစီးရင်း မတော်တဆမှုဖြစ်ပွားခဲ့ရာတွင် သူ၏လက်ချောင်းတစ်ချောင်းမှာ ပြတ်လုနီးနီးအထိ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါ ဒဏ်ရာရသောလက်ကို ကြီးမားလှသောပတ်တီးဖြင့် ပတ်စီးထားသော ဗီဒီယိုဖိုင်နှင့်အတူ မာလ်တီမီဒီယာ မိုဘိုင်းအက်ပလီကေးရှင်းတစ်ခုဖြစ်သည့် Snapchatသို့ ပြောကြားခဲ့သည်။

"တော်သေးတာပေါ့။ ကျွန်မလက်ကို ဆုံးရှုံးရတော့မလို့။ လက်ချောင်းအပြတ်လေးကို ပြန်တွေ့လို့ တော်သေးတာပေါ့။ အဲဒါ လက်ပြန်ဆက်ဖို့ လိုအပ်တဲ့ကုသမှုတွေ ပြုလုပ်ထားပါတယ်။ တော်တော်နာပါတယ်"ဟု မင်းသမီး လိုဟန်က အဆိုပါဗီဒီယိုဖိုင်တွင် ပြောကြားခဲ့သည်။

ဆက်လက်ပြီး မင်းသမီး လိုဟန်က ယင်းသို့ဖြစ်ရခြင်းမှာ မိမိဘာသာကျောက်ချရပ်နားရန် ကြိုးစားရင်းဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ကြောင်းကိုလည်း ၎င်း၏လူမှုကွန်ရက်ရှိ ၉ ဒသမ ၃ သန်းကျော်သော Followers ပရိသတ်များကို ရှင်းပြခဲ့သည်။

မင်းသမီးလိုဟန်၏ သူငယ်ချင်းတစ်ဦးအဆိုအရ အဆိုပါ လက်ချောင်းအပြတ်ကို လှေအတွင်း၌ ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ၎င်းအား ဆေးရုံသို့ အပြေးအလွှား ပို့ဆောင်ပေးခဲ့ကာ ဆေးကုသမှု ခံယူစေခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး TMZ သတင်းဌာန၏ သတင်းဖော်ပြချက်အရ ယင်းဖြစ်ရပ်သည် တူရကီနိုင်ငံအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လှေ၏ကျောက်ဆူးနှင့် ရစ်ပတ်မိသဖြင့် ရုန်းထွက်ရန်ကြိုးစားစဉ် ယင်းသို့ မတော်တဆမှုဖြစ်ပွားကာ လက်ချောင်းထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးစန္ဒာမောင်**



# မာရီယာရှာရာပိုဗာ ပြစ်ဒဏ်လျှော့ချခံရပြီးနောက် တင်းနစ်ကစားသမားများကို သတိပေးမှုပြုလုပ်ခဲ့သည့် ကမ္ဘာ့တင်းနစ်အဖွဲ့ချုပ်



၂၀၁၇ ခုနှစ် ဧပြီလတွင် တင်းနစ်ကစားခွင့် ပြန်လည်ရရှိတော့မည့် မာရီယာရှာရာပိုဗာ။

ကစားသမားများအနေဖြင့် တားမြစ်ဆေးသုံးစွဲမှုများ ပြုပြီးနောက် အယူခံဝင်ရုံမျှဖြင့် ဥပဒေကို လျစ်လျူရှု၍ ရမည်မဟုတ်ကြောင်း ကမ္ဘာ့တင်းနစ်အဖွဲ့ချုပ် (အိုင်တီအက်ဖ်)က မာရီယာရှာရာပိုဗာ၏ ပြစ်ဒဏ်လျှော့ချရန်အယူခံတင်သွင်းမှု အောင်မြင်ပြီးနောက် သတိပေးပြောကြားလိုက်သည်။ ယခင်ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ်ဟောင်း ရှာရာပိုဗာသည် အားကစားအယူခံတရားရုံး(ကတ်စ်)သို့ ၎င်း၏တားမြစ်ဆေးသုံးစွဲမှုပြစ်ဒဏ်အတွက် အယူခံလျှောက်ခဲ့ရာ မူလပြစ်ဒဏ်တင်းနစ်ကစားခွင့် နှစ်နှစ်တာ ပိတ်ပင်ခံရခြင်းမှ ၁၅ လအထိ လျှော့ချပေးခဲ့ပြီးနောက် ကမ္ဘာ့တင်းနစ်အဖွဲ့ချုပ်က ယခုကဲ့သို့ သတိပေးခဲ့ခြင်းဖြစ်သည်။ ရှာရာပိုဗာမှာ တင်းနစ်ကစားခြင်းမှ တားမြစ်ခံရပြီးနောက် ထပ်မံဆေးစစ်ဆေးရာတွင်လည်း တစ်လအတွင်း မယ်လ်ဒိုးနီးယန်းဆေးသုံးစွဲထားသေးကြောင်း တွေ့ရှိရသူဖြစ်သည်။ ရှာရာပိုဗာ တားမြစ်ဆေးသုံးစွဲထားသည်ကို ဩစတြေးလျအိုးပင်းပြိုင်ပွဲကာလ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ပြိုင်ပွဲများယှဉ်ပြိုင်ခြင်းမှ တားမြစ်ခံရသည်ဖြစ်ရာ သူ၏လျှော့ပေါ့ပြစ်ဒဏ်အရ လာမည့် ၂၀၁၇ ခုနှစ် ဧပြီ ၂၆ ရက်တွင် တင်းနစ်ပြန်လည်ကစားခွင့် ရရှိတော့မည်ဖြစ်သည်။

ရှာရာပိုဗာ၏အမာခံပရိသတ်များက အဆိုပါအယူခံအောင်မြင်မှုကို ကြိုဆိုခဲ့ကြသည်ကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖော်ပြခဲ့ကြသည်။ ဂရင်းစလင်း ငါးကြိမ် ချန်ပီယံဆုရယူနိုင်ခဲ့သူ ရှာရာပိုဗာမှာ ယင်းတားမြစ်ဆေးသုံးစွဲမှုမပေါ်ပေါက်မီ ၁၁ နှစ်ဆက်တိုက် အားကစားလောကတွင် ဝင်ငွေအကောင်းဆုံးအမျိုးသမီးအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ယခုနှစ်တွင် နာမည်ကြီး ကုမ္ပဏီများနှင့် စပွန်ဆာချုပ်ဆိုမှုရပ်ဆိုင်းသွားသဖြင့် ဆရီနာဝီလျံ၏နောက် ဒုတိယဝင်ငွေအကောင်းဆုံးအမျိုးသမီးအဖြစ်သာ ရပ်တည်နိုင်ခဲ့သည်။

ရှာရာပိုဗာက ၎င်းမှာ အိပ်မပျော်တတ်သည့်အလေ့အထကြောင့် လွန်ခဲ့သည့် ၁၀ နှစ်လောက်ကတည်းက မီဒရွန်းနိတ်ဆိုသည့်ဆေးကို သောက်သုံးနေခဲ့ရခြင်းဖြစ်ပြီး ယင်းဆေးသည် မယ်လ်ဒိုးနီးယန်းဟု အခြားအမည်ရသည့် ဆေးဖြစ်သည်ဆိုသည်ကို နောင်မှ သိခဲ့ရသည်ဟု ပြန်လည်ရှင်းလင်းခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ ကစားသမားများ တားမြစ်ဆေးသုံးစွဲမှုဆန့်ကျင်ရေးအေဂျင်စီ(ဝါဒါ) သည် မယ်လ်ဒိုးနီးယန်းကို ယခင်က တားမြစ်ဆေးစာရင်းတွင် ထည့်သွင်းခြင်းမပြုခဲ့သော်လည်း ဂျာမနီနိုင်ငံ ကိုလုံးမြို့ ဝါဒါစောင့်ကြည့်ရေးအဖွဲ့၏ ၂၀၁၅ ခုနှစ် တွေ့ရှိချက်အရ မယ်လ်ဒိုးနီးယန်းမှာ တားမြစ် ဆေးပမာဏ ၂ ဒသမ ၂ ရာခိုင်နှုန်းအထိ ပါဝင်နေခြင်းကြောင့် တားမြစ်ဆေးစာရင်းတွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဝါဒါသည် မယ်လ်ဒိုးနီးယန်းကို တားမြစ်ဆေးစာရင်းတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်ရောက်မှသာ အတည်ပြုစတင်ထည့်သွင်းခဲ့သော်လည်း ၂၀၁၅ စက်တင်ဘာလ ကတည်းက "မယ်လ်ဒိုးနီးယန်း(မီဒရွန်းနိတ်) ဆေးသည် ကစားသမားများ၏ စွမ်းရည်တိုးပွားမှုကို များစွာထောက်ပံ့ပေးသဖြင့် တားမြစ်ဆေးစာရင်း၌ ထပ်မံထည့်သွင်းမည်ဖြစ်သည်"ဟု ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

မယ်လ်ဒိုးနီးယန်းဆေးကို လတ်ဗီးယားနိုင်ငံက ၂၀၀၀ ပြည့်နှစ်အလွန်ကာလတွင် နှလုံးရောဂါနှင့် ဆီးချိုရောဂါသမားများအတွက် ရည်ရွယ်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းဆေးက အခန့်မသင့်ပါက ခေါင်းကိုက်ခြင်း၊ ကြွက်သားနာကျင်ခြင်းများဖြစ်နိုင်သော်လည်း ယင်းသည် သုံးစွဲမှုပမာဏ အလွန်များသွားသည့်အခါမျိုးမှသာ ဖြစ်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

မေလှဲ့သင်းရေးသားသည်

## ဆမ်အလာဒိုက်စ် လိမ်ညာပြောကြားခဲ့ကြောင်း ရွန်းနီဖွင့်ဟ

ဆလိုဗက်ကီးယားနှင့် ယှဉ်ပြိုင်ခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ရွန်းနီ ကစားချင်သည့်နေရာတွင်ထား၍ ကစားစေခဲ့ခြင်းသာဖြစ်သည်ဟု အင်္ဂလန်နည်းပြဟောင်း ဆမ်အလာဒိုက်စ်၏ ပြောကြားချက်မှာ အမှန်တရားနှင့် ဝေးကွာသည့် အကြောင်းတစ်ရပ်ဖြစ်ကြောင်း အင်္ဂလန်အသင်းခေါင်းဆောင် ဝိန်းရွန်းနီက ပြန်လည်ရှင်းလင်းပြောကြားလိုက်သည်။ ဆမ်အလာဒိုက်စ်မှာ အပြောင်းအရွှေ့မူဝါဒများနှင့်ပတ်သက်၍ စီးပွားရေးသမားများနှင့် ချိတ်ဆက်ခဲ့သည့် ဗီဒီယိုဖိုင်ပေါ်ပေါက်လာခဲ့ပြီးနောက် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကပင် အင်္ဂလန်နည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့သူဖြစ်သည်။

အင်္ဂလန်အသင်းသည် အဆိုပါပွဲစဉ်တွင် လယ်လာနာ၏ ပွဲချိန် ၉၅ မိနစ် အရောက်သွင်းယူသည့် တစ်လုံးတည်းသော ဂိုးဖြင့် ဆလိုဗက်ကီးယားအား အနိုင်ရရှိခဲ့ပြီး ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ရွန်းနီအား တိုက်စစ်နေရာအတွက် အသုံးမပြုခဲ့ဘဲ ကွင်းလယ်နေရာတွင် ထားကစားခဲ့ခြင်းကို မီဒီယာများက အဓိကထား မေးမြန်းခဲ့ရာ ဆမ်အလာဒိုက်စ်က ရွန်းနီစိတ်ကြိုက်ကစားချင်သည့်နေရာတွင်ထား၍သာ ကစားစေခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆမ်အလာဒိုက်စ်က အဆိုပါပွဲတွင် ကွင်းလယ်၌ ရွန်းနီကို ဟန်ဒါဆန်နှင့် အဲရစ်ဒိုင်ယာတို့နှင့် တွဲဖက်ကာ ၄-၃-၃ကစားကွက်ဖြင့် အထိုင်ချကစားစေခဲ့သည်။ ရွန်းနီမှာ ကွင်းလယ်နေရာတွင် အံဝင်အောင် ကစားနိုင်ခြင်းမရှိဘဲ ခြေစွမ်းပျောက်ဆုံးခဲ့ရာ ယင်းကိစ္စရပ်မှာ မီဒီယာများအတွက် အဓိကပစ်မှတ်မေးခွန်းဖြစ်ခဲ့ပြီး ဆမ်က ရွန်းနီမှာ နည်းဗျူဟာပိုင်းတိုင်ပင်လို့ရသည့် အားကိုးရသော အသင်းခေါင်းဆောင်ဖြစ်ကာ ၎င်းစိတ်ကြိုက်နေရာကို ၎င်းဘာသာ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။ ရွန်းနီက ဆလိုဗက်ကီးယားမှ အပြန်လေယာဉ်ပေါ်တွင် ဆမ်က ယင်းသို့ မီဒီယာများသို့ ယခုလို ပြောကြားမိခဲ့ခြင်းအတွက် သူ့အား ပြန်လည်တောင်းပန်ခဲ့ကြောင်း ဖွင့်ဟခဲ့ခြင်းဖြစ်သည်။


ရွန်းနီက " ဆမ်က ကျွန်တော်ကစားချင်တဲ့နေရာမှာ ထားကစားစေခဲ့တယ်လို့ ပြောတာက အမှန်တရားနဲ့ ဝေးကွာတဲ့ အကြောင်းတရား တစ်ရပ်ပါ။ ဒီလိုနေရာချခဲ့မှုက ကျွန်တော့်ရဲ့ ခြေစွမ်းကို ထိခိုက်စေခဲ့ပါတယ်။ ကျွန်တော်ဘယ်တုန်းကမှ ကိုယ်ကစားချင်တဲ့နေရာမှာ ကိုယ့်ကိုယ်ကိုယ်နေရာချတာမျိုးမရှိသလို ဒီလိုမျိုးလည်းအခွင့်အရေးယူခဲ့ခြင်းမရှိပါဘူး" ဟု ဖွင့်ဟခဲ့သည်။

ရွန်းနီမှာ ဆလိုဗက်ကီးယားနှင့် ပွဲစဉ်နောက်ပိုင်း မီဒီယာများ၏ ပစ်မှတ်သားကောင်ဖြစ်ခဲ့ပြီးနောက် မန်ယူအသင်းအတွက် ပြန်ကစားခဲ့ချိန်တွင်လည်း ခြေစွမ်းပိုင်းပျောက်ဆုံးသွားခဲ့ရာ မန်ယူနှင့် ပွဲထွက်ကစားခွင့်ပါ ဆုံးရှုံးခဲ့ရသည်။ မန်ယူကို မော်ရင်ဟို မကိုင်တွယ်မီက ရွန်းနီမှာ ရံဖန်ရံခါတွင် ဗဟိုကွင်းလယ်တွင် ကစားခဲ့ရသည်များလည်းရှိခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီတစ်ဝက်မှ စတင်၍ ဗန်ဟားလ်က ရွန်းနီအား ကွင်းလယ်နေရာတွင် ထားကာ ကစားစေခဲ့သည့် ဖြစ်ရပ်များလည်းရှိခဲ့သည်။ ဘောလုံးလောကတွင် တိုက်စစ်ကစားသမားများ အသက်အရွယ်ကြီးရင့်လာသည့်အခါ ပြိုင်ဘက်နောက်တန်းကို ကျော်ဖြတ်ရန် ခက်ခဲလာချိန်၌ နည်းဗျူဟာ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားသန် ကွင်းလယ်ကစားသမားအဖြစ် အပြောင်းအလဲပြု နေရာချတတ်သည့် အစဉ်အလာရှိတတ်သဖြင့် ဗန်ဟားလ်က ရွန်းနီကို ကွင်းလယ်တွင်ထား၍ ပြောင်းလဲ၍ကစားစေခဲ့ခြင်း ဖြစ်သည်။

ရွန်းနီက သူ၏ လက်ရှိအနေအထားမှာ တစ်ချိန်က ဥရောပတွင်နောက်ခံကစားသမားများ ထိန်းချုပ်ရအခက်ခဲဆုံး တိုက်စစ်မှူးနေရာမှ အဆင့်လျော့ကျသွားခြင်းကို လက်ခံသော်လည်း ၎င်းမှာ စိန်ခေါ်မှုကို နှစ်သက်သူဖြစ်သည့်အတွက် မကြာခင်အချိန်အတွင်း အကောင်းဆုံးပုံစံဖြင့် ပြန်လာမည်ဖြစ်ကြောင်း ဆိုခဲ့သည်။ အင်္ဂလန်အသင်းယာယီနည်းပြ ဆောက်ဂိတ်က ရွန်းနီမှာ ထူးချွန်သည့် ခေါင်းဆောင်အရည်အသွေးရှိသူဖြစ်သဖြင့် အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် ဆက်ရှိနေဦးမည်ဖြစ်ကြောင်း မကြာသေးမီကပင် ပြောကြားခဲ့သည်။

## မန်စီးတီးအသင်းလေ့ကျင့်ရေးကွင်းတွင် ဖုန်းမသုံးရဖုန်အဖြစ် ဂွါဒီယိုလာသတ်မှတ်ထား

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် အသင်း၏ လေ့ကျင့်ရေးကွင်းတွင် ဝိုင်ဖိုင်ပိတ်ထားခဲ့ခြင်းကြောင့် မန်စီးတီးကစားသမားများ လေ့ကျင့်ရေးကွင်းအတွင်း ဖုန်းအသုံးပြုနိုင်ခြင်းမရှိဘဲ ပိုမိုတိုးတက်သော အသင်းကောင်းတစ်သင်းဖြစ်လာရေးအတွက် ဖုန်းမသုံးရဇုန်သတ်မှတ်ထားခြင်းဖြစ်ကြောင်း နောက်တန်းကစားသမား ဇာဘလက်တာက ထုတ်ဖော်ပြောကြားလိုက်သည်။



နည်းပြဂွါဒီယိုလာ၏ နည်းစနစ်သည် နည်းပြပယ်လီဂရီနီ ထွက်ခွာသွားပြီးနောက်ပိုင်း ရလဒ်ပိုင်းကောင်းမွန်လာမှုကို သက်သေပြနိုင်ခဲ့ပြီး မန်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲစဉ်ခုနစ်ပွဲ ကိုင်တွယ်ပြီးချိန်တွင် စပါးအသင်းတစ်သင်းတည်းကိုသာ ရှုံးနိမ့်ကာ အမှတ်ပေးဇယားတွင်လည်း ထိပ်ဆုံး၌ ဦးဆောင်ထားနိုင်ခဲ့သည်။

"နည်းပြဂွါဒီယိုလာက ကစားသမားတွေကို နံနက်စာနဲ့ နေ့လယ်စာကို ကလပ်အသင်းမှာပဲ အတူစားဖို့ တွန်းအားပေးခဲ့တယ်။ လေ့ကျင့်ရေးကွင်းရဲ့ အဝတ်လဲခန်းမှာလည်း အင်တာနက်ပိတ်ထားပြီး အသင်းကောင်းတစ်သင်းဖြစ်လာဖို့ စီစဉ်နေတယ်။ လေ့ကျင့်ရေးကွင်းမှာဆိုရင် 3G တောင်မရဘူး"ဟု နည်းပြဂွါဒီယိုလာ၏ နေ့စဉ်လျှို့ဝှက်ချက်အချို့ကို နောက်တန်းကစားသမား ဇာဘလက်တာက ဖွင့်ဟပြောကြားခဲ့သည်။ နည်းပြဂွါဒီယိုလာသည် ရလဒ်ပိုင်းကောင်းမွန်သည့်အသင်းတစ်သင်းဖြစ်လာရေးအတွက် အသင်း၏ အတွင်းရေးလုပ်ဆောင်ချက်များကို လုပ်ဆောင်လျက်ရှိသည့်အပြင် ဒေါ့မွန်အသင်းမှ ဂါဘွန်ကြယ်ပွင့် အော့ဘာမီယန်ကိုပါ ခေါ်ယူအားဖြည့်ရန် စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။ အော့ဘာမီယန်မှာ ယခုဘောလုံးရာသီတွင် ဒေါ့မွန်အသင်းနှင့်အတူ ခုနစ်ပွဲကစား၊ ခုနစ်ဂိုးသွင်းထားကာ ၁၁ ဂိုးအထိ ဂိုးဖန်တီးပေးထားနိုင်ခဲ့သည်။ **(ငွေကြယ်)**

# ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေပြဌာန်း

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ**
**စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၈ ။)**
**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်**
**( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံသား** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူတို့ကို ဆိုသည်။

(ခ) **လက်နက်** ဆိုရာတွင် လက်နက်အက်ဥပဒေများနှင့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် လက်နက်၊ ကိရိယာတန်ဆာပလာများအပြင် သူတစ်ဦးဦးအား ဘေးအန္တရာယ်တစ်စုံတစ်ရာဖြစ်စေနိုင်သော ပစ္စည်းလည်းပါဝင်သည်။

(ဂ) **ငြိမ်းချမ်းစွာစုဝေးခြင်း** ဆိုသည်မှာ ဤဥပဒေနှင့်အညီ အများပြည်သူဆိုင်ရာနေရာတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ နိုင်ငံသားများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ လက်နက်မပါဘဲ ငြိမ်းချမ်းစွာရောက်ရှိခြင်း၊ ဟောပြောခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦးချင်းအနေဖြင့် အလားတူ ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(ဃ) **ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း** ဆိုသည်မှာ ဤဥပဒေနှင့်အညီ အများပြည်သူ ဆိုင်ရာလမ်းတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ နိုင်ငံသားများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ လက်နက်မပါဘဲ ငြိမ်းချမ်းစွာစနစ်တကျ လှည့်လည်ခြင်း၊ ကြွေးကြော်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦးချင်းအနေဖြင့် အလားတူဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(င) **အသိပေးတင်ပြချက်** ဆိုသည်မှာ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရန် ဤဥပဒေနှင့်အညီသက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့ စာဖြင့် အကြောင်းကြားခြင်းကိုဆိုသည်။

(စ) **ပိုစတာ** ဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှုမဖြစ်စေသော မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့်ရေးသား၍ဖြစ်စေ၊ ဆိုင်းဘုတ်၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း သို့မဟုတ် ရုပ်တုဖြင့်ဖြစ်စေ၊ ရုပ်မြင်သံကြား ထုတ်လွှင့်သည့်နည်းလမ်းဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ဖော်ပြပြီး လက်တွင် ကိုင်ဆောင်နိုင်ရန်၊ မြေတွင် စိုက်ထူနိုင်ရန်၊ အရာဝတ္ထုတစ်ခုခုတွင် ကပ်ထားနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသည့်အရာကို ဆိုသည်။

(ဆ) **ဆိုင်းဘုတ်** ဆိုသည်မှာ ပါတီ သို့မဟုတ် အသင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အမည်၊ အထိမ်းအမှတ်တံဆိပ်တို့ကို ရေးသားဖော်ပြချက်များ အပါအဝင် လူတစ်ဦးတစ်ယောက်၏အသရေကို နစ်နာမှုမဖြစ်သော မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့်ရေးသား၍ လက်တွင်ကိုင်ဆောင်နိုင်ရန်၊ မြေတွင် စိုက်ထူနိုင်ရန်၊ တစ်နေရာရာ၌ချိတ်ဆွဲနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသောအရာကိုဆိုသည်။

(ဇ) **အလံ** ဆိုရာတွင် နိုင်ငံတော်အလံ၊ တရားဝင်ပါတီနှင့် တရားဝင်အသင်းအဖွဲ့အလံတို့ ပါဝင်သည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို သုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့အား ဥပဒေအရ အကာအကွယ်ပေးရန်။

(ဂ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကိုသုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူအားအနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန်။

**အခန်း(၃)**
**အသိပေးတင်ပြခြင်း**

၄။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် မိမိသဘောထားဆန္ဒကိုဖော်ပြရန်အလို့ငှာ အောက်ပါအချက်များပါရှိသော အသိပေးတင်ပြချက်ကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ ဆောင်ရွက်မည့် နေ့မတိုင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်၍ စာဖြင့် ပေးပို့ တင်ပြရမည်။ စီတန်းလှည့်လည်ရာတွင် ဖြတ်သန်းလိုသည့် မြို့နယ်များရှိပါက သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးများထံ ၄၈ နာရီ ကြိုတင်၍ အသိပေးတင်ပြချက် မိတ္တူကိုပေးပို့ရမည် -

(က) ငြိမ်းချမ်းစွာစုဝေးခြင်း ပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ နေရာ၊ နေ့ရက်၊ အချိန်အပိုင်းအခြား၊ ငြိမ်းချမ်းစွာစုဝေးခြင်းပြုရာတွင် ဟောပြောလိုသည့် အဓိကအကြောင်းအရာနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ။

(ခ) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ လမ်းကြောင်း၊ နေ့ရက်၊ ဖြတ်သန်းလိုသည့် မြို့နယ်များ၊ အချိန်အပိုင်းအခြားနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ။

(ဂ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ အတွက် အသိပေးတင်ပြသူ၊ ဦးဆောင်မည့်ပုဂ္ဂိုလ်နှင့်ဟောပြောမည့် ပုဂ္ဂိုလ်တို့၏ အမည်နှင့် ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ။

(ဃ) ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုလုပ်မည့် အစီအစဉ်နှင့် ခန့်မှန်းလူဦးရေ။

(င) ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းနှင့်စပ်လျဉ်း၍ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ပါက ယင်းအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်မှတ်တမ်း သို့မဟုတ် အထောက်အထား။

(စ) ဤဥပဒေပါစည်းကမ်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသောစည်းကမ်းချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်။

**အခန်း(၄)**
**အသိပေးတင်ပြချက်ကို လက်ခံဆောင်ရွက်ခြင်း**

၅။ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မ ၄ အရ အသိပေးတင်ပြချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ ဆောလျင်စွာ တင်ပြရမည်။

၆။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၅ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံ ဆောလျင်စွာ တင်ပြရမည်။

၇။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တစ်နေရာတည်းတစ်ချိန်တည်းတွင် တစ်ဖွဲ့ထက်ပိုသောအဖွဲ့များမှ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရန်အတွက် အသိပေးတင်ပြလာပါက ဦးဆောင်သူများနှင့် ဆွေးနွေးညှိနှိုင်းပြီး ဖြေရှင်းဆောင်ရွက်ပေးရမည်။

**အခန်း (၅)**
**စည်းကမ်းချက်များ**

၈။ ငြိမ်းချမ်းစွာစုဝေးခြင်း ပြုလိုသူများသည် ပုဒ်မ ၄ အရ အသိပေးတင်ပြချက်တွင် ဖော်ပြထားသည့်နေရာတွင်သာ ငြိမ်းချမ်းစွာစုဝေးခြင်းပြုရမည်။

၉။ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုလိုသူများသည် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ရာတွင် အများပြည်သူအား အနှောင့်အယှက်မဖြစ်စေရေးအတွက် ပုဒ်မ ၄ အရ အသိပေးတင်ပြချက်တွင် ဖော်ပြထားသည့် လမ်းကြောင်းအစနေရာတွင် ငြိမ်းချမ်းစွာစတင်စုဝေးပြီး တင်ပြထားသည့်လမ်းကြောင်းအတိုင်းသာ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆောင်ရွက်ခွင့်ရှိသည်။

၁၀။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုသူများသည် -

(က) အများပြည်သူကို အနှောင့်အယှက် အဟန့်အတားဖြစ်စေခြင်း၊ စိတ်ပြိုပြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်း သို့မဟုတ် ဖိအားပေးဆွဲဆောင်ခြင်း ဖြစ်နိုင်သည့်အပြောအဆို သို့မဟုတ် အပြုအမူကို မပြုလုပ်ရ။

(ခ) စုဝေးသည့်နေရာ သို့မဟုတ် စီတန်းလှည့်လည်သည့် လမ်းကြောင်းတစ်လျှောက်တွင် ပတ်ဝန်းကျင်ညစ်ညမ်းစေမည့် အပြုအမူများ မပြုလုပ်ရ။

(ဂ) ယာဉ်များနှင့် လမ်းသွားလမ်းလာများ၊ ပြည်သူများကို အနှောင့်အယှက်ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် တမင်တားဆီးပိတ်ဆို့ခြင်းကို မပြုလုပ်ရ။

(ဃ) နိုင်ငံတော်နှင့် ပြည်ထောင်စုကိုဖြစ်စေ၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကိုဖြစ်စေ၊ လူ့ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားကို ဖြစ်စေ ထိခိုက်စေမည့်အပြောအဆိုနှင့် အပြုအမူများကို မပြုလုပ်ရ။

(င) မမှန်ကန်သော သတင်းများကိုဖြစ်စေ၊ မမှန်ကန်သော အချက်အလက်များကိုဖြစ်စေ ဟောပြောခြင်းမပြုလုပ်ရ။

(စ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ ပြုရာတွင် အသိပေးတင်ပြထားသည့် အလံ၊ ပိုစတာနှင့် ဆိုင်းဘုတ်များမှအပ အခြားအလံ၊ ပိုစတာနှင့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ခြင်း၊ ပြသခြင်းမပြုလုပ်ရ။

(ဆ) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရာတွင် လက်ကိုင်အသံချဲ့စက်မှအပ အခြားအသံချဲ့စက်များ အသုံးပြုခြင်းသော်လည်းကောင်း၊ အသိပေးတင်ပြထားသော ကြွေးကြော်သံများမှအပ အခြားကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်းသော်လည်းကောင်း မပြုလုပ်ရ။

(ဇ) လူသားအချင်းချင်း မတူကွဲပြားမှုကြောင့် ခွဲခြားနှိမ့်ချခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းတို့ကို ရည်ရွယ်သော အပြုအမူ၊ အပြောအဆိုတို့ကို မပြုလုပ်ရ။

(ဈ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ ပြုလုပ်စေရန် မရိုးမဖြောင့်သောသဘောဖြင့် သူတစ်ဦးဦးအား ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာပေး၍ သွေးဆောင်ခြင်း မပြုရ။

(ည) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း တို့ပြုရာတွင် သူတစ်ဦးဦးအားပါဝင်စေရန် ခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်ပြုခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာ သုံးခြင်းတို့ မပြုလုပ်ရ။

(ဋ) ဤဥပဒေပါ စည်းကမ်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာ လိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်များကို ဖောက်ဖျက်ခြင်း မပြုရ။

၁၁။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုသူများသည် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ပြုရာတွင်-

(က) မည်သည့်လက်နက်တစ်မျိုးမျိုးကိုမျှကိုင်ဆောင်ခြင်းမပြုရ။

(ခ) သူတစ်ဦးဦးအား ဘေးအန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် အကြမ်းဖက် တိုက်ခိုက်ခြင်းမပြုရ။

(ဂ) ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်းနှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများကို ထိခိုက်ပျက်စီးစေမည့် အပြုအမူများမပြုရ။

၁၂။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုသူများသည် ဤဥပဒေပါစည်းကမ်းချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသောစည်းကမ်းချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း လိုက်နာခြင်းမရှိ၍ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက တားမြစ်ပါက စုဝေးခြင်းနှင့်စီတန်းလှည့်လည်ခြင်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ လူစုခွဲရမည်။

**အခန်း(၆)**
**အရေးယူဆောင်ရွက်ခြင်း**

၁၃။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ခြင်း၊ စိတ်ပြိုပြင်စေခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုနိုင်စေရန်လည်းကောင်း၊ ဘေးအန္တရာယ်မဖြစ်စေရန်လည်းကောင်း ဒုတိယရဲအုပ်အဆင့်ထက်မနိမ့်သောရဲအရာရှိ ဦးဆောင်သည့်ရဲတပ်ဖွဲ့က လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ရမည်။

၁၄။ ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သောရဲအရာရှိတစ်ဦးဦးသည် -

(က) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ပြုလုပ်ရာတွင် ဤဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း လိုက်နာခြင်းမရှိကြောင်း တွေ့ရှိလျှင် ဖြစ်စေ၊ထိုသို့ လိုက်နာခြင်းမရှိကြောင်း တိုင်ကြားချက်ကို လက်ခံရရှိလျှင်ဖြစ်စေ ဦးဆောင်သည့်ပုဂ္ဂိုလ်အား သတိပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ သတိပေးသည်ကို လိုက်နာဆောင်ရွက်ခြင်း မရှိပါက မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ချက်ချင်းတင်ပြရမည်။

၁၅။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ခ) အရ တင်ပြချက်ကိုရရှိလျှင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံ ချက်ချင်းတင်ပြ၍ ခွင့်ပြုချက်ရယူပြီး စုဝေးခြင်း သို့မဟုတ် စီတန်းလှည့်လည်ခြင်းကို တားမြစ်နိုင်သည်။

**စာမျက်နှာ ၁၇ သို့**

# စက်မှုပိုင်းဆိုင်ရာထိန်းသိမ်းခြင်းနှင့်အဖွဲ့လိုက်ညှိနှိုင်း ဆောင်ရွက်ရန် ထွန်စက်ပိုင်တောင်သူများနှင့်တွေ့ဆုံ

**ရေတာရှည် အောက်တိုဘာ ၅**
လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ လျင်မြန်စွာ ကူးပြောင်းလျက်ရှိရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် တောင်သူများအနေဖြင့် ကိုယ်ပိုင်ထွန်စက်များကို ဝယ်ယူသုံးစွဲမှု များပြားလာသည်နှင့်အမျှ စက်မှုပိုင်းဆိုင်ရာ ထိန်းသိမ်းခြင်းနှင့်အစုအဖွဲ့လိုက်ညှိနှိုင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရန် အောက်တိုဘာ ၃ ရက်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အမှတ်(၄၈) စက်မှုလယ်ယာစခန်း အစည်းအဝေးခန်းမ၌ တောင်သူများနှင့် တွေ့ဆုံပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် တောင်ငူခရိုင် စက်မှုလယ်ယာဦးစီးမှူး ဦးခင်မောင်သန်းက တောင်သူများနှင့် တွေ့ဆုံရသည့်ကိစ္စကိုပြောကြားခဲ့ပြီး ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းမွန်က စက်မှုလယ်ယာစနစ်ကို အသွင်ကူးပြောင်းရေးတွင် ပုဂ္ဂလိက စက်ပိုင်အဖွဲ့အစည်းများလိုအပ်ကာ ထွန်စက်ပိုင်တောင်သူများအနေဖြင့် တစ်ဦးချင်းဆောင်ရွက်ခြင်းထက် အစုအဖွဲ့လိုက်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းနေရာဒေသကျယ်ပြန့်ခြင်း၊ စက်အသစ်များ ဝယ်ယူပါကလည်း ခိုင်မာမှုရှိခြင်း အပြင် ထွန်ယက်ခနှုန်းထားများကိုလည်း တစ်ပြေးညီ သတ်မှတ်ဆောင်ရွက်ခြင်းဖြင့် ငှားရမ်းသုံးစွဲကြသည့် တောင်သူများအတွက် အကျိုးကျေးဇူးများရနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထွန်စက် ဝယ်ယူသုံးစွဲလျက်ရှိသော တောင်သူများအနေဖြင့် စက်မှုလယ်ယာဦးစီးဌာနဖြင့် ပေါင်းစပ်လုပ်ကိုင်နိုင်ခြင်းဖြင့် စက်ယိုယွင်းမှုများကို ကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြုပြင်ဆောင်ရွက်နိုင်ခြင်း၊ စက်အပိုပစ္စည်းများကိုလည်း ဈေးနှုန်း၊ ပစ္စည်းအမျိုးအစားများကိုအချိန်ကြန့်ကြာမှုမရှိဘဲ မှန်ကန်စွာ အစားထိုးဝယ်ယူနိုင်မည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဆိုင်ကယ်ပြင်သင်တန်းဖွင့်

**ငဖဲ အောက်တိုဘာ ၅**
ငဖဲမြို့နယ် ချောင်းဖြူကျေးရွာအုပ်စု ချောင်းဖြူကျေးရွာ ရွာလယ်ဓမ္မာရုံ၌ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင် ရရှိစေရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ချောင်းဖြူကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းရွှေက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရှိန်မြင့်မောင်က ကျေးလက်ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းက ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားစေရေး ရည်ရွယ်၍ ဆိုင်ကယ်ပြင်သင်တန်း ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၀ ဦး တက်ရောက်ပြီး နည်းပြဆရာ နှစ်ဦးဖြင့် အောက်တိုဘာ ၃ ရက်မှ ၁၂ ရက်ထိ ၁၀ ရက်ကြာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# ဘီးလင်းမြို့နယ်အတွင်းရှိပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး အသိပညာပေး

**ဘီးလင်း အောက်တိုဘာ ၅**
ဘီးလင်းမြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်မီးအသုံးပြုရာတွင် စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်ရန်နှင့် လျှပ်စစ်အန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်းကို အောက်တိုဘာ ၃ ရက်က ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် သထုံခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းမင်းထွန်း၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးနောင်နောင်စိုးတို့က လျှပ်စစ်မီးကို ပြည်သူတွေ ပေါ့ပေါ့ဆဆ မသုံးဘဲ သတိနဲ့သုံးရန်၊ အိမ်တွင်လူမရှိသည့် အချိန်တွင် မီးခလုတ်သေချာစွာပိတ်ခြင်း၊ မိန်းချခြင်းများပြုလုပ်ရန်၊ လျှပ်စစ်မီးကို လိုအပ်သလောက်သာချွေတာသုံးစွဲပြီး၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကိုကလေးငယ်များ လက်လှမ်းမမီသည့်နေရာများတွင် တပ်ဆင် အသုံး ပြုရန်၊ ပြတ်ကျ၊ ပြုတ်ကျနေသောလျှပ်စစ်မီးကြိုးများ တွေ့ရှိလျှင် မြို့နယ်လျှပ်စစ်ရုံးသို့ အကြောင်းကြားရန် တို့ကို အသိပညာပေးဟောပြောခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ရိဒ်ရေကန်ရှုခင်းသာသစ်ကို အောက်တိုဘာလအတွင်းအပြီးသတ်ဆောင်ရွက်သွားမည်



**ရိခေါဒါရ် အောက်တိုဘာ ၅**
ချင်းပြည်နယ် ဖလမ်းခရိုင် ရိခေါဒါရ်မြို့ အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်း၏စီစဉ်ဦးဆောင်မှုဖြင့် အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန်အား မူလပုံစံအတိုင်းမြင်တွေ့နိုင်သည့် ရိဒ်ရေကန်ရှုခင်းသာသစ်ပြုလုပ်ခြင်းကို အောက်တိုဘာလအတွင်း အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်သည်။

အများပြည်သူများ စိတ်ကျေနပ်မှုရရှိစေရေးနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးရာတွင် အဆင်ပြေစေရေးတို့အတွက် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့တွင်းရှိ ရေကန်ရှုခင်းမြေနေရာအား ရိဒ်ရှုခင်းသာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ယခင်တောင်စောင်းအား အမြင့် လေးပေခန့်၊ အရှည်ပေ ၄၀ နှင့် အကျယ်ပေ ၂၀ ခန့်ကို မြေပြုပြင်ခြင်း၊ ကျောက်စီခြင်း၊ ကွန်ကရစ်လောင်းခြင်းနှင့် စတီးသံပန်းအကာ ပြုလုပ်ခြင်း၊ ယာဉ်များဝင်ထွက်သွားလာနိုင်စေရန် လမ်းဖောက်လုပ်ခြင်းများကို ပြုလုပ်ကာ ရန်ပုံငွေကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း သိရသည်။

ရိဒ်ရေကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၉၆၆ ရှိ တောင်ကုန်းပေါ်တွင်တည်ရှိပြီး ကန်ရေ၏ပတ်လည်သည် ၂ ဒသမ ၅ မိုင်ခန့်ရှိကာ ကန်ရေအနက်သည် ပေ ၅၀ မှ ပေ ၆၀ ခန့်ရှိသည်။

ကန်ပတ်ပတ်လည် တစ်လျှောက်တွင် ဝိညာဉ်ခြံစည်းရိုးပင်နှင့် မိုးမခပင်များဖြင့် ဝန်းရံထားသော်လည်း ရေချိုးဆိပ်နေရာ ပေ ၂၀၀ ခန့်တွင်မူ မည်သည့်အပင်မျှ ပေါက်ရောက်ခြင်းမရှိပေ။ ကန်ရေအတွင်းသို့ မည်သည့်စမ်းချောင်းရေမျှ စီးဝင်ခြင်းမရှိဘဲ ယင်းကန်အတွင်း ငါးမျိုးစိတ် ခြောက်မျိုးခန့် ကျက်စားနေထိုင်သည်။

အဆိုပါရိဒ်ရေကန်ရှုခင်းသာ ပြီးစီးသွားပါက နှစ်စဉ် ပြည်တွင်း၊ ပြည်ပနိုင်ငံများမှ လာရောက်လည်ပတ်သူများ၊ အပန်းဖြေလေ့လာရေးခရီး လာရောက်သူများပိုမိုများပြားလာမည် ဖြစ်သည်။

**ဇိုဟေဆာ**

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (VDP) ရေးဆွဲခြင်းဆိုင်ရာ သင်တန်း(၇/၂၀၁၆)ဖွင့်လှစ်

**ဆားလင်းကြီး အောက်တိုဘာ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် တုံကျေးရွာ လောကမာန်အောင်စေတီ ဓမ္မာရုံ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(VDP) ရေးဆွဲခြင်း သင်တန်း(၇/၂၀၁၆)ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ဆားလင်းကြီးမြို့နယ်မှာ ကျေးရွာအုပ်စု ၅၉ အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၅၀ ရှိတဲ့အထဲမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ကျေးရွာငါးရွာကို ကျေးရွာဖွံ့ဖြိုးရေး စီမံချက်တွေရေးဆွဲခဲ့ပြီးဖြစ်လို့ ကျန်ရှိနေသေးတဲ့ ကျေးရွာ ၁၄၅ ရွာကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ မြို့နယ်လုံးကျွတ် ပြီးစီးအောင်ရေးဆွဲနိုင်ဖို့အတွက် ကျေးရွာတစ်ရွာမှာ ကိုယ်စားလှယ်နှစ်ဦးစီနဲ့ သင်တန်းတွေကို ဖွင့်လှစ်ခဲ့တာ အခု သင်တန်းက အပတ်စဉ်ခုနစ်ခုမြောက် ဖွင့်လှစ်တဲ့ သင်တန်းဖြစ်ပါတယ်" ဟု ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးခိုင်က ပြောသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (VDP) ရေးဆွဲခြင်းဆိုင်ရာ သင်တန်းသို့ ဆားလင်းကြီးမြို့နယ်အတွင်းရှိ တုံကျေးရွာ အပါအဝင် အနီးပတ်ဝန်းကျင်ကျေးရွာ ၁၄ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ လေးရက်ကြာမြင့်မည် ဖြစ်သည်။

အဆိုပါသင်တန်းတွင် ကျေးရွာများ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များနှင့်ပတ်သက်သည့် စီမံချက်ရေးဆွဲခြင်းဆိုင်ရာ ပညာရပ်များကို စာတွေ့၊ လက်တွေ့ပို့ချမည် ဖြစ်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲခြင်း စီမံကိန်းပထမအဆင့်အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ် ၃၄ မြို့နယ်မှ ကျေးရွာပေါင်း ၁၇၀ တွင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

ယခုဒုတိယအဆင့်အနေဖြင့် မြို့နယ် ၂၉ မြို့နယ်ရှိ ကျေးရွာပေါင်း ၅၃၈၅ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (VDP)များ ရေးဆွဲခြင်းလုပ်ငန်းကို မြို့နယ်လုံးကျွတ် ပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**မင်းခန့်စိုး(ဧေယျာမြေ)**

# ငါးလုပ်ငန်းသင်တန်းကျောင်း(အထက်မြန်မာပြည်)၌ အခြေခံငါးမွေးမြူရေးသင်တန်း အမှတ်စဉ်(၂၉)သင်တန်းဖွင့်ပွဲကျင်းပ

**စစ်ကိုင်း အောက်တိုဘာ ၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းသင်တန်းကျောင်း (အထက်မြန်မာပြည်)၌ အခြေခံငါးမွေးမြူရေး သင်တန်းအမှတ်စဉ်(၂၉)သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီခွဲက စစ်ကိုင်းမြို့ ငါးလုပ်ငန်းသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ညီတိုးက အဖွင့်အမှာစကား ပြောကြားရာ အခြေခံငါးမွေးမြူရေး သင်တန်းများ ဖွင့်လှစ်ပေးခဲ့တာ ယခုအကြိမ်အပါအဝင် အမှတ်စဉ် ၂၉ ရှိပြီ ဖြစ်ကြောင်း၊ ဒီသင်တန်းက ပို့ချပေးမယ့် စာတွေ့ လက်တွေ့ပညာရပ်များကို စိတ်ဝင်စားစွာ သင်ကြားသွားကြပြီး မိမိတို့ဒေသ ရောက်ရှိတဲ့အခါ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားကြစေလိုကြောင်း၊ အထူးသဖြင့် ဒေသတွင်း ငါးစားသုံးမှု ဖူလုံစွာရရှိစေနိုင်ရေးအတွက် ကျေးလက်ဒေသများရှိ ငါးမွေးမြူရေး လုပ်ငန်းကို စိတ်ဝင်စားသည့်ပြည်သူများ သို့လည်း ကွင်းဆင်းပညာပေးဆောင်ရွက် လုပ်ကိုင်သွားကြစေလိုကြောင်း သို့မှသာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များကာ မိသားစုစားဝတ်နေရေး အဆင်ပြေနိုင်မှာဖြစ်ကြောင်း၊ တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ငန်းမှသည် စီးပွားဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်သည်အထိ ပညာပေးဆောင်ရွက်သွားကြစေလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို ၁၀ ရက်ကြာ သင်တန်းပို့ချပေးသွားမှာဖြစ်ပြီး အထက်မြန်မာပြည် ငါးလုပ်ငန်းသင်တန်းကျောင်းနှင့် ငါးလုပ်ငန်းဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၁၄ ဦး တက်ရောက်ခဲ့ကြကာ အဆိုပါ သင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ စစ်ကိုင်းခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်းလည်း သိရသည်။

**စော်မြင့်နိုင်**

စာမျက်နှာ ၁၅ မှ

၁၆။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မ ၁၅ အရ တားမြစ်သော်လည်း ဆက်လက်စည်းကမ်းဖောက်ဖျက်ခြင်းများ၊ လူစုမခွဲဘဲ စုဝေးခြင်း သို့မဟုတ် စီတန်းလှည့်လည်ခြင်းများရှိနေပါက မြို့နယ် ရဲတပ်ဖွဲ့မှူး သို့မဟုတ် ၎င်းက တာဝန်ပေးအပ်သော ဒုတိယရဲအုပ်အဆင့်ထက်မနိမ့်သောရဲအရာရှိ တစ်ဦးဦးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုကွဲသည်အထိ ဆက်လက်အရေးယူ ဆောင်ရွက်ရမည်။ ထိုသို့ အရေးယူဆောင်ရွက်ရာတွင် အင်အားအလွန်အကျွံသုံးစွဲခြင်းမရှိစေရန် ကြီးကြပ်ဆောင်ရွက်ရမည်။

၁၇။ ဤဥပဒေနှင့်အညီ အသိပေးတင်ပြခြင်းမရှိဘဲ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းပြုသည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို စုဝေးခြင်း သို့မဟုတ် စီတန်းလှည့်လည်ခြင်းပြုသည့်နေရာတွင်ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်အတိုင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးသည် ဆောလျင်စွာ အရေးယူဆောင်ရွက်ရမည်။

### အခန်း(၇)
### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၈။ မည်သူမဆို ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုသူများအား နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခြင်းကိုပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၁၉။ မည်သူမဆိုပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာသို့ အသိပေးတင်ပြခြင်းမရှိဘဲ စုဝေးခြင်း သို့မဟုတ် စီတန်းလှည့်လည်ခြင်း ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၀။ မည်သူမဆို ပုဒ်မ ၈၊ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၁ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ထိုသူသည် သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုခြင်းခံရမည်။

### အခန်း(၈)
### အထွေထွေ

၂၂။ ဤဥပဒေအရ အရေးယူသောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ်သတ်မှတ်သည်။

၂၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ပြစ်မှုဖောက်ဖျက်ကျူးလွန်သည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ တရားရုံးသို့ တရားစွဲဆို တင်ပို့ရမည်။

၂၄။ ဤဥပဒေ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ တို့အရ တရားစွဲဆိုရာတွင် ဆက်စပ်မြို့နယ်များ ပါဝင်နေပါက ပြစ်မှုကို စတင်ဖောက်ဖျက်ကျူးလွန်သည့် မြို့နယ်ရှိ တရားရုံးကသာ စီရင်ပိုင်ခွင့်ရှိသည်။

၂၅။ ပုဒ်မ ၄ အရ အသိပေး တင်ပြပြီးသူသည် အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း မပြုလုပ်လိုပါက သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးထံ ဆောလျင်စွာ အသိပေး တင်ပြရမည်။

၂၆။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ (၂၀၁၁ ခုနှစ်၊ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅။) အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် -

(က) နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၈။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅။)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပုပ္ပားတောင်ဒေသတွင် ရာသီစာဩဇာသီးများလှိုင်လှိုင်ပေါ် ဒေသခံအလုပ်သမားများ နေ့စဉ်ဝင်ငွေရ၍ အဆင်ပြေ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားမြောက်ဘက်ခြမ်းဒေသမှ ရာသီစာဩဇာသီးများ လှိုင်လှိုင်ခူးဆွတ်ရောင်းချနိုင်ပြီဖြစ်သဖြင့် အဆိုပါဒေသရှိ နတ်ကန်လည်၊ ဆည်၊ စီးမ၊ လျှော်တော အစရှိသည့် ကျေးရွာများမှ ဒေသခံတောင်သူများမှာ နေ့စဉ်ဝင်ငွေရရှိနေပြီး လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရာသီစာ ဩဇာသီးပေါ်ချိန်မှာ ပုပ္ပားဒေသတွင် ဝါဆိုလဆန်းမှစတင်ပြီး တန်ဆောင်မုန်းလကွယ်အထိ ခူးဆွတ်ရောင်းချရလေ့ရှိကြောင်း သိရသည်။ သီတင်းကျွတ်လတွင် အများဆုံးခူးဆွတ်ရကြောင်း သိရသည်။ ဩဇာသီးကို နှစ်ရက်ခြား၊ သုံးရက်ခြားတစ်ကြိမ် ခူးဆွတ်ရလေ့ရှိပြီး အသီးလှိုင်လှိုင်ပေါ်သည့်ကာလတွင် အပင် ၅၀၊ ၆၀ ရှိသောခြံမှ တစ်ကြိမ်ခူးလျှင် ဆိုင်းထမ်းဖြင့် ၂၅ ထမ်းခန့် ခူးယူရရှိနိုင်ကြောင်း သိရသည်။ ဆိုင်းထမ်းတစ်ထမ်းလျှင် ဩဇာသီးအလုံးရေ ၂၅၀ မှ ၃၀၀ခန့်ပါကြောင်း သိရသည်။

၎င်းဆွတ်ခူးရရှိပြီးဩဇာသီးများကို အတန်းအစားသုံးမျိုးခွဲ၍ ထင်းရှူးပြားရိုက်သေတ္တာများတွင် အင်ဖက်ငါးရွက်ခန့်ဖြင့် ထည့်သွင်းထုပ်ပိုးရခြင်းဖြစ်သည်။ ဩဇာသီးများကို အတန်းအစားခွဲခြားရာတွင် ထူးစ (အလုံးကြီးအနာအစာကင်း)၊ ရှယ်စ (အလုံးလတ်၊ အနာကင်း) နှင့် အကြီးစ (အလုံးသေး၊ အနာကင်း) ဟူ၍ သုံးမျိုးခွဲခြား၍ သေတ္တာထည့်ရခြင်းဖြစ်ကြောင်း သိရသည်။ ထင်းရှူးပြားသေတ္တာကိုလည်း ဩဇာသီးအလုံးကြီး ၂၅ လုံးမှ ၄၀ ခန့်ဆံ့သောသေတ္တာကို တာကြီးဟုခေါ်တွင်၍ အလုံး ၁၂ လုံးမှ ၃၀ လုံးခန့်အထိ ဝင်ဆံ့သောသေတ္တာကို တာသေးဟုခေါ်တွင်ကြကြောင်း သိရသည်။ တာကြီးတစ်လုံးတွင် ဩဇာသီး (ထူးသီး) ၂၀၊ ၂၅ လုံးခန့်ဆံ့၍ ရှယ်သီး ၄၅ လုံးခန့် ထည့်သွင်းနိုင်ပြီး တာသေးတစ်လုံးတွင် ထူးသီး ၁၂ လုံးမှ ၁၅ လုံးခန့်ဆံ့၍ ရှယ်သီးအလုံး ၃၀ ခန့် ဝင်ဆံ့ကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် တာကြီးတစ်လုံးလျှင် ရန်ကုန်အရောက်ဈေး (ထူးသီး) ၈၀၀၀ ကျပ်ရရှိကြောင်းနှင့် ရှယ်သီး ၆၀၀၀ ကျပ်ရရှိကြောင်း သိရသည်။ တာသေးတစ်လုံးလျှင် ထူးသီး ၄၀၀၀ ကျပ်နှင့် ရှယ်သီး ၂၅၀၀ ကျပ် ရရှိကြောင်း သိရသည်။ ပေါ်ဦးပေါ်ဖျားကာလများတွင်မူ တာကြီးတစ်လုံးလျှင် ၇၀၀၀ မှ ၁၀၀၀၀ ကျပ်အထိရရှိ၍ တာသေးတစ်လုံးလျှင် ၃၅၀၀ ကျပ်မှ ၅၀၀၀ ကျပ်အထိရရှိခဲ့ကြသည်။

ယခုလို အသီးလှိုင်လှိုင်ပေါ်ချိန်တွင် ဈေးနှုန်းကျဆင်းသွားကြောင်း သိရသည်။ အဆိုပါဩဇာသီးထည့်သည့် ထင်းရှူးပြားရိုက်သေတ္တာများကို ကျောက်ပန်းတောင်းမြို့မှ ဝယ်ယူရခြင်းဖြစ်ပြီး တာကြီးတစ်လုံးလျှင် ၅၀၀ ကျပ်နှင့် တာသေးတစ်လုံး ၄၀၀ ကျပ်ပေးရသည်။ အဆိုပါ သေတ္တာရိုက်သူများမှာလည်း ရာသီချိန်တစ်ချိန်စာမှာပင် ငွေကျပ် ၁၅ သိန်းမှ သိန်း ၂၀ ခန့်အထိရရှိကြကြောင်း သိရသည်။

ဩဇာသီးကို ခြံကျဉ်းပြီး မိသားစုများသူများကသာ ကိုယ်တိုင်ဆွတ်ခူးရောင်းချကြပြီး ခြံကျယ်ကြသူများမှာ အများအားဖြင့် တစ်ရာသီစာခြံပြတ် (ဒေသအခေါ်)တော ပြတ် ရောင်းချလေ့ရှိကြောင်း သိရသည်။ တစ်ဦးလျှင် အပင်ရေအနည်းအများအလိုက် အနည်းဆုံးငွေကျပ် ငါးသိန်းမှ အများဆုံးငွေကျပ် သိန်းကျော်ရရှိကြကြောင်း သိရသည်။



ပုပ္ပားမြောက်ဘက်ခြမ်းဒေသများဖြစ်သော နတ်ကန်လည်၊ လျှော်တော၊ ဆည်၊ စီးမ အစရှိသည့်ကျေးရွာများမှ ဒေသခံတောင်သူအလုပ်သမားများမှာ ရာသီစာဩဇာသီး ပေါ်ချိန်ဖြစ်သည့် ဝါဆိုလမှ တန်ဆောင်မုန်းလကုန်အထိ နေ့စဉ်ဝင်ငွေရရှိလျက်ရှိနေကြပြီး ခူးဆွတ်သူလုပ်သား (ကျား) တစ်ဦးလျှင် စားစရိတ်ငြိမ်း တစ်နေ့လုပ်အားခ ၅၀၀၀ ကျပ်ရရှိ၍ ခူးဆွတ်သည့်နေရာမှ ရွာသို့သယ်ပို့ပေးရသည့် အထမ်းသမတစ်ဦးလျှင် လုပ်အားခအဖြစ် ဆိုင်းထမ်းတစ်ထမ်းလျှင် အနီး ၅၀၀ ကျပ်၊ အဝေး ၁၀၀၀ ကျပ် ရရှိကြောင်း သိရသည်။ နေ့စဉ်ဝင်ငွေကျပ် ၁၀၀၀၀ နှင့် အထက်ရရှိနေကြောင်း သိရသည်။

ယင်းပြင် ကားတင်အလုပ်သမားများမှာလည်း ကားတစ်စီးတင်ခအဖြစ် ငွေကျပ် ၃၀၀၀ မှ ၅၀၀၀အထိ ရရှိကြပြီး အင်ဖက်ခူးယူရောင်းချသူများပင်လျှင် တစ်ရာသီလျှင်ငွေကျပ် ၅၀၀၀၀၀ ခန့်ရရှိကြောင်း သိရသည်။ ဆိုပါကျေးရွာများမှ ယခုရက်များအတွင်း တစ်နေ့လျှင် ၁၂ ဘီးကားနှစ်စီး၊ ခြောက်ဘီးကားသုံးစီးနှင့် ကင်တာကားငယ်များဖြင့်ပါ တင်ပို့ပေးနေရကြောင်းသိရပြီး ဒေသခံကျေးရွာများမှ အလုပ်သမားများ လုပ်ငန်းအဆင်ပြေလျက်ရှိကြကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**



# မဘိမ်းမြို့ကုန်းခါးကွင်း မိုးစပါး ဆင်းကေရီ(၃) မျိုးသန့်ကေ ၂၀ စိုက်ခင်းအား ကွင်းဆင်းစစ်ဆေး၍ စိုက်ပျိုးရေးအသိပညာပေးဆွေးနွေး

**မဘိမ်း အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် စိုက်ပျိုးရေးဝန်ထမ်းများသည် မဘိမ်းမြို့ ကုန်းခါးကွင်းအမှတ် ၄၉ မိုးစပါးဆင်းကေရီ(၃) မျိုးသန့်ကေ ၂၀ စိုက်ခင်းအား အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

မိုးမိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မြတ်မွန်၊ ခရိုင်မျိုးစေ့တာဝန်ခံ၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမျိုးသန့်နှင့် စိုက်ပျိုးရေးဝန်ထမ်းများသည် အဆိုပါ မိုးစပါးဆင်းကေရီ (၃) မျိုးသန့်ကေ ၂၀ စိုက်ခင်းမှ တောင်သူများနှင့်တွေ့ဆုံကာ မျိုးကွဲပယ်ခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်း၊ မျိုးစေ့သိုလှောင်ပုံနည်းစနစ်များ၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်းနည်းပညာများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာတာဝန်ခံများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ **ထိန်လင်းဦး(ပြန်/ဆက်)**

# သစ်တိုသစ်စများဖြင့် ပရိဘောဂပစ္စည်းမျိုးစုံကိုတွင်ကျယ်စွာပြုလုပ်ရောင်းချလျက်ရှိ

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးမြို့တွင် တန်ဖိုးနည်း သစ်သားပရိဘောဂပစ္စည်းများကို မိုဘိုင်းစနစ်ဖြင့် လှည့်လည် ရောင်းချလေ့ရှိသည်။ အချို့ဆိုင်များမှာ ပရိဘောဂလုပ်သည့်ဆိုင်များမှ ဖောက်သည်ယူကာ တစ်ဆင့်ဆိုင်ခင်းကာ ရောင်းချကြသည်။ လက်ရှိကာလတွင် သစ်တိုသစ်စများဖြင့် ပြုလုပ်သော တန်ဖိုးနည်း ပရိဘောဂပစ္စည်းများမှာ အရောင်းတွင်ကျယ်လျက်ရှိသည်။

တန်ဖိုးနည်းပရိဘောဂပစ္စည်းကို သစ်တိုသစ်စ (ဒေသအခေါ် ဘကာခြမ်း)များဖြင့် ပြုလုပ်ကြသည်။ သစ်သားအစုံကို လိုသလိုထည့်သွင်း ပြုလုပ်ကြသည်။ တန်ဖိုးနည်း သစ်သားပရိဘောဂများကို သစ်တိုသစ်စပယ်သားရရှိမှုပေါ် မူတည်ကာ အမျိုးမျိုးပြုလုပ်ကြသည်။

ခေတ်မီလာသောကာလတွင် ပရိဘောဂလုပ်ငန်းတွင် ရွှေဘော်ထိုးခြင်းမှအစ စရွေးဖောက်ခြင်းများပါ စက်ကိရိယာများကို အသုံးပြုသည့်အတွက် လုပ်ငန်းတွင်ကျယ်လျက်ရှိပြီး လူကြိုက်များကြသည်။

အများစုမှာ စုပေါင်းလုပ်ဆောင်ပြီး တစ်နှစ်ပတ်လုံး လုပ်ဆောင်ကြသည်။ လက်ရှိကာလတွင် တန်းလျား၊ စားပွဲ၊ သုံးပေစားပွဲ၊ လေးပေစားပွဲ၊ တီဗီစင်၊ ရေခဲသေတ္တာစင်ကလေးများကို အများဆုံးပြုလုပ်ကြသည်။ အသားအနေအထားပေါ် မူတည်ကာ လူငါးဦးစုပေါင်း လုပ်ဆောင်ပါက စားပွဲတန်းလျားတစ်မျိုးလျှင် ငါးခုံစီရရှိကြသည်။

ယခုအခါ တန်ဖိုးနည်းပရိဘောဂပစ္စည်းများကို လူသုံးများပြားလျက်ရှိပြီး တိုက်ရိုက် လာဝယ်သူများရှိသလို မိုဘိုင်းစနစ်ဖြင့် ရောင်းချသူများထံမှလည်း ဝယ်ယူကြသည်။

တန်ဖိုးနည်း ပရိဘောဂပြုလုပ်သည့်ဆိုင်တွင် လာရောက်ဝယ်ယူပါက တန်းလျားတစ်လုံးလျှင် ငွေကျပ် ၁၅၀၀၀၊ စားပွဲတစ်လုံးလျှင် ငွေကျပ် ၁၅၀၀၀၊ ရေခဲသေတ္တာစင်တစ်ခုလျှင် ငွေကျပ် ၇၅၀၀ ဖြင့် ရောင်းချလျက်ရှိသည်။

စားပွဲတန်းလျားများတွင် ပေအလိုက် ဈေးနှုန်းကွားခြားသွားတတ်သည်။ တန်ဖိုးနည်း ပရိဘောဂ ပြုလုပ်သူများထံမှ တစ်ဆင့်ဝယ်ယူသူများမှာ ဈေးနှုန်းပိုတတ်သည်။

လက်ရှိကာလတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သင်ပန်းကုန်းမြို့သစ်တွင် လူသုံးများသည့် တန်ဖိုးနည်း ပရိဘောဂပစ္စည်းများကို တွင်ကျယ်စွာပြုလုပ်ပြီး ပြန်လည် ရောင်းချလျက်ရှိသည်။

**တိမ်တမန်**



# ဘေးဒဏ်ခံနိုင်ရည်ရှိပြီး ပြုပြင်လွယ်သည့်မြို့တော်များ ၁၀၀ ကွန်ရက် မန္တလေးမြို့တော်အားရွေးချယ်ခံရ



**မန္တလေး အောက်တိုဘာ ၅**

သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် ပြည်သူလူထုကျန်းမာရေး ခြိမ်းခြောက်မှုအစရှိသော ထိတ်လန့်မှုများ တိုးတက်ခြင်း၏ အကြီးမားဆုံးဝန်ထုပ် ဝန်ပိုးသည် ဘေးအန္တရာယ်ကြုံတွေ့လျှင် ရင်ဆိုင်ဖြေရှင်းနိုင်ရန်လိုအပ်ခြင်း၊ နလန်ထူရန်ကြန့်ကြာစေခြင်း၊ ဆင်းရဲနွမ်းပါးသူများကို ပိုမိုထိခိုက်ခြင်း၊ အသက်မွေးဝမ်းကြောင်း လုပ်ငန်းမပျက်စီးခြင်းစသည်များ ဖြစ်ပေါ်နိုင်ပါသည်။

၂၁ရာစု ခြိမ်းခြောက်မှုများကို ပိုမိုပြင်ဆင်ခြင်းနှင့် ပိုမိုတုန့်ပြန်နိုင်ခြင်းနည်းလမ်းများကို ကူညီရန် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက် The Rockefeller Foundation မှ On Line က ဖိတ်ခေါ်ခဲ့ရာ မန္တလေးမြို့တော်ဝန်မှ လက်မှတ်ရေးထိုး၍ လျှောက်ထားခဲ့သည်။ တိုက်ကြီးခြောက်ခုရှိ မြို့ကြီး ၄၀၀ နီးပါးသည် မြို့ပြဘေးဒဏ်ခံနိုင်မှုကို တိုးတက်ရန်အတွက် နည်းပညာနှင့် အင်အားများကို ရရှိရန် လျှောက်ထားခဲ့ရာ ပထမအဆင့် မြို့တော် ၃၃ မြို့ ရွေးချယ်ခဲ့ပြီး မန္တလေးမြို့တော်ရွေးချယ်ခံခဲ့ရသည်။

The Rockefeller Foundationမှ နည်းပညာအကူညီပေးနိုင်ရေး ဦးစီးဆောင်ရွက်၍ မြို့တော်များအချင်းချင်း စုစည်းပြီး မိမိမြို့တော်၏ အခက်အခဲများ တစ်ဦးချင်း၊ အဖွဲ့အစည်းချင်း မြို့တွင်းရှိ စနစ်များအားလုံး၏ စွမ်းဆောင်ရည်များစုပေါင်း၍ တွေ့ကြုံနေရသောအခက်အခဲများ ရင်ဆိုင်ဖြေရှင်းရန်ပြင်ဆင်ခြင်း၊ ရင်ဆိုင်ဖြေရှင်းခြင်း၊ ရင်ဆိုင်ဖြေရှင်းခဲ့သော အတွေ့အကြုံများ မြို့တော်အချင်းချင်း ကွန်ရက်ဆက်သွယ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# အကျိုးပြုဇီဝ ကပ်ပါးနဂျီ လွှတ်ပေးခြင်း တောင်သူများအား ကွင်းသရုပ်ပြ

**ဝက်လက် အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ကျီးကန်ကျေးရွာအုပ်စုတွင် စိုက်ပျိုးထားသည့် မိုးစပါး ရွှေဘိုပေါ်ဆန်း မျိုးသန့်မျိုးစေ့ထုတ်စံပြကွက်၌ ဆစ်ပိုးအား ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းရန်အတွက် ဥကပ်ပါးနဂျီကတ်များကို တောင်သူ ဦးဝင်းနိုင်၏ မိုးစပါး(၁၀) ဧကတွင် လွှတ်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ ကွင်းဆင်းသရုပ်ပြပွဲတွင် ရွှေဘိုခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီသိန်းက ကပ်ပါးနဂျီများလွှတ်၍ ဆစ်ပိုးကာကွယ်နှိမ်နင်းခြင်းနှင့် သဘာဝပိုးသတ်ဆေး ဖျော်ရည်ပြုလုပ်သုံးစွဲနည်း အကြောင်းကိုလည်းကောင်း၊ မျိုးစေ့တာဝန်ခံ ဒေါ်မေကြွယ်ဝင်းက မျိုးစေ့ထုတ်လုပ်ရာတွင် စနစ်တကျ မျိုးကွဲပယ်ခြင်းများ အကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြပြီး လက်တွေ့ကွင်းဆင်းပြသခြင်းကို မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးနှင့် ဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကာ အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ဝန်ထမ်းနှင့် တောင်သူ စုစုပေါင်း ၇၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# မဲမော်ကျေးရွာ၌လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**လောင်းလုံး အောက်တိုဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မဲမော်ကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲကို အောက်တိုဘာ ၃ ရက် ညနေ ၅ နာရီက မဲမော်ကျေးရွာ ထရန်စဖော်မာ တပ်ဆင်ထားသည့်နေရာ၌ ကျင်းပခဲ့သည်။

ယင်းကျေးရွာတွင် အိမ်ခြေပေါင်း ၁၀၂ အိမ်ခန့်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေဖြင့် ပထမဆုံးအကြိမ် မီတာ ၃၀ တပ်ဆင်ပေးခဲ့ပြီး တစ်ယူနစ်လျှင်ငွေ ကျပ်သုံးရာနှုန်းဖြင့် လျှပ်စစ်မီးအသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါ လျှပ်စစ်မီးဖွင့်ပွဲသို့ တိုင်းဒေသကြီး ဒုတိယလျှပ်စစ်အင်ဂျင်နီယာမှူး ဦးထွန်းဝဏ္ဏ တက်ရောက်ဖွင့်လှစ်ခဲ့ပြီး ဒေသခံပြည်သူများအား သတိထားရမည့် လျှပ်စစ်အန္တရာယ်အကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။ မြို့နယ်အတွင်းရှိ ကျန်ရှိသောကျေးရွာများသို့လည်း ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**စိုးထွန်း(ပြန်/ဆက်)**

# ကျေးရွာချင်းဆက်မြေသားလမ်းမှ ကျောက်ချောလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်

**တပ်ကုန်း အောက်တိုဘာ ၅**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၇၂ ဒသမ ၉၄၄ သန်းဖြင့် တပ်ကုန်းမြို့နှင့် ပုဗ္ဗသီရိမြို့ဆက်သွယ်ထားသည့် သံကူကွန်ကရစ်လမ်းမှ ရွှေဥဒေါင်းကျေးရွာ၊ ရွှေးစုကျေးရွာထိ ရွာအဝင်လမ်းအား ပြုပြင်ရန်လိုအပ်ပြီး သွားလာမှုခက်ခဲသည့် လမ်းအရှည် ၁ မိုင် ၀ ဒသမ ၈ ဖာလုံခန့်ကို ကျေးလက်နေ ပြည်သူများ ရာသီမရွေး သွားလာနိုင်စေရန် ရည်ရွယ်၍ မြေသားလမ်းအဆင့်မှ ကျောက်ချောလမ်းအဆင့်တိုးမြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလမ်းအဆင့်တိုးမြှင့် ပြုပြင်ဆောင်ရွက်ရန် တင်ဒါအောင်မြင်သည့် (Royal Princes) ကုမ္ပဏီမှ စက်တင်ဘာ ၁၈ ရက်က လုပ်ငန်းများစတင်ဆောင်ရွက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် ဝန်ထမ်းများ ကြီးကြပ်လျက်ရှိသည်။ ယခုအဆင့်မြှင့်သည့်လမ်းမှာ မြေသားလမ်းအကျယ် ၁၈ ပေရှိ၍ ကျောက်ချောလမ်းခင်းခြင်း အကျယ် ၁၂ ပေ၊ (ဝဲ၊ယာ)လမ်းပခုံး အကျယ်သုံးပေဖြင့် ဆောင်ရွက်ထားရှိသည်။

"ကျွန်တော်တို့ ကျေးလက်နေပြည်သူများရဲ့ လူမှုစီပွားဘဝများ တိုးတက်ဖွံ့ဖြိုးလာစေရန် နိုင်ငံတော်မှ မီးရရှိရေးလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများနှင့် ယခုကဲ့သို့ ရာသီမရွေးသွားလာမှု လွယ်ကူစေရန် ကျေးရွာချင်းဆက် မြေသားလမ်းတွေကိုလည်း ကျောက်ချောလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးတဲ့အတွက် ဝမ်းသာမိပါတယ်။ ပြည်သူတွေအပေါ်မှာထားတဲ့ စေတနာကိုလည်း လေးစားပါတယ်။ အခုဆိုရင် ကျေးရွာတိုင်းလိုလို တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်သွယ်သွားလာဖို့ မခက်ခဲတော့ပါဘူး" ဟု ရွှေးစုကျေးရွာမှ လမ်းဘေးအနီး တောင်သူလုပ်ငန်းခွင်ကိုင်လုပ်နေသည့် အမျိုးသမီးတစ်ဦးက ပြောပြသည်။

**တင်စိုးလွင်**



# မိတ္ထီလာကန်ကို လှည့်ပတ်ကြည့်မိတဲ့ ခေတ်သစ် မထောင်းသာမောင်

ချမ်းသာ(မိတ္ထီလာ)



မိတ္ထီလာကန်ရေပြည့်မှတ်ရောက်ဖို့ ၁ ဒသမ ၇ ပေပဲ လိုတော့တယ်ဆိုတဲ့ စက်တင်ဘာလ ၂၉ ရက်နေ့မှာ မိတ္ထီလာကန်ကို စီးတော်ယာဉ်မော်တော်ဆိုင်ကယ်နဲ့ တစ်ပတ် ပတ်ကြည့်မိပါတယ်။

မိုးအဆက်မပြတ် ရွာသွန်းတာကြောင့် မိတ္ထီလာကန်နဲ့ကပ်လျက် ကန်အနောက်ဘက် နန်းတော်ကုန်းရပ်ကွက် လူနေအိမ်ခြေအချို့မှာ မိုးရေလျှံတက်တာ၊ ကန်ရေဝင်တာမျိုး ဖြစ်နေပြီဆိုလျှင် ကန်နဲ့ကပ်လျက်တည်ရှိတဲ့ ကျေးရွာတွေမှာလည်း ထူးခြားတဲ့ အခြေအနေမျိုးဖြစ်နိုင်တယ်ဆိုပြီး စိတ်ဝင်စားမိတာကြောင့် နှစ်ရက်ခန့် လှည့်ပတ်ကြည့်ခဲ့ပါတယ်။

စက်တင်ဘာလ ၂၉ ရက်နေ့မှာ မိတ္ထီလာတောင်ကန်ဘက် လူးခင်းကြီးကျေးရွာဘက်ကို ပေါက်ချောင်းရပ်ကွက် ကန်ပတ်လမ်းဘက်က သွားကြည့်မယ်ဆိုပြီး ဆိုင်ကယ်လေးနဲ့ထွက်လာတော့ ပေါက်ချောင်းဈေး တောင်ဘက်လမ်းကြားမှာ မိုးရေမြောင်းရေလျှံတက်နေတာ စတွေ့ရပါတယ်။ မိုးရေ မြောင်းရေလျှံတက်တာ နှစ်ရက်သုံးရက်ကြာပြီ၊ ကြက်ခြေနီရုံးထဲလည်း ရေတွေဝင်လို့ ပြန်ပြီးခပ်ထုတ် သန့်ရှင်းရေးလုပ်နေရတယ် ကိုချမ်းသာရေ ဆိုပြီး ကျွန်တော့်မိတ်ဆွေ ခရိုင်ကြက်ခြေနီတပ်ဖွဲ့ ခရိုင်ဦးစီးမှူး(ဒုတိယတန်း) ဦးနေဦးက ပြောပါတယ်။

ကန်ပတ်ကြည့်မယ်ဆို ထူးခြားရင် ပြောပါဦးဆိုတဲ့ ဦးနေဦး ဧည့်ခံသည့် လက်ဖက်ရည်သောက်ပြီး ပေါက်ချောင်းရေစက်ရုံများအနီးက လမ်းအတိုင်းခရီးဆက်တော့ မိတ္ထီလာကန်နဲ့ ငါးမွေးကန်ကြားက လမ်းပေါ်မှာ ရေတွေဖွေးဖွေးလှုပ်လို့နေတယ်။ မော်တော်ဆိုင်ကယ်၊ မြင်းလှည်း၊ လမ်းလျှောက်သူတွေကလည်း အဲဒီရေဖွေးဖွေးလမ်းပေါ်မှာ ဖြတ်သန်းသွားနေကြတယ်။ အဲဒီလမ်းပေါ်က ရေတွေကို ကန်ထဲ မြောင်းသွယ်လို့ လျော့နည်းအောင် လုပ်နေကြတဲ့ လူတစ်ချို့ကိုတွေ့ရပါတယ်။ စည်ပင်သာယာအဖွဲ့တွေပဲနေမယ်လို့ တွေးမိပါတယ်။

ခရီးဆက်တော့ စီမံကိန်းရုံးအနောက်ဘက် ချစ်သူစုံတွဲများစွာနားခိုရာ ကန်စပ်နေရာအားလုံး ကန်ရေလွှမ်းမိုးသွားပါပြီ။ မြို့နယ်သာသနာရေးဦးစီးဌာနရုံးခြံစည်းရိုးနားကို ကန်ရေကမေးတင်နေပါပြီ။ သာသနာရေးဦးစီးဌာနရုံးကိုကျော်ပြီး မကြာဘူး လူးခင်းကြီးကျေးရွာနဲ့ မိတ္ထီလာမြို့ကို ဆက်သွယ်ထားတဲ့ ကျေးလက်လမ်းကိုတွေ့ရပါပြီ။ လူခင်းကြီးကျေးလက်လမ်းကို မကြာသေးတဲ့ ကာလကမှ ဂန့်ဂါးကျောက်ချောလမ်းခင်းထားတာ တွေ့မိသေးတယ်။ အခုတော့ လျှံတက်တဲ့ မိတ္ထီလာကန်ရေကြောင့် မိတ္ထီလာကန်အနောက်ဘက် အစပ်ကနေ ကန်အရှေ့ဘက် လူးခင်းကြီးကျေးရွာအထိ ကန်ရေတွေဖုံးလွှမ်းပစ်လိုက်တာ ဂန့်ဂါးကျောက်ချောလမ်းလေးလည်း ကန်ရေအောက် ပျောက်သွားရှာတယ်။

လူးခင်းကြီးကျေးရွာထဲမှာ ကန်ရေများဝင်မလားတွေးမိပြီး အနီးက ငါးမျှားနေသူတစ်ယောက်ကို တီးခေါက်မိတော့ ကန်ရေ လမ်းကို ကျော်နေတာတော့ ကြာပြီ။ လူးခင်းကြီးရွာထဲထိတော့ မရောက်သေးဘူးလို့ သိရတယ်။ လူးခင်းကြီးကျေးရွာဒေသခံတွေက ဒီကန်ပတ်လမ်းက ကန်ရေကျော်လို့ ဖြတ်သန်းသွားလာခြင်း မပြုနိုင်ပေမယ့် တပ်မတော်ဆေးရုံ (ခုတင် ၅၀၀) ဝင်းထဲက အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်တာမို့ လမ်းပန်းဆက်သွယ်ရေးအရတော့ မြို့နဲ့အဆက်အသွယ် မပြတ်နိုင်ပါဘူး။

လူးခင်းကြီးကျေးရွာမြောက်ဘက် မိတ္ထီလာကန်စပ်က ဘုန်းတော်ကြီးကျောင်း နံရံအနီးအထိပဲ ကန်ရေထောက် (တက်) နေသေးတယ်ဆိုတဲ့ အကြောင်းသိပြီး ရွာအထိတော့ ရောက်အောင်သွားဦးမယ်တွေးပေမယ့် အဲဒီနေ့က လူးခင်းကြီးကျေးရွာအထိ မရောက်ခဲ့ပါဘူး။ ကျွန်တော့ခြေထောက် (ပေါင်) အထိရောက်တဲ့ လမ်းပေါ်ကရေတွေထဲ ဆိုင်ကယ်ဆင်းတွန်းပြီး ကုန်းပေါ်တဲ့နေရာတစ်ခုရှာလို့ မှတ်တမ်းဓာတ်ပုံရိုက်ပြီး ပြန်ခဲ့ပါတယ်။ ကံကောင်းထောက်မစွာနဲ့ ဆိုင်ကယ်က အန္တိုးရခက်တာကလွဲလို့ အင်ဂျင်ကို ကန်ရေမြုပ်ပေမယ့် မောင်းနှင်လို့ရပါတယ်။

အလာတုန်းကတွေ့ခဲ့တဲ့ မိတ္ထီလာကန်နဲ့ ငါးမွေးကန်ကြားက ပေါက်ချောင်းလမ်းပေါ် ရေကျော်နေတာကို ရေလျော့နည်းအောင်လုပ်နေတဲ့ လူတွေကြားမှာ အသိတစ်ယောက်တွေ့လို့ လုပ်လှချည်လားဗျလို့ အားပေးစကားဆိုသလို နှုတ်ဆက်လိုက်တော့ သတင်းစာထဲ ပါမှာစိုးလို့ဗျို့ ဆိုပြီး ရယ်မောပြီးပြောပါတယ်။ သူ အဲဒီလို ပြောတာကြားတော့ ဌာနဆိုင်ရာတစ်ခုက အရာရှိတစ်ဦးက သတင်းအတွက် အချက်အလက်မေးခိုက် သတင်းတော့မရေးပါနဲ့ဗျာလို့ ပြောတာကို တွေးပြီး သတိရတယ်။ ပြုံးလည်း ပြုံးမိတယ်။

လူတိုင်းမြင်နေ ကြားနေသိနေတဲ့ အကြောင်းအခြင်းအရာကို သတင်းမရေးပါနဲ့ ပြောတော့ သတင်းအမှန်မသိဘဲ ပြောချင်ရာ ပြောနေကြတဲ့ ကောလာဟလ သတင်းတွေ လူကြားထဲပြန့်နေတာထက် သတင်းအချက်အလက်မှန်အောင်၊ လူတွေ သတိထားနိုင်အောင်၊ ပြည်သူအတွက် ကောင်းကျိုးပြုနိုင်အောင် ကြိုးစားရှာဖွေရေးသားဖော်ပြမယ့်သတင်းက ထူး၍ မကောင်းဘူးလို့များ စိတ်ထဲထင်နေကြသလားလို့လည်း တွေးမိပါတယ်။

ကြက်ခြေနီရုံးက မိတ်ဆွေကြီး ဦးနေဦးကို လူးခင်းကြီးကျေးရွာသွားတဲ့ ကန်ပတ်လမ်း ကန်ရေကျော်နေတဲ့ အကြောင်း အကျိုးသင့်အကြောင်းသင့် ဝင်ပြောပြီး ပေါက်ချောင်းဈေးတောင်ဘက် ရေကျော်နေတဲ့ လမ်းပေါ်က ဆိုင်ကယ်ကိုမမောင်းဘဲ ဆက်သွယ်ရေးရိပ်သာတောင်ဘက် ရေကျော်နေတဲ့ ကန်ပတ်လမ်းပေါ်ကပဲ ပြန်ခဲ့ပါတယ်။ မိတ္ထီလာကန်ကူးတံတားကို ဖြတ်တော့ ယာဘက် ကန်ထဲငဲ့ကြည့်ခိုက် ရေလယ်ဘုရားမှာရှိတဲ့ နဂါးရုပ်တွေက ရေငုတ်စပြုပါပြီ။

မြောက်ဘက်ကိုငဲ့ကြည့်ပြန်တော့ မီးရထားလမ်းမြောက်ဘက် မိတ္ထီလာမြောက်ကန် ရေကျော်နေရာမှာ ကန်ရေကျော်တာကို စိတ်ဝင်တစား ဝိုင်းဝန်းကြည့်ရှုနေကြသူများကို ခပ်ရေးရေး လှမ်းမြင်ရတယ်။ အန္တရာယ်ကင်းဖို့ ဆိုင်ကယ်ကို ဂရုစိုက်မောင်းပြီး ပြန်လာတယ်။ မြို့လယ်ဘုရားအနီးက နဂိုက ပျက်နေတဲ့ လမ်းတွေက မိုးရွာလို့ သာဆိုးလို့နေတယ်။ မနက်ဖြန်ရောက်ရင် ကန်အနောက်မြောက်ဘက် အုတ်နဲ့ဘုတ်ကျေးရွာဘက်ကိုသွားမယ်ဆိုပြီး စိတ်ထဲတေးထားခဲ့တယ်။ ဝန်ထမ်းတစ်ဦးလည်းဖြစ်တာမို့ ရုံးအချိန်အမီ ရုံးတက်နိုင်ဖို့ လိုအပ်တာကြောင့် ခပ်စောစော လှည့်ပြန်ခဲ့ပါတယ်။ ရသလောက် အချက်အလက်နဲ့ သတင်းရေးချင်ပေမယ့် လူးခင်းကြီးကျေးရွာလည်း မရောက်ဖြစ်သေးဘူး။ အုတ်နဲ့ဘုတ်ကျေးရွာလည်း ကိုယ်တိုင်မရောက်သေးတာမို့ သတင်းရေးပို့မယ် မစိတ်ကူးမိဘူး။

နောက်တစ်နေ့ မနက်စောစော သူငယ်ချင်းတစ်ယောက်နဲ့အတူ လူးခင်းကြီးကျေးရွာဘက်ကို ဆိုင်ကယ်တစ်စီးစီနဲ့ ထွက်ခဲ့ပါတယ်။ တပ်မတော်ဆေးရုံ ခုတင် ၅၀၀ ဝင်းထဲကဖြတ်ပြီး လူးခင်းကြီးကျေးရွာထိပ်ကိုရောက်တော့ တောင်ဘက်နေရွာလမ်းကိုဖြတ်ပြီး မြောင်းငယ်တစ်ခုအသွင်နဲ့ မိုးရေ၊ မြောင်းရေအချို့ မိတ္ထီလာကန်ထဲကို ဦးတည်သွားနေတယ်။ လူးခင်းကြီးကျေးရွာအနောက်ဘက်ထိပ် ဘုန်းတော်ကြီးကျောင်းထဲအထိ ကန်ရေတွေတက်နေပေမယ့် နေထိုင်လို့မရအောင် နစ်မြုပ်တဲ့အနေအထားမျိုးတော့ မဟုတ်ပါဘူး။ ကန်အနောက်ဘက် လူးခင်းကြီးကျေးရွာကနေ မိတ္ထီလာမြို့ပေါ်ကိုသွားတဲ့ ကန်ပတ်လမ်းထွက်ရာဘက်မှာ ကျေးရွာအစပ်အထိ ကန်ရေတွေဝင်ရောက်နေပါပြီ။

အဲဒီကန်ပတ်လမ်းကြီး ကန်ရေအောက်ရောက်သွားပေမယ့် ခြေပလ္လင်ချိတ်ပြီး ကန်စပ်တစ်လျှောက် ငါးထိုင်မျှားနေတဲ့ ကျေးရွာသားတွေကို တွေ့ရတယ်။ သူတို့က ကန်ထဲမှာ ငါးဖမ်းတဲ့လုပ်ငန်းလုပ်ရင်း ဝမ်းစာရှာတဲ့သူများမို့ ကန်ရေတက်တာတော့ အထူးအဆန်း သဖွယ်မဟုတ်တော့ပါဘူး။ သုံးလေးနှစ် တစ်ကြိမ်၊ ငါးနှစ်တစ်ကြိမ်လောက်တော့ မိတ္ထီလာကန်ရေတက်တတ်တယ်ဆိုတာ စိတ်ထဲမှာ စွဲနေကြဟန်တူပါတယ်။

အဲဒီ လူးခင်းကြီးကျေးရွာကပြန်တော့ မိတ္ထီလာမြို့ မိတ္ထီလာကန်ရဲ့ နာမည်ကျော်ကြားတဲ့ ရေလွှတ်တံခါးဖြစ်တဲ့ ရေကျော်တံခါးနေရာက ကန်ရေလွှတ်နေတာကို မှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ပါသေးတယ်။ စက်တင်ဘာလ ၂၉ ရက်နေ့ကတော့ ကန်ရေကို တစ်ပေခန့် လွှတ်ပေးနေတယ်ဆိုပေမယ့် အောက်တိုဘာလ ၂ ရက်နေ့မှာ မိတ္ထီလာကန်ရေကို နှစ်ပေခွဲခန့်လွှတ်ချပေးနေရပါတယ်။ ကန်ရေကတော့ နေ့စဉ်မိုးအဆက်မပြတ်ရွာသွန်းတာရော၊ အထက်ဘက် ကန်ရေဝင်ချောင်းများက နေ့စဉ်စီးဝင်နေတာကြောင့်ရော လျော့နည်းသွားခြင်းမျိုးမရှိသေးပါဘူး။ အောက်တိုဘာလ ၃ ရက်နေ့မှာတော့ ပေါက်ချောင်းဈေးအနီးမှာ မိုးရေမြောင်းရေတွေက မြန်မာ့စီးပွားရေးဘဏ်၊ ကြက်ခြေနီရုံးနဲ့ ရပ်ကွက်ထဲက လူနေအိမ်အချို့ထဲမှာ ဝင်ရောက်နေစပြုတာကိုတွေ့ရပါတယ်။ ပေါက်ချောင်းဈေးတောင်ဘက် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းဝန်းထဲကိုလည်း မြောင်းရေ၊ မိုးရေအချို့ ဝင်ရောက်နေတာတွေ့ရပါတယ်။ အဲဒီရေတွေအားလုံးက မိတ္ထီလာကန်ထဲကို တဖြည်းဖြည်း စီးဆင်းသွားပြီးမှ လျော့နည်းသွားတာပါ။

အဖော်ပါလာတဲ့ သူငယ်ချင်းဖြစ်သူရဲ့ဆိုင်ကယ်ကို ကြက်ခြေနီရုံးထဲမှာ ခေတ္တထားခဲ့ပြီး ကျွန်တော်တို့ စီးတော်ယာဉ်ဆိုင်ကယ်လေးနဲ့ပဲ မိတ္ထီလာကန်အနောက်မြောက်ဘက် ယွန်းယွန်းလောက်မှာရှိတဲ့ အုတ်နဲ့ဘုတ်ကျေးရွာကို ခရီးဆက်ခဲ့ပါတယ်။ လမ်းမှာ နန်းတော်ကုန်းရပ်ကွက် ချမ်းအေးသာယာနယ်မြေကို ဖြတ်တော့ လူနေအိမ်ခြေအချို့ မိုးရေ၊ မြောင်းရေလျှံတက် ဝင်ရောက်မှုဒဏ်ခံနေတာကို တွေ့ရပါတယ်။

ချမ်းအေးသာယာနယ်မြေကိုကျော်တော့ လက်ပံခါးကော့ကျေးရွာလမ်းဘက်ကို ဆိုင်ကယ်ဦးတည့်တုန်း အဲဒီလမ်းက လမ်းဆိုးလွန်းတယ်။ ရှင်မြို့ရွာဘက်က ပတ်သွားဆိုပြီး လမ်းညွှန်တဲ့ဒေသခံတစ်ဦးကြောင့် ရှင်မြို့ရွာဘက်က ပတ်ပြီးသွားပါတယ်။ ရှင်မြို့ရွာအရှေ့ဘက်က နတ်စင်ချောင်းကို ဖြတ်ဆောက်ထားတဲ့ ပေ ၂၀၀ ခန့်ရှည်တဲ့ သစ်သားတံတားက အလယ်ဗဟိုခါးအိကျပြီး ရေစီးသန်တဲ့ ချောင်းအလယ်မှာ ခါးကျိုးနေတဲ့ မြွေတစ်ကောင် ချောင်းကူးသလို ဖြစ်နေပါတယ်။

အဲဒီတံတားအနီးမှာ ရေချိုးနေတဲ့ ကျေးရွာဒေသခံတချို့ကိုတွေ့ရပါတယ်။ ရှင်မြို့ရွာ အနောက်ဘက်မှာလည်း မိတ္ထီလာကန်ရေထောက်ပြီး ဝင်ရောက်စပြုပြီဆိုလို့ ဝင်ကြည့်ခဲ့ပါသေးတယ်။ အမှန်ပဲ ရွာထဲကို ကန်ရေအချို့ ဝင်ရောက်နေတာကိုတွေ့ရပါတယ်။ ရှင်မြို့၊ လက်ပံ-ခါးကော့၊ ရွာမကျေးရွာတွေကို မိတ္ထီလာကန်ရေပြည့်တဲ့ နှစ်တိုင်း ချောင်းရေလျှံတက်ဝင်ရောက်တတ်တာမို့ နတ်စင်ချောင်း ၊ လက်ပံ-ခါးကော့ချောင်းများကို လွန်ခဲ့တဲ့နှစ်နှစ်ခန့်က တူးဖော်ပြုပြင်ခဲ့ပါသေးတယ်။

လက်ပံ-ခါးကော့ရွာချောင်းကူးတံတားကို ဖြတ်ပြီး ဂဋ္ဌုန်ကုန်း၊ အုတ်မြေကန်၊ ကျောက်ဖြူကုန်းကျေးရွာ ၃ ရွာကို လွန်တော့ ယာကွက်များကြားက လမ်းကတစ်ဆင့် အုတ်နဲ့ဘုတ်ကျေးရွာကိုရောက်ပါတယ်။ အုတ်နဲ့ဘုတ်ကျေးရွာက မိတ္ထီလာမြောက်ကန် အနောက်မြောက်ယွန်းယွန်းမှာ တည်ရှိပြီး အိမ်ခြေ ၁၄၀ ခန့် လူဦးရေ ၅၆၀ ဦးခန့်နေထိုင်ပါတယ်။

စာမျက်နှာ ၂၀ သို့

## မိတ္ထီလာကန်ကို လှည့်ပတ်ကြည့်မိတဲ့... စာမျက်နှာ ၁၉ မှ

စာမျက်နှာ ၁၉ မှ

ရွာကို နောက်ဆုံးရောက်ခဲ့တာ ဇူလိုင်လ ဒုတိယပတ်အတွင်းလောက်ပါ။ ရွာကိုရောက်တော့ ကျွန်တော်မရောက်ခဲ့တဲ့အချိန်အတွင်း ထူးထူးခြားခြားပြောင်းလဲသွားတာက မိတ္ထီလာကန်ရေက ရွာမြောက်ဘက် ကန်စပ် လူနေအိမ်အချို့ရဲ့ အိမ်ကြမ်းပြင်နေရာတွေအထိ ကန်ရေတက်ရောက်နေတာကို မြင်တွေ့ရတာပါပဲ။ အိမ်ထဲမှာ နွားစာ၊ ဝက်စာထားစရာနေရာမရှိလို့ မီးကင်းတဲပေါ်မှာ ယာယီထားနေကြတဲ့အကြောင်း ရွာအနီး မိတ္ထီလာကန်ထဲကိုလှေလှော်ပြီး လိုက်ပို့တဲ့ ဒေသခံတစ်ဦးက ပြောပါတယ်။ ရွာအရှေ့ဘက်မှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တူးဖော်ပေးထားတဲ့ မြေသားသောက်ရေကန်ကလည်း မိတ္ထီလာကန်ရေအောက် မြုပ်သွားလို့ ကာရံထားတဲ့ သံဆန်ခါခြံစည်းရိုးတွေနဲ့ ဆိုင်းဘုတ်ကိုပဲ မြင်တွေ့ရပါတော့တယ်။ မိတ္ထီလာကန်ရေဝင်ရောက်နေတဲ့ လူနေအိမ်အချို့နဲ့ ကျေးရွာကိုယ့်အားကိုယ်ကိုး သောက်ရေတွင်းကိုလည်း လိုက်ပြသေးတာမို့ မှတ်တမ်းဓာတ်ပုံ စုံလင်စွာရိုက်ခဲ့ပါတယ်။ လှေကို ရွာထဲက ကန်ရေတက်နေတဲ့ နေအိမ်ရှေ့မှာပြန်ဆိုက်တော့ ဆိုင်ကယ်ထားတဲ့နေရာအထိ လှေလှော်ပို့ပေးတဲ့ဒေသခံအမျိုးသားကြီးက သဘောကောင်းစွာ လမ်းလျှောက်လိုက်ပို့ပါသေးတယ်။

ရွာမှာ သောက်သုံးရေ အခက်အခဲဖြစ်နေကြောင်း၊ ကျေးရွာဒေသခံများ စိုက်ပျိုးထားတဲ့ ကိုင်းသီးနှံတော်တော်များများလည်း ကန်ရေအောက်ရောက်သွားတာမို့ လူစာ နွားစာ ခက်ခဲကြောင်းပြောပါတယ်။ ကျွန်တော်လည်း လူမှုရေးအသင်းအဖွဲ့အချို့ကို ဆက်သွယ်ပြောကြားပေးပါမယ့်အကြောင်း၊ တတ်စွမ်းသရွေ့လည်း သတင်းမီဒီယာများသို့ သတင်းရေးသားပေးပို့ပေးပါမည်ဖြစ်ကြောင်း ပြောကြားပြီး ရွာကသူငယ်ချင်းဖြစ်သူနဲ့အတူ အုတ်နဲ့ဘုတ်ကျေးရွာက ပြန်ခဲ့ပါတယ်။

လာလမ်းအတိုင်း မပြန်ဘဲ မြောက်ဘက်ကို ဆက်ပြီးသွားရင် မိတ္ထီလာကန်ရဲ့ မြောက်ဘက် အင်းပက်လက်ကျေးရွာမှတစ်ဆင့် မိတ္ထီလာ-မြင်းခြံကားလမ်းမပေါ်ရောက်ပြီး မိတ္ထီလာမြို့ပေါ်ကို ပြန်လည်ရောက်ရှိနိုင်ပေမယ့် လာရာလမ်းဘက်ကပဲပြန်ခဲ့ပါတယ်။ အုတ်နဲ့ဘုတ်ကျေးရွာမူလတန်းကျောင်းက ကျောင်းအုပ်ဖြစ်သူနဲ့ မနေ့ကတွေ့ခိုက် ပြောခဲ့တာကိုလည်း ပြန်တဲ့လမ်းမှာ သတိရပါတယ်။

ရွာကမူလတန်းကျောင်းမှာလည်း သောက်သုံးရေအခက်အခဲဖြစ်နေတာမို့ ကျောင်းသားအချို့အတွက် သောက်သုံးရေကို ပူပန်နေရကြောင်း၊ တတ်နိုင်တဲ့မိဘက ရေသန့်ဘူးဝယ်ပေးလိုက်တာမျိုး၊ ရေနွေးကျိုချက် ရေဘူးနဲ့ထည့်ပေးလိုက်တာမျိုးရှိပေမယ့် မတတ်နိုင်တဲ့ ကျောင်းသားအချို့အနေနဲ့ သောက်သုံးရေဘူးမပါလာသဖြင့် အခက်အခဲဖြစ်ရကြောင်း၊ ကျောင်းသားများအတွက် ရေသန့်ဘူးကြီးကို နီးနီးနားနားဝယ်ယူ၍ရနိုင်သည်မျိုးလည်းမရှိ၍ မဝယ်ယူနိုင်ကြောင်း အုတ်နဲ့ဘုတ်ကျေးရွာစာသင်ကျောင်း မှ ကျောင်းအုပ်ဖြစ်သူက အကျိုးအကြောင်းပြောပြီး တတ်နိုင်တဲ့ဘက်က အကူအညီပေးပါဦးဟုဆိုသဖြင့် ဤအုတ်နဲ့ဘုတ်ကျေးရွာဘက်သို့ သတင်းမှတ်တမ်းလာရောက်ယူဖြစ်ခြင်းဖြစ်ပါသည်။

မြို့ပေါ်သို့ ပြန်ရောက်ချိန်တွင်လူမှုရေးအသင်းအဖွဲ့အချို့မှ အသိမိတ်ဆွေအချို့ကို အုတ်နဲ့ဘုတ်ကျေးရွာတွင် သောက်သုံးရေအခက်အခဲဖြစ်နေကြောင်း ကူညီနိုင်က ကူညီပေးစေလိုကြောင်း အကြောင်းကြား အကူအညီတောင်းပါသည်။ သတင်းမီဒီယာများသို့ သတင်းရေးသားပေးပို့နိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်ပေးပို့ခဲ့ပါသည်။

မိတ္ထီလာကန်ကို ပုဂံခေတ်က တစ်ပတ်လှည့်ပတ်ကြည့်ရှုသူတစ်ဦးအား ဦးတင်လှိုင် (မိတ္ထီလာ )ရေးသားသည့် မိတ္ထီလာကန်သမိုင်းစာအုပ်ထဲတွင် ငယ်စဉ်က ဖတ်ဖူးသည်။ မိတ္ထီလာကန်ဆည်ဖို့ပြုပြင်ရန်ကြွရောက်လာသည့် ပုဂံပြည့်ရှင်အနော်ရထာမင်းက မိတ္ထီလာကန်အကျယ်အဝန်းကို သိရှိလို၍ မြင်းသည်တစ်ဦးအားလှည့်ပတ်ကြည့်ရှုစေပါသည်။ နံနက်လင်းကြက်တွန်ချိန်မှာထွက်သွားသည့် မြင်းသည်မှာ ညနေမှောင်ရီပျိုးပြုအချိန်တွင်ပြန်ရောက်ကာ မိတ္ထီလာကန်တစ်ပတ်ပတ်ပြီး အတိုင်းအတာကို မှတ်သားခဲ့သမျှကို အနော်ရထာဘုရင်ထံ လျှောက်ထားပါသည်။

အနော်ရထာမင်းက ဆုတော်လာဘ်တော်များပေးပြီးနောက်မြင်းသည်တော်၏ ရင်ဘတ်မှရင်စီးပဝါကို အစ်မဖြစ်သူက ဖြည်ပေးခိုက်တွင် မြင်းသည်တော်မှာ နှလုံးလေဟပ် အမောဆို့စဉ် နှမဖြစ်သူက မောင်တော် သက်သာရဲ့လားမေးရာ မထောင်းသာ (မသက်သာ) ပါဟုဖြေ၍ သေပွဲဝင်လေသည်။ မောင်ဖြစ်သူအား မြတ်နိုးသောစိတ်ကြီးစွာဖြင့် နှလုံးကွဲကာ အစ်မဖြစ်သူလည်း ထိုနေရာတွင်ပင် သေပွဲဝင်လေသည်။ မောင်နှမနှစ်ဦးသေဆုံးပြီး အယူတိမ်း၍ နတ်စိမ်းဖြစ်ကာ မထောင်းသာ နတ်မောင်နှမဟု အမည်တွင်ကာမိတ္ထီလာကန်ကို စောင့်ရှောက်၍နေလေသည်။

ယခုအခါ မထောင်းသာ နတ်မောင်နှမ နတ်ကွန်း နတ်စင်ကို ဝန်းဇင်ရပ်ကွက်သွားရာ ကန်ပေါင်အနီးတွင် တွေ့မြင်နိုင်လေသည်။ ရှေးခေတ်မြင်းသည်တော်တစ်ဦးမဟုတ်သော်လည်း လက်ရှိမိတ္ထီလာကန်ကို တစ်ပတ်လှည့်လည်ကြည့်ရှုမိသည်မှာ မိုးအဆက်မပြတ်ရွာသွန်းသည့် အနေအထားကြောင့် မုန်ဆိုင်ဆည်၊ ရှမ်းမငယ်ဆည်၊ ညောင်ကုန်းဆည်တို့တွင် ဆည်ရေရှိသည့်အနေအထား၊ မိတ္ထီလာကန်အတွင်းသို့ နေ့စဉ်စီးဆင်းဝင်ရောက်နေဆဲ ချောင်းရေများ၏ အနေအထားတို့မှာ ကန်အနီးပတ်ဝန်းကျင်ရှိ ရပ်ကွက်ကျေးရွာအချို့အတွက် သတိထားနေရမည့် အနေအထားတွင်ရှိကာ မီဒီယာသမားတစ်ဦးအနေနှင့် သိသင့်သိထိုက်သည်များသိရှိအောင်၊ ဒေသခံများအနေဖြင့်ဂရုပြုနေထိုင်ရေးနှိုးဆော်နိုင်ရန်နှင့် တာဝန်ရှိသူများအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များကို ဝိုင်းဝန်းကူညီအသိပေးလို၍ သာဖြစ်ပါသည်။

မိတ္ထီလာကန်သည် ကန်ရေပြည့်သည့်အနေအထားတွင်ရှိကာ ကန်ရေဝင်ရောက်ရာ ရပ်ကွက်ကျေးရွာများမှ လူနေအိမ်များ၊ ရုံးဝင်းများအတွင်းရှိ သောက်သုံးရေတွင်း၊ ရေကန်များ ကန်ရေကျချိန်တွင် ကျန်းမာရေးနှင့်ညီညွတ်သည့်သောက်သုံးရေအဖြစ်ဖြင့် သောက်သုံးနိုင်ရေး၊ မှက်၊ ခြင်၊ ယင်ပေါက်ပွားမှုများကို ကာကွယ်နှိမ်နင်းရေးတို့ကို ကြိုတင်ပြင်ဆင်သင့်ပါသည်။

မိတ္ထီလာကန်ရေအား ကန်ရေလွှတ်တံခါးများမှ လွှတ်လိုက်သောအခါ ထိုကန်ရေများ ဖြတ်သန်းစီးဆင်းရာလမ်းတစ်လျှောက်ရှိ ချောင်းများ၊ မြောင်းများမှတစ်ဆင့် ကျေးရွာလူနေအိမ်များ၊ ချောင်းကူးတံတားများ၊ ကျေးရွာနေဒေသခံများ၏ သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက်လည်း သတိထားဆောင်ရွက်သင့်ပါသည်။ မိတ္ထီလာကန်ရေပြည့်၍ ကန်ရေ၊ မိုးရေ၊ မြောင်းရေလျှံတက်မှုများမှတစ်ဆင့် ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများဖြစ်ပွားခြင်းမရှိအောင်၊ လျော့နည်းသက်သာအောင် ရပ်ကွက်ကျေးရွာဒေသခံများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများအားလုံး ညီညီညွတ်ညွတ်ဝိုင်းဝန်းဆွေးနွေး၍ အမြန်ဆုံးပြင်ဆင်ဆောင်ရွက်သင့်ကြောင်း ရေးသားတင်ပြပါသည်။

# Rs to Cs စပါးမျိုးသန့်စိုက်ခင်း မျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**လှိုင်ကော် အောက်တိုဘာ ၅**

ကယားပြည်နယ် လွိုင်ကော်မြို့ နိုးကိုးကျေးရွာအုပ်စု မြောင်းခွရှိ တောင်သူဦးစိုးရယ်၏ လယ်မြေတွင် အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက Rs to Cs စပါးမျိုးသန့်စိုက်ခင်း မျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြပွဲ အခမ်းအနားကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ကျေးရွာနေတောင်သူများ၊ ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာကဏ္ဍကိုအခြေခံတဲ့အတွက် လယ်ယာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် စိုက်ပျိုးမြေဧရိယာ တိုးချဲ့စိုက်ပျိုးခြင်း၊ သီးနှံတစ်ဧကအထွက်နှုန်းတိုးတက်အောင် ပြုပြင်၍ စိုက်ပျိုးခြင်း၊ သီးထပ် သီးညှပ်စိုက်ပျိုးခြင်း စတဲ့နည်းလမ်းတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးထားတဲ့ သီးနှံများအပေါ် အထွက်နှုန်းတိုးတက်ကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို အသုံးပြုစိုက်ပျိုးခြင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များအသုံးပြုခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတွေကို စနစ်တကျတွဲဖက်အသုံးပြုခြင်း၊ ပိုးမွှားရောဂါများကို စနစ်တကျထိရောက်စွာ ကာကွယ်နှိမ်နင်းခြင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ တောင်သူများကလည်း စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်ပူးပေါင်းပြီး မျိုးကောင်းမျိုးသန့်များကို စနစ်တကျစိုက်ပျိုးထုတ်လုပ်ကာ တောင်သူအချင်းချင်း မျိုးဖလှယ်အသုံးပြု စိုက်ပျိုးသွားကြရမှာဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးခန့်က မျိုးကောင်း မျိုးသန့်စိုက်ပျိုးရန်လိုအပ်မှုနှင့် ယနေ့ Rs to Cs စပါးမျိုးသန့်စိုက်ခင်း မျိုးကွဲနုတ်ပယ်ခြင်းအကြောင်းအရာများအား တောင်သူများ သိရှိနိုင်ရန်အတွက် ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာကြသည့် တောင်သူများက မိမိတို့သိရှိလိုသောအကြောင်းအရာများနှင့် ကျေးရွာအတွက် လိုအပ်ချက်များအား တင်ပြရာတွင် လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး၊ ကျေးရွာအတွင်း ကျောက်ချောလမ်းခင်းပေးနိုင်ရေး၊ ကျန်းမာရေး ဆေးပေးခန်းဆောင်ရွက်ပေးနိုင်ရေး၊ မူလတန်းကျောင်းအဆင့်မှ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေး၊ ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ပေးနိုင်ရေး၊ စိုက်ပျိုးရေးလုံလောက်စွာ ရရှိအောင် ဆောင်ရွက်ပေးနိုင်ရေး စသည့်အချက်များအားတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဝန်ကြီးများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးဦးစီးဌာန၏ ပညာပေးပြခန်းနှင့် တောင်သူဦးစိုးရယ်၏လယ်မြေတွင် စိုက်ပျိုးထားသည့် ရွှေရင်အေးစပါးမျိုး Rs to Cs မျိုးသန့်စိုက်ခင်းတွင် တောင်သူများ လက်တွေ့မျိုးကွဲနုတ်ပယ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ (ADB) တို့တွေ့ဆုံပွဲ ဟားခါး၌ကျင်းပ

**ဟားခါး အောက်တိုဘာ ၅**

ချင်းပြည်နယ်အတွင်း အသက်မွေးဝမ်းကျောင်းများ ပြန်လည်ထူထောင်နိုင်ရေးနှင့် အရေးပေါ်ကူညီထောက်ပံ့မှုစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ တွေ့ဆုံပွဲကို အောက်တိုဘာ ၃ ရက် မွန်းလွဲ ၂ နာရီက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့တို့က အမှာစကားပြောကြားကြသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ADB နှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြကာ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဆွေးနွေးကြရာ ADB နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စိုက်ပျိုးစနစ်မှန်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစံပြစိုက်ခင်းအား ပြသပညာပေး

**ကွမ်းလုံ အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွမ်းလုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးရွာအုပ်စု ၃၁ အုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများအား ကောင်းကွဲကျေးရာအုပ်စု ကွင်းအမှတ် (၁၂) ၌ စိုက်ပျိုးစနစ်မှန်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစံပြစိုက်ခင်းအား အောက်တိုဘာ ၃ ရက်က ပြသပညာပေးခဲ့ကြောင်း သိရသည်။

အဆိုပါစံပြစိုက်ခင်းတွင် စိုက်ပျိုးနည်းစနစ်ငါးမျိုးဖြင့် စမ်းသပ်စိုက်ပျိုးထားပြီး ကွမ်းလုံမြို့နယ်အတွင်း ပထမဦးဆုံးအနေဖြင့် ဆင်းရတနာသုံးမျိုးစပါးကိုလည်း စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

**မိုင်းနိုင်ဇော်(ပြန်/ဆက်)**

# မူလတန်းကြိုကလေးများ၏ ဉာဏစွမ်းရည်ပြိုင်ပွဲ ဆုပေး

**တောင်တွင်းကြီး အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဆက်သွားမူလတန်းကြိုကျောင်း၌ အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက မူလတန်းကြိုကလေးများ၏ ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ အငယ်တန်းအဆင့်၊ အကြီးတန်းအဆင့် ကလေးငယ်များက တစ်ပင်တိုင်အက၊ သင်္ကြန်အက၊ ပုံပြောပြိုင်ပွဲ၊ အုပ်စုလိုက် (မြန်မာ/အင်္ဂလိပ်) သီချင်းပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို အသီးသီးပါဝင်ယှဉ်ပြိုင်ကြရာ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက အချိုးအဆစ်ပြေပြစ်မှု၊ စည်းဝါးကျမှု၊ ဟန်ပန်အမူအရာ တေးသွားနားလည်မှု စသည်တို့ကိုအခြေခံ၍ အကဲဖြတ်အမှတ်ပေးကြပြီး ဆုရရှိကြသည့် ကလေးငယ်များအား တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဒေါ်ခင်နွဲ့နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(၅၈၀)**



ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၂ ရက်က သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ စိစစ်ရေးကော်မတီ(မြေစိစ်ကော်)ကော်မတီ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ပွဲသို့ လှိုင်သာယာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်တက်ရောက်၍ အနီးကပ်လမ်းညွှန်မှုပေး ဆောင်ရွက်ကြောင်း သိရသည်။
သတင်းနှင့်ဓာတ်ပုံ- (၃၂၉)

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**မင်းဘူး အောက်တိုဘာ ၅**

မင်းဘူးခရိုင် ဆင်ဖြူကျွန်းမြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၏ ဓာတ်အားဖြန့်ဖြူးမှုအောက်ရှိ လျှပ်စစ်ဓာတ်အားရယူသုံးစွဲလျက်ရှိသော တညောင်၊ စည်ဆွဲ၊ ရေပေါ်ကျွန်း၊ မကျီးစင်၊ လေသာကုန်း၊ ထန်းနှစ်ပင်၊ မြို့လှကျေးရွာတို့မှပြည်သူများအား လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁ ရက်က မြို့လှကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနိုင်မင်းအောင်က ဟောပြောခဲ့ရာ သက်ဆိုင်ရာမီးလင်းရေးကော်မတီများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဖိုးပြည့်**

## ပြည်သူ့အသံ

### မိလ္လာကန်အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ကောလိယ(၁၉) လမ်း အမှတ်(၄၁၈) နှစ်ခန်းတွဲ ခုနစ်ထပ်တိုက်ရှိ တိုက်ခန်းများမှ အသုံးပြုသည့် မိလ္လာကန်သည် ပြည့်လျှံနေပြီး အနံ့ဆိုးများထွက်ရှိနေခြင်းကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာရေး ထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူ**

### ကျန်းမာရေးထိခိုက်စေသော တာဝါတိုင်ကြီးအား ဖယ်ရှားပေးပါ

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဥယျာဉ်ကျေးရွာအတွင်းတွင် တာဝါတိုင်ကြီးအား စိုက်ထူထားပါသည်။ ယင်းတာဝါတိုင်အတွက်အသုံးပြုသောအင်ဂျင်စက်သံမှ နေ့ညမပြတ် နားမခံသာအောင် ဆူညံနေသည့်အပြင် လျှပ်စစ်သံလိုက်လှိုင်းများကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှသင့်တော်သော နေရာသို့ ရွှေ့ပြောင်းပေးနိုင်ပါရန်တင်ပြအပ်ပါသည်။ **ကျေးရွာနေပြည်သူများ**

### လူနေရပ်ကွက်အတွင်းရှိအမှိုက်ပုံးများအား ရှင်းလင်းဖယ်ရှားပေးပါ

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် သံသုမာလမ်းမကြီးဘေးတွင် အမှိုက်ပုံးများတန်းစီချထားခြင်းကြောင့် အနံ့ဆိုးများထွက်ရှိနေသဖြင့် လမ်းသွားလမ်းလာများနှင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်နေပြည်သူတစ်ဦး**

### ကြက်ဒိုင်ကြောင့် ပတ်ဝန်းကျင်နေသူများ အနံ့ဆိုးများရှူရှိုက်နေရ

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာအုပ်စု ကန်သာအေးကျေးရွာ (က)ရပ်ကွက်ရှိ ရာဇာကြက်ဒိုင်သည် ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ လူနေအိမ်များကြားတွင် ကြက်သတ်ရောင်းချခြင်းလုပ်ငန်းကို တစ်ရက်လျှင်အကောင်ရေရာချီ၍လုပ်ကိုင်နေခြင်းကြောင့် အမွေးနုတ်စက်ကြီးများမှ ဆူညံသံများထွက်ပေါ်ခြင်း၊ သွေးညှီနံ့များနှင့် အနံ့ဆိုးများနှင့် ယင်ကောင်များကြောင့် ပတ်ဝန်းကျင်တွင်နေထိုင်သူ သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးမကောင်းသူများ၊ ကလေးသူငယ်များ ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူရပ်ကွက်သားများ**

### မြိုင်ဟေဝန်အိမ်ရာမှ ကျူးကျော်တည်ဆောက်မှုများ ရှင်းလင်းပေးပါ

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် (၈)မိုင် ရဲဘော်ဟောင်းမှတ်တိုင်အနီးရှိ မြိုင်ဟေဝန်အဆင့်မြင့်အိမ်ရာတွင် အချို့သောသူများက မိမိတို့ကိုယ်ကျိုးစီးပွားကိုရှေ့တန်းတင်၍ မူလပင်မအဆောက်အအုံ၊ မြောင်းကျော်၊ လမ်းကျော်၊ ကလေးကစားကွင်း၊ ကားရပ်နားရန်နေရာနှင့် မိလ္လာကန်များ ပင်မချန် လူနေအိမ်ခန်းများ၊ ဆိုင်ခန်းများ၊ အဖီများ ဆောက်လုပ်ထားခြင်းကြောင့် ရေစီးရေလာပိတ်၍ ရေကြီးရေလျှံခြင်း၊ အညစ်အကြေးများစုပုံနေမှုကြောင့် ကျန်းမာရေး ထိခိုက်ခြင်း၊ ဆိုင်ခန်းများတိုးချဲ့ကာ လမ်းမအပေါ်ထိ ခင်းကျင်းနေရာယူမှုကြောင့် နေ့စဉ်နှင့်အမျှ ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်ရပ်နားမှုခက်ခဲခြင်းကြောင့် ခိုက်ရန်ဖြစ်ပွားခြင်းများ ဖြစ်ပေါ်နေ၍ သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**အိမ်ရာတွင်နေထိုင်သူများ**

### ဆိုင်ကယ်ကယ်ရီသမားများ ရပ်ကွက်အဝင်လမ်းတွင် ပိတ်ဆို့နေမှုကို ဖယ်ရှားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အောင်ချမ်းသာ(၃)ရပ်ကွက်ထိပ်ရှိ ကားမှတ်တိုင်ကိုအမှီပြု၍ ဆိုင်ကယ်ကယ်ရီပြေးဆွဲသူများမှာ ရပ်ကွက်အတွင်းသို့ဝင်မည့် သာသနာ့မဏ္ဍိုင်လမ်းနှင့် သီလဝါသို့သွားမည့် ပဒေသရာဇာလမ်းထိပ်များတွင် လမ်းပိတ်ဆို့၍ ဂိတ်ထိုးထားခြင်းကြောင့် ကျောင်းကြို/ပို့ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များနှင့် အခြားယာဉ်များ ဝင်ထွက်သွားလာရန် ခက်ခဲပြီး ကားဝင်ရန်လမ်းတောင်းသော်လည်း မဖယ်ပေးဘဲ မချေမငံပြန်လည်ပြောဆိုမှုများ ပြုလုပ်နေပါသဖြင့် ခရီးသွားပြည်သူများ၊ ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းများမှာ များစွာစိတ်အနှောင့်အယှက်ဖြစ်နေရပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန်တင်ပြအပ်ပါသည်။

**ရပ်ကွက်နေလုပ်သားပြည်သူများ**

### ချောင်းပိတ်ဆို့၍ ငါးဖမ်းခြင်းအား ထိရောက်စွာအရေးယူပေးပါ

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ညောင်ငူကျေးရွာအုပ်စု ကျုံပျော်ကျေးရွာ ကွင်းအမှတ်(၁၀၉၀)ရှိ နွေစပါးစိုက်ခင်းသို့ နိုင်ငံတော်မှ စိုက်ပျိုးရေရရှိရန်အတွက် စီမံကိန်းမြောင်း(အများအခေါ် ဦးစောစံမြောင်း) ကိုဆောင်ရွက်ပေးထားရာ ယခုအခါ ယင်းမြောင်းကိုပိတ်ဆို့၍ ငါးဖမ်းဆီးခြင်း ပြုလုပ်နေသလို ရွာသူရွာသားများနှင့် ကျောင်းသား ကျောင်းသူများ ဖြတ်သန်းသွားလာနေသော ကျုံပျော်ချောင်းမကြီးကိုလည်း ပိတ်ဆို့၍ ရှော့တိုက် ငါးဖမ်းဆီးခြင်းများပြုလုပ်နေခြင်းကြောင့် အခက်အခဲများ ဖြစ်ပေါ်နေ၍ သက်ဆိုင်ရာမှ အမြန်ဆုံးထိရောက်စွာ အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

**ကျေးရွာနေ ပြည်သူများ**

# မြင်းမူမြို့နယ် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေး

**မြင်းမူ အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ အခြေခံကျောင်းများမှ ဆရာကြီး၊ ဆရာမကြီးများအား စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ခရိုင်အဆင့်ပညာရေးဌာနမှ တာဝန်ရှိသူများသည် စက်တင်ဘာ ၂၉ ရက်က မြင်းမူမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ လာရောက်ကာ ပညာရေးနှင့်ပတ်သက်သော ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စန်းက အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးကဏ္ဍတွင် အဓိကကျသော မြေယာပိုင်ဆိုင်ခြင်းနှင့် ပတ်သက်ပြီး လိုအပ်မှုများ၊ အခက်အခဲများ တင်ပြရေး ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် စစ်ကိုင်းခရိုင်ပညာရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဌေးရီနှင့် မြင်းမူမြို့နယ်ပညာရေးမှူး ဒေါ်မြသိန်းတို့က ပညာရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ညွှန်ကြားချက်များ၊ စီမံဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် အမှတ်(၄) မူလွန်ကျောင်းအုပ် ဦးအေးလွင်၊ ဂုံညင်းဆိပ် (ထ-ခွဲ) ကျောင်းအုပ် ဦးဝင်းဗိုလ်၊ ညောင်ပင်ကန် (ထ-ခွဲ) ကျောင်းအုပ် ဒေါ်ဝါဝါစိုး၊ အမှတ်(၁) မူလွန်ကျောင်းအုပ် ဦးစိုးတင့်တို့က အဆောက်အအုံ၊ မြေ၊ ဂရန်၊ သင်ကြားရေးပစ္စည်းများ စသည့်လိုအပ်ချက်များအား တင်ပြကြရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စန်းက ဖြေရှင်းကူညီဆောင်ရွက်ပြီး ဆက်လက်တင်ပြရန်တို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။**အောင်စိုးဖေ(ပြန်/ဆက်)**

## မဟာမုနိဘုရားကြီးသမိုင်းပြတိုက်အတွင်းတွင် မြတ်ဗုဒ္ဓ၏ မဇ္ဈိမ ခရီးစဉ်ဓာတ်ပုံပြပွဲသို့ လာရောက်ဖူးမြော်ကြည့်ရှုသူများဖြင့် အထူးစည်ကား



**မန္တလေး အောက်တိုဘာ ၅**

မြတ်ဗုဒ္ဓ၏ မဇ္ဈိမခရီးစဉ်ဓာတ်ပုံပြပွဲအား မန္တလေး မဟာမုနိဘုရားကြီးသမိုင်းပြတိုက်အတွင်း၌ အခမဲ့ခင်းကျင်းပြသလျက်ရှိရာ လာရောက်ဖူးမြော်ကြည့်ရှုလေ့လာသူများ များပြားလျက်ရှိကြောင်း သိရသည်။

"ဒီဓာတ်ပုံပြပွဲမှာ ဓာတ်ပုံဆရာဦးသန်းဇော်ရဲ့ ဓာတ်ပုံလက်ရာတွေကို အခမဲ့ပြသပေးတာ။ လာရောက်လေ့လာသူတွေ မြတ်ဗုဒ္ဓ၏ မဇ္ဈိမခရီးစဉ်ဓာတ်ပုံပြပွဲကို အလွယ်တကူလေ့လာနိုင်အောင် စီစဉ်ပေးထားပါတယ်။ မြတ်စွာဘုရားဖွားမြင်ရာ လုမ္ဗိနီ၊ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူရာ ဗုဒ္ဓဂယာ၊ တရားဦးဓမ္မစကြာဟောရာ မိဂဒါဝုန်နဲ့ ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံ အစရှိသည်တို့ကို ဓာတ်ပုံနဲ့စာသားတွဲပြီး စုံစုံလင်လင်ပြသထားပါတယ်။ မဟာမုနိဘုရားကြီးကို လာရောက်ဖူးမြော်သူတွေများတော့ ဒီဓာတ်ပုံပြပွဲကို လာရောက်လေ့လာသူတွေက နေ့တိုင်းစည်ကားပါတယ်။ လေ့လာတဲ့သူတွေ ဗုဒ္ဓဂယာကို ကိုယ်တိုင်ရောက်သွားသလို ခံစားရအောင် ဓာတ်ပုံတွေ ခင်းကျင်းပြသထားပါတယ်" ဟု ပြပွဲအားထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ဦးချစ်ထူးက ပြောပြသည်။

အဆိုပါ မြတ်ဗုဒ္ဓ၏ မဇ္ဈိမခရီးစဉ်ဓာတ်ပုံပြပွဲတွင် ဓာတ်ပုံပေါင်း ၁၇၂ ပုံအား ဇူလိုင် ၂၈ ရက်မှစတင်၍ အောက်တိုဘာလကုန်အထိ နေ့စဉ် နံနက် ၇ နာရီမှ ည ၈ နာရီအထိ အခမဲ့ခင်းကျင်းပြသထားသောကြောင့် လာရောက်ဖူးမြော်လေ့လာကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ဒေသစာရီစတင်ကြွချီအပူဇော်ခံ

**ညောင်ရွှေ အောက်တိုဘာ ၅**

အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီကြွချီပူဇော်ခံမည့် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူသည် သီတင်းသုံးရာ နမ့်ဟူးရွာရှိ ရတနာစံကျောင်းတော်မှ ကျေးပေါခုံကျေးရွာသို့ သီတင်းကျွတ်လဆန်း ၁ ရက် (အောက်တိုဘာ ၂) ရက်တွင် စတင်ကြွချီအပူဇော်ခံလျက်ရှိကြောင်း သိရသည်။

ယင်းသို့လှည့်လည်အပူဇော်ခံရာတွင် ဒေသခံတိုင်းရင်းသားများက ရိုးရာဆွဲလှေကြီး ၂၃ စင်းဖြင့် ပင့်ဆောင်ပူဇော်ခဲ့ကြသည်။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူသည် သီတင်းကျွတ်လဆန်း ၁ ရက်တွင် ကျေးပေါခုံကျောင်း၊ သီတင်းကျွတ်လဆန်း ၂ ရက်တွင် အင်းတိန်ကျောင်းနှင့် ဟဲယာရွာမကျောင်း၊ သီတင်းကျွတ်လဆန်း ၃ ရက်တွင် ဟဲယာရွာမကျောင်း၊ သီတင်းကျွတ်လဆန်း ၄ ရက်တွင် ငါးဖယ်ချောင်းကျောင်း၊ သီတင်းကျွတ်လဆန်း ၅ ရက်တွင် ကြေးစားကျောင်း၊ သီတင်းကျွတ်လဆန်း ၆ ရက်တွင် ပွဲစားကုန်းကျောင်းနှင့် လင်းကင်းကျောင်း၊ သီတင်းကျွတ်လဆန်း ၇ ရက်မှ ၉ ရက်ထိ ညောင်ရွှေမြို့ရှိ အဋ္ဌဒိသာဓမ္မဝိဟာရ ဒေသစာရီကျောင်းတော်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်တွင် နန်းသဲကျောင်းနှင့် မိုင်းသောက်ကျောင်း၊ သီတင်းကျွတ်လဆန်း ၁၁ ရက်တွင် သလဲဦးကျောင်း၊ သီတင်းကျွတ်လဆန်း ၁၂ ရက်တွင် ကေလာကျောင်းနှင့် ဇရပ်ကြီးကျောင်း၊ သီတင်းကျွတ်လဆန်း ၁၃ ရက်တွင် အလိုတော်ပေါက်တောင်ကျောင်းနှင့် နမ့်ပန်ကျောင်း၊ သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် မန်ကျည်းဆိပ်ကျောင်းနှင့် ကျိုင်းခမ်းကျောင်း၊ သီတင်းကျွတ်လပြည့်နေ့တွင် မိုင်းပျိုးကျောင်း၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် နောင်တောကျောင်း၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်တွင် အင်းပေါခုံကျောင်းနှင့် ရေသာကျောင်းတို့တွင် ကိန်းဝပ်စံပယ်အပူဇော်ခံပြီး သီတင်းကျွတ်လဆန်း ၃ ရက်တွင် မူလသီတင်းသုံးရာ ရတနာစံကျောင်းတော်ကြီးသို့ ပြန်လည်ကြွချီတော်မူမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးသူရိန်**




Distributed By PAHTAMA GROUP

Abbott Nutrition Careline 01-8551428 09 260 35 62 62
abbottnutrition@pahtama.com

Abbott

Dbuzz (ဒီဘတ်ဇ်) အထည်ချုပ်၊ ကွန်ပျူတာပန်းထိုးနှင့် အဆင့်မြင့်တံဆိပ်ရိုက်လုပ်ငန်း
တီရှပ် ပိုင်ရှင် သန်း ၆၅၀ ကျပ်
အထည် ၃၀၀ နှင့် အထက်မှုပါက ပို့ပေး / ပြပေးသည်
အမှတ်-၁၃၃၂ မြေညီ၊ ကတိုက်လမ်း၊ မေတ္တာညွန့်၊ တာမွေ။
09 73060258, 09 31789830
www.dbuzzprintinggroup.com

**" တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မာဌေး(စဥ်- ၂၈၀၅)၊ လွှဲအပ်ညွှန်ကြားသူ ဦးအောင်မြင့်(၁၂/ဗဟန(နိုင်)၀၅၃၅၉၂) နှင့် အများသိစေရန် "**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှမ်းရိုးသာလမ်း အမှတ်(၂၄-ဘီ)နေ ဦးအောင်ချစ်(၁၂/အလန(နိုင်)၀၁၃၀၄၈)၏ လွှဲအပ်ညွှန်ကြားချက်အရ

(၂၄-၉-၂၀၁၆)ကြေးမုံသတင်းစာ/ကြော်ငြာစာမျက်နှာ (၁၀)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မာဌေး (စဥ်-၂၈၀၅)၏ ကြော်ငြာနှင့်ပတ်သက်၍ အများပြည်သူသိစေရန်မှာ ကျွန်ုပ်၏ မိတ်ဆွေဦးအောင်ချစ်သည် ၎င်းနေထိုင်ပိုင်ဆိုင်သည့် အမှတ်-၂၄(ဘီ) ရှမ်းရိုးသာလမ်း စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ပေါ်တွင်ရှိသည့် နေအိမ်နှင့်တကွ တည်ရှိရာမြေကို မည်သည့်အခါမည်သူ့ကိုမျှ ရောင်းချရန်ကမ်းလှမ်းခဲ့ခြင်းမရှိပါ။ ဒေါ်ခင်မာဌေး၏မိတ်ဆွေ ဦးအောင်မြင့်ထံမှ ကျပ်ငွေသိန်း (၁၂၀၀)ကို တစ်လလျှင် ၆% အတိုးဖြင့် (၁၁-၃-၂၀၁၆)နေ့ ချေးယူခဲ့ရာတွင် အတိုးအရင်းသာ (၇၂)သိန်းကျပ်မှုတ်ယူခဲ့ပြီး အာမခံအနေဖြင့် ဦးအောင်ချစ်ပိုင် ညောင်ရွှေမြို့ မိုင်းဘောက်ကျေးရွာ အုပ်စု ပါးနွားတာကွင်း ကွင်းအမှတ်-၄၁ ဦးပိုင်အမှတ်(၆၃) နှင့် (၅၉)တို့ကို ဦးအောင်မြင့်သို့ပေးအပ်ချုပ်နှောင်ထားသည့်အပြင် ဦးအောင်မြင့်၏တောင်းခံချက်အရ ၎င်းနေထိုင်ပိုင်ဆိုင်သော အမှတ်(၂၄-ဘီ) ရှမ်းရိုးသာလမ်းနေအိမ်အား အရောင်း/အဝယ်(ဟန်ဆောင်စာချုပ်)ပြုလုပ်ပေးခဲ့ခြင်းသာဖြစ်ပါသည်။ ထိုဟန်ဆောင်စာချုပ်အတွက် ငွေကြေးအပေးအယူတစ်စုံတစ်ရာမရှိပါ။ သို့သော်လည်း ဦးအောင်ချစ်မှ (၂၄-၅-၂၀၁၆)နေ့တွင် ကျပ်သိန်း(၅၀)တိတိနှင့် (၂၀-၅-၂၀၁၆)နေ့တွင် ကျပ်သိန်း(၂၅)ကိုလည်း အတိုးငွေအဖြစ် ဦးအောင်မြင့်ထံပေးအပ်ခဲ့ပြီး (၅/၆)လပိုင်းများအတွက် အတိုးမပေးဆပ်နိုင်သည့်အခါ ဦးအောင်ချစ်ပိုင် ရေတာရှည်မြို့နယ် ချောင်းသာကျေးရွာအုပ်စု ဆောင်းမဲ့ကွင်း ဦးပိုင်(၃၃/၃)နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းစာချုပ် (ဟန်ဆောင်)ပြုလုပ်ပေးခဲ့ပြီး (၇)လပိုင်းအတွက် အတိုးမပေးနိုင်သည့်အခါတွင် လည်း အာမခံပေးခဲ့သည့် မြေပိုင်ဆိုင်မှုစာချုပ်များနှင့်ပတ်သက်၍ အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်ခဲ့ရပါသည်။

ထိုအခြေအနေများအရ ဦးအောင်မြင့်မှ မဖော်မတရားတက်ပြီး ဆောင်ရွက်နေခြင်းသာ ဖြစ်ကြောင်းနှင့် တရားမျှတမှုရရှိရေး ရင်ဆိုင်ဖြေရှင်းရန်အသင့်ရှိကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးလှထွန်း၊ ( B.A, R.L )
တရားလွှတ်တော်ရှေ့နေ (စဥ် - ၂၂၀၀)
အမှတ် - ၉/၁၁၊ ၃၆-လမ်းတို့ အခန်း (၁၀၂) (A)
ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)
**အနုပညာကွန်ပျူတာဒီပလိုမာသင်တန်း**
**DIPLOMA IN COMPUTER ARTS (Dip.CA)**
MCC.*i* School of Multimedia & Creative Arts

Specialized in " Character Animation & Advanced Media "
Semester (1,2)
- Graphic Production for Exporting any Media
- Video/Audio Production, Motion Graphics & Visual Effects
- Character Animation & Advanced Media

Specialized in " Multimedia & Infocom Technology "
Semester (1,2)
- Graphic Production for Exporting any Media
- Rich Media Content Creation, Interactive TV & Streaming Video
- Multimedia & Information Communication Technology

ဒီပလိုမာသင်တန်းကာလ စုစုပေါင်း(၁၀)လ ကြာမြင့်မည်ဖြစ်ပြီး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) မှဒီပလိုမာလက်မှတ် ချီးမြှင့်မည်ဖြစ်ပါသည်။



သင်တန်းဖွင့်ရက် - ၇ ရက်၊ အောက်တိုဘာလ၊ ၂၀၁၆ ခုနှစ်    သင်တန်းသား/သင်တန်းသူများအား စတင်လက်ခံနေပါသည်။

(၁၀)တန်း Repeater
(၅)လပြတ် အာမခံဖြင့်
အိမ်လိုက်သင်ပေးသည်။
09-5156557

**ခရုံမြို့သစ်**
အငှားပိုင်း
သိပ်တမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

**Computer Software Developer ကောင်းတစ်ယောက်ဖြစ်နိုင်ဖို့အတွက်**

Programming Fundamental


- Programming သည် အရေးကြီးသောကဏ္ဍတစ်ခုအဖြစ်ပါဝင်လျက်ရှိပါသည်။
- ဤအတန်းတွင် Programming Language အားလုံး၏ အခြေခံ Techniques များဖြစ်သော (array, control structure (if,while, do....while,for) နှင့် method) စသည့်တို့ကို real-world examples များနှင့်တကွ လေ့လာရမည်။
- Problem Solving Skills နှင့် Logical Thinking Skills များတိုးတက်လာစေရန် Case-Study များ၊ လုပ်ငန်းခွင် ပြဿနာများကို Flow Chart, Pseudo Code များအသုံးပြုပြီး ကိုယ်တိုင်ဖြေရှင်းရမည်။
- ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် HND တက်မည့်သူများ မဖြစ်မနေ တက်ရောက်သင့်ပါသည်။

GUSTO Institute of Information Technology
Tel : 09- 730 31302, 01- 504632, 01- 503715
No.289 (A), Pyay Road (Near MyayNiGone Bus-Stop), Sanchaung Tsp; Yangon.

တက်လူ Travel ............Oct 7,14,21,28
*အင်းလေး၊ဖောင်တော်ဦးပွဲ(ရွှေအင်းတိန်)၊တောင်ကြီး၊ပင်းတယ၊ကလော
*ပုဂံ၊ပေါပ္ပါး၊မန္တလေး၊မြင်ဦးလှိုင်၊ဗီးဒုတ်ရေပြာဘိုင်း၊ကျောက်စိမ်း
*ကျိုက်ထီးရိုး၊မော်လမြိုင်၊ကျိုက္ကမီ၊ဖေင်းကျိုက်
*ဘားအံ၊ဖင်းကျိုက် ရေတံခွန်(နေ့ချင်းပြန်-အပတ်စဉ် စနေ)
*ကျိုက်ထီးရိုး/ချောင်းသာ နေ့စဉ်
KBZ(ရှေ့)၊အောင်မင်္ဂလာ ဘုတ်ဂိတ်တာမွေ 09 -73193817,254855582-83

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

နှင်းရောင်သီ ဝပ္ပဒါန
အင်းလေး၊ဖောင်တော်ဦးဘုရားပွဲ
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော
တစ်ဦးထမင်းကျွေး-၅၀၀၀၀ိ၊ OCT-14
ပုဂံ-ပုပ္ပါး-ပခုက္ကူ ထမင်းကျွေး-၄၀၀၀၀ိ
မော်လမြိုင်-ကျိုက္ကမီ-ဇာတိခံ-၃၀၀၀၀ိ
• 420144148, 421153797

ရွှေလမ်းခရီး ... မှ ကျိုက်ထီးရိုး/ချောင်းသာ 09401589907,095124678,098627170
• အင်းလေးဖောင်တော်ဦးဘုရားပွဲ၊ရွှေအင်းတိန်၊တောင်ကြီး(တောင်ပေါ်တန်း)(မွေတော်ကက္ကူ)(ထမ့်စမ်းလှိုဏ်ဂူ)၊ ပင်းတယ
• ကျိုက္ကမီဗွမ်းအိုးမှော်ဂွဲ၊မော်လမြိုင်၊ကျိုက်မရော၊ဇက်ဇဲ၊မွားလဘိုတောင် • ထားဝယ်ရှင်ကိုးရှင်၊မျှော်ရစ်၊တောင်းကန်ကမ်းခြေ
• ပုဂံ(ရွှယ်တော်လေးဆူ)(ပြည့်ဝေပြည့်)၊ပေါင်ဦး၊ပုပ္ပါး၊ပခုက္ကူ-သီဟိုဠ်ရှင်၊ ရွှေကူဘုရား(ဘံကံ)၊ရွှေတန့်တော်
• မန္တလေး၊ မြင်ဦးလှိုင်၊ စစ်ကိုင်း၊ မုံရွာ၊ မင်းကွန်း၊ ကျောက်စိမ်းစေတီ • ဘားအံ၊ မြဝတီ ခရီးစဉ် Oct 7, 14, 21 ထွက်မည်
(ထမင်းကျွေး၊ ကား၊ တည်းခိုခန်း၊ ဂိုက်ကြေး၊ ခရီးသွားအာမခံ ... စရိတ်ငြိမ်း)









ကြော်ငြာ




## သမိတိဝေဇ SAMITIVEJ ဆမ်မီတဝေးဆေးရုံကြီး

........A Hospital like no other

ထိုင်းနိုင်ငံရှိ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ၏ ရှေ့ဆောင်ဆေးရုံကြီး

JCI (နိုင်ငံတကာအဆင့်မီအရည်အသွေးပြည့်) အပြင် အရှေ့တောင်အာရှကျန်းမာရေးခရီးသွားလုပ်ငန်းများအသိအမှတ်ပြုဆေးရုံကြီး

- ဝါရင့်ကျွမ်းကျင်သော ပညာရှင်များ၏ ကျန်းမာရေးစောင့်ရှောက်မှု
- မြန်မာစကားပြန်များ၏ နွေးထွေးသောဝန်ဆောင်မှု



မြန်မာပြည်ကိုယ်စားလှယ်ရုံး Columbus Health Care Services

အမှတ် ၂၅၃၊ မြေညီထပ်၊ ဗိုလ်အောင်ကျော်လမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၃၇၈၅၈၃၊ ၀၉ ၇၈၃ ၇၈၃ ၈၃၁၊ ၀၉ ၇၈၃ ၇၈၃ ၈၃၂

မန္တလေးရုံးခွဲ။ ဖုန်း ၀၂-၆၀၉၅၆၊ ၀၁၁-၂၀၃၀၂၃၊ ၀၉-၄၃၁၇၇၅၀၀၊ တောင်ကြီးရုံးခွဲ။ ဖုန်း - ၀၈၁-၂၁၂၂၈၉၂၊ ၀၉-၅၁၉၃၇၄၅



အရည်အသွေး နှင့် တန်ဖိုးညီမျှစေမည့် . . .

## Anakku Baby Products



- Junction Square Showroom (ရန်ကုန်)
- Sein Gay Har (ပါရမီ) Showroom (ရန်ကုန်)
- Diamond Plaza Showroom (မန္တလေး)
- GMP (ကမ္ဘာအေး) Showroom (ရန်ကုန်)
- City Mart Supermarket (ဆိုင်များ)
- Ocean Supercenter (ဆိုင်များ)
- Capital Hypermart (ဆိုင်များ)
- Super One (ဆိုင်များ)
- Orange Supercenter (မန္တလေး)
- Fuji (မန္တလေး)
- Fashion Minimart (တောင်ကြီး)



စင်္ကာပူနိုင်ငံ အစိုးရတက္ကသိုလ်များဖြစ်သော NUS, NTU နှင့် ဂျာမနီနိုင်ငံ Technical University of Munich (TUM) တို့မှ ပူးတွဲပေးအပ်မည့်

## "မဟာဘွဲ့များအကြောင်းဆွေးနွေးပွဲ"



မြန်မာနိုင်ငံမှ ဘွဲ့ရာစ်ခုခုရရှိထားသူများအတွက်

စင်္ကာပူအစိုးရတက္ကသိုလ်များဖြစ်သော National University of Singapore (NUS), Nanyang Technological (NTU)နှင့် ဂျာမနီနိုင်ငံ Technical University of Munich (TUM) တို့ မှ ပူးတွဲပေးအပ်မည့် ဘွဲ့များအကြောင်း

- .MSc AEROSPACE ENGINEERING
- .MSc TRANSPORT & LOGISTICS
- .MSc INDUSTRIAL CHEMISTRY
- .MSc GREEN ELECTRONIC
- .MSc INTEGRATED CIRCUIT DESIGN

CROWN EDUCATION


527 838 - 450 200 040

TUM Asia SIT NANYANG TECHNOLOGICAL UNIVERSITY NUS

9th Oct
2 PM-4 PM
CROWN Edu: Center



## မွန်မြတ်ရတနာ ဆီးချိုကျဆေး



- ဆေးပမာဏနည်းပါးစွာ သောက်သုံးရပြီး သွေးချို ဆီးချိုအား ကျဆင်းစေ၍ သွေးတွင်းအဆီဓာတ်ကို လျော့ပါးသက်သာစေပါသည်။
- (၁) လကြာဆေးသောက်ပြီး အင်ဆူလင်ဆဲလ်များ ပြန်လည်ပေါက်ပွားလာ၍ ဆေးလျော့ချသောက်သုံးပြီး ဆီးချို သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကို ကာကွယ်နိုင်ပါသည်။ (ဤဆေးသည် ဘေးထွက်ဆိုးကျိုးမရှိပါ။)
- ဝေဒနာရှင်အသစ်များအား သွေးချို ဆီးချိုပမာဏတိုင်းတာ၍ ကျွမ်းကျင်သောတိုင်းရင်းဆေးပညာရှင် ဆရာများက ဆေးဝါးသုံးစွဲရန် အကြံပြုပေးပါသည်။

(လက်လီ/လက်ကားတစ်ဆင့်ပြန်လည်ရောင်းချလိုသူများဆက်သွယ်နိုင်ပါသည်။)

ပင်ရင်း - မွန်မြတ်ရတနာတိုင်းရင်းဆေးတိုက် ၊ အမှတ် (၁၀၄)၊ ၅၂ လမ်း (အလယ်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၈၇၈၃၇၇၈၈၊ ၀၉ ၇၉၅၄၀၇၃၉၉ Email - monmyatyadanarpharmacy@gmail.com

မြန်မာနိုင်ငံကိုယ်စားလှယ် - ရွှေမြင့်ရောင်ဆေးဆိုင်၊ ၂၆ x ၂၇ ကြား၊ ၆၂ x ၆၃ ကြား၊ မြို့နယ်သွယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉ ၄၃၀၀၈၅၃၂၈

- မွန်မြတ်ရတနာဆီးချိုကျဆေး ၊ အမှတ် (၂)၊ ဦးဝိန်ဘုရားလမ်း၊ ကျောက်တံတားရှေ့ မော်လမြိုင်မြို့၊ ဖုန်း-၀၉ ၇၂၆၁၁၅၊ ၀၉ ၇၉၂၄၃၁၃၅၆၃

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 010724 (0117)
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၁၀/၂၀၁၄ ထဆထလ/တိုး(၂၂၀၃)
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆတက (စာနယ်ဇင်း) ၈၅/၁၆



"ရွှေစည်"

အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်သယ်ဆောင်မှု

လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။

09-73122029, 09-253065879



မြေညီတိုက်ခန်းရောင်းမည်

(၁၂'x၅၀')တစ်ထပ်လုံး ကြွေပြားခင်းပြီး၊ ရေချိုးခန်း၊ ရေ၊ နောက်ပါကြွေပြားခင်းကာပ်၊ အိမ်သာတိုင်ကြွေပြားခင်းကာပ်၊ မြေတွင်းပေါက် သံပန်းတပ်ပြီး၊ အိမ်ရှေ့အလှမီနီယံတံခါး၊ ဘာဂျာတံခါး၊ ဆန်းရှိတ်အမိုးတပ်ပြီး၊ BCC ရပြီး အသင့်နေနိုင်။ အလင်းရောင်လမ်း၊ ဝါဆိုမှတ်တိုင်အနီး၊ ဒေါပုံမြို့နယ်။ ဈေးနှုန်းသိန်း(၃၆၀)၊ ဖုန်း၊ ၀၉-၄၂၅၀၂၅၂၀၁၊ ၀၉-၄၂၀၇၆၇၇၉၉



## အောင်သဝေ အရောင်းပြခန်းမော်လမြိုင်တွင်ဖွင့်ပြီ

(သီတင်းကျွတ် -တန်ဆောင်တိုင်အထူးလျှော့ဈေး)နံနက်(၈)နာရီမှ ည(၈)နာရီထိ ပိတ်ရက်မရှိ

ပယောင်းပုဆိုး၊ ဘယ်လ်ဂျီယံကော်ဇော၊ ၁၂ ပေ အနံမွေးပွကော်ဇော၊ Tile Carpet ၊ မိုးရေကာဖျင်၊ ကိုရီးယားကြမ်းခင်း၊ ဖျာ၊ ထိုင်ခင်းမျိုးစုံနှင့် အိမ်သုံးကုန်ပစ္စည်းများ



အမှတ်(၅၄)၊အောက်လမ်းမကြီး၊အောက်ဈေးကြီးရှေ့၊ဖက်တန်းရပ်၊မော်လမြိုင်။ဖုန်း-၀၅၇-၂၃၁၁၆


Ocean
SUPERCENTER
BEST VALUE PRODUCTS
AND MORE...
SUPER SAVER
တန်မှတန်
7th ~ 27th October, 2016
ကြည်နူးပျော်စရာသီတင်းကျွတ်ချိန်ခါ
Gift
LOTTE
WOW!
25% Off
SIN MINN
WOW!
6,900
Ks. 8,400
PEBBLE
Women Blouse
WOW!
5,000
Ks. 8,500
QUEEN
WOW!
1,650
Ks. 1,700
BRAND'S
(Except Gen U Gift Set)
All Range of Brand's Gift Set
Buy 1 Get 1
Owl Water Bottle
OVALTINE
Thadingyut Gift Set
with Container
8,450
Ks.8,900
HUP SENG
Cream Cracker
700g
4,400
Ks.4,600
HOLLANDA
Butter Cookies
454g
3,400
Ks. 4,850
NESCAFE
3 in 1 Cofeemix
Buy 3 Get 1
Cream Delight 30's
SUPER
Instant Cereal
20's 600g
1Pc-1,850
HOSEN
(Fruit Cocktail/
Rambutan with
Pineapple/ Peach
565g/ 825g
1,750
Ks.1,950
7UP/ PEPSI/
MIRINDA ORANGE
1Pc-800
TOSHIBA
WOW!
153,000
Ks. 192,000
Men Selected items
Men Selected items
10% off
APPLE
Women T-Shirt
S/S
3,750
Ks.4,200
OPA
Women Blouse
S/S
4,950
Ks.5,500
FARFALLA
WOW!
15,500
Ks. 18,800
Men All items
SOLO
Men Selected items
CHERRY
India Batik
2M
5,500
MST
Indonesia Batik
2Y
7,500
ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။
Prices may change without prior notice. While Stocks Last!
BEST VALUE BEST PRODUCTS AND MORE...
ပစ္စည်းလည်းမှန် ဈေးလည်းတန် ...

GWF GRAND FOOD MART
Arla Saji ZADE MILCOW Pascual Meadow Fresh TAMEK

သီတင်းကျွတ်အခါသမယတွင် လူကြီးမိဘများအတွက် ဂါရဝပြု လက်ဆောင်မွန် ...



Zade Spaghetti 1pcs

Milcow Milk 1pcs



Email:grandwyn@myanmar.com.mm
Facebook:www.facebook.com/grandwynn Hot Line :01 9010045,09 977104184,09 73248613

ဘွဲ့တစ်ခုရရှိအောင် လေ့လာဖို့
စိတ်ကူးကြည့်လိုက်ပါ။

ကမ္ဘာ့အလှပဆုံး မြို့တစ်မြို့မှာ၊
ဒီကမ္ဘာကြီးထဲက အများနဲ့ မတူတဲ့ စာသင်ဆောင်တစ်ခု၊
တီထွင်ဖန်တီးမှုတွေကို ကမ်းလှမ်းကြိုဆိုတဲ့ နေရာ၊
နောင်လာမယ့်အနာဂတ်အတွက် နည်းပညာ၊

စိတ်ကူးနေစရာ မလိုတော့ပါဘူး။
အမှန်တကယ် တည်ရှိနေပါတယ်။

ဩစတြေးလျနိုင်ငံရှိ University of Technology Sydney
နှင့်မိတ်ဆက်ပေးလိုက်ပါတယ်။
ဒါအပြင် UTS:INSEARCH ဟာသင့်ရဲ့လမ်းစ ဖြစ်တယ်။
insearch.edu.au/studyhere ထဲမှာ ဘယ်လိုလုပ်ဆောင်ရမည်ကို
ရှာဖွေကြည့်လိုက်ပါ။

UTS | INSEARCH
UNIVERSITY OF TECHNOLOGY SYDNEY

INSEARCH CRICOS provider code: 00859D | UTS CRICOS provider code: 00099F
INSEARCH Limited is a controlled entity of the University of Technology Sydney (UTS),
and a registered private higher education provider of pathways to UTS. 1275_0916




အောင်နိုင်သူ မဟာစိန် ကုမ္ပဏီလီမိတက်
Winner Super Diamond Pile Co., Ltd.
W.S.D Group



W.S.D Pile

Licence No.PL-12

လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊Bored Pile,လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊မန္တလေး။
Ph: 09-265820507

# (၁၆) ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ (မူဆယ်) ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၅**

(၁၆) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ (မူဆယ်)နှင့် (၁၂)ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေးကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မင်္ဂလာမူဆယ်ဈေး အထူးစီးပွားရေးဇုန်၌ ကျင်းပမည်ဖြစ်သည်။

ယခုနှစ်ကုန်စည်ပြပွဲကာလအတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံ အစည်းအဝေး၊ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးဌာနများ တွေ့ဆုံဆွေးနွေးခြင်း၊ ကုန်သွယ်မှုစာချုပ် ချုပ်ဆိုခြင်း၊ မြန်မာ-တရုတ် ကုန်သွယ်မှုအစည်းအဝေး ပြုလုပ်ခြင်း၊ မြန်မာ-တရုတ် အနုပညာဖလှယ်ခြင်း အစီအစဉ်များ၊ နှစ်(၆၀)ပြည့် မြန်မာ-တရုတ် ဆွေးမျိုးပေါက်ဖော် ချစ်ကြည်ရေးအထိမ်းအမှတ် အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများပါဝင်မည်ဖြစ်သည်။

ပြပွဲတွင် ပြခန်းပေါင်း ၂၀၀ ကျော်ဖြင့် ခင်းကျင်းပြသမည်ဖြစ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လုပ်ငန်းရှင်များအတွက် ပြခန်း ၁၅၀ ကျော်ခန့်၊ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအတွက် ပြခန်း ၅၀ ခန့်ပြသရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# အိမ်ရာစီမံကိန်း၊ အများပိုင်ဘတ်စ်ကားလိုင်းများ ပြေးဆွဲရေးအပါအဝင် ငွေလုံးငွေရင်းအသုံးပြုမှုနှင့် အသုံးစရိတ်များ ပိုမိုခွဲဝေအသုံးပြုဆောင်ရွက်နိုင်မည်

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် မူလက ရရှိရန်လျာထားငွေထက် ကျပ် ၁၈၅ ဘီလီယံကျော် ပိုမိုတိုးမြင့်ရရှိလာခဲ့ကြောင်း ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ယင်းဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းလျာထားချက်ကို လွှတ်တော်သို့ တင်ပြသွားခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း လျာထားချက်ကို လွှတ်တော်သို့ တင်ပြသွားခဲ့ပြီး လွှတ်တော်က ပြန်လည်အတည်ပြုပေးခဲ့မှုအရ မူလက ရရှိရန်လျာထားငွေထက် ပိုမိုရရှိခဲ့သောကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ရာစီမံကိန်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ လယ်ယာမြေပြုပြင်ရေး၊ ရေကြီးရေလျှံမှုများအတွက် ပြုပြင်ဆောင်ရွက်ခြင်းအပါအဝင် ငွေလုံးငွေရင်း အသုံးစရိတ်ပိုမိုခွဲဝေအသုံးပြုနိုင်မည်ဖြစ်ကာ သာမန်အသုံးစရိတ်အနေဖြင့်လည်း တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအတွက်လည်း ထည့်သွင်းလျာထားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း လွှတ်တော်အစည်းအဝေးတွင် တင်ပြသွားခဲ့သည်။

"ရငွေအပိုင်းနဲ့ပတ်သက်ပြီးတော့ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းတွေရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရဲ့ မူလခန့်မှန်းခြေငွေစာရင်း စုစုပေါင်းရငွေဟာ ကျပ် ၃၃၆ ဒသမ ၂၁၈ ဘီလီယံ ရှိပါတယ်။ မူလဘတ်ဂျက်အရ **စာမျက်နှာ ၉ ကော်လံ ၁ သို့**



# ဖိုလ်ဝင်တောင်ရှိကျောက်လိုဏ်ဂူနံပါတ်များ စာရင်းသွင်းကောက်ယူခြင်း သုံးလအတွင်းအပြီးဆောင်ရွက်မည်

**မုံရွာ အောက်တိုဘာ ၅**

ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းမဝင်သေးသော်လည်း ပြည်တွင်းပြည်ပခရီးသွားများ တအံ့တသြ စိတ်ဝင်စားမှုပိုသည့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဖိုလ်ဝင်တောင်ရှေးဟောင်းသာသနာ့နယ်မြေအတွင်းရှိ ရောထွေးနေသည့် လိုဏ်ဂူနံပါတ်များကို စနစ်တကျ စာရင်းသွင်းကောက်ယူမှုများကို အောက်တိုဘာလမှ စတင်၍ သုံးလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာသန်းထိုက်ထံမှ သိရသည်။

"ရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်ဌာနက ရှေးတုန်းကတည်းက ကောက်ယူထားတဲ့ ဂူနံပါတ်တွေကိုပြုစုပြီး ရှေးဟောင်းအဆောင်တွေ ထိန်းသိမ်းစောင့်ရှောက်ရေးစာရင်း ထွက်ထားတာရှိပါတယ်။ စာရင်းအရ ၃၉၂ ဂူရှိပါတယ်။ နောက်ပိုင်းခေတ် ဂူနံပါတ်တွေကို ပြန်တပ်တာ၊ ထပ်တိုးတပ်တာတွေ ရှိပါတယ်။ ဖိုလ်ဝင်တောင်နဲ့ ရွှေဘတောင်ဂူနံပါတ်တွေဟာ ရောထွေးနေတာကို တွေ့ရတဲ့အတွက် စနစ်တကျ စာရင်းသွင်းကောက်ယူဖို့အတွက် စီစဉ်ရတာဖြစ်ပါတယ်။ လာမယ့်သုံးလအတွင်း အပြီးစာရင်းကောက်ယူပြုစုဖို့ရှိပါတယ်"ဟု ဒေါက်တာသန်းထိုက်က ပြောပြသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ မူလက ရေးထိုးထားပြီးဖြစ်သော မူလစာရင်းကို နောက်ပိုင်းခေတ်များတွင် မသိမလေ့လာဘဲ အလွယ်ပင် ဂူနံပါတ်သစ်များကို စာရင်းတွင် ထပ်မံထည့်သွင်းထားရာ ယခုနောက်ပိုင်းတွင် ဂူစာရင်းမှာ ရောထွေးနေသည့်အတွက် ပြန်လည်စာရင်းပြုစုသော လုပ်ငန်းကို အကောင်အထည်ဖော်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့ ဂူနံပါတ်ရောထွေးနေသည့်အတွက် သုတေသနပြုလုပ်သူများအတွက် အနှောင့်အယှက်ဖြစ်စေသလို ဌာနမှ ဂူနံပါတ်မည်ရွေ့မည်မျှဟုညွှန်လျှင် နံပါတ်များမှာ ဟိုးရှေးကတစ်ခု၊ အလယ်ခေတ်မှာ တစ်နံပါတ်၊ နှောင်းပိုင်း ယခုကာလတွင် နံပါတ်တစ်ခုအဖြစ် အမျိုးမျိုး သတ်မှတ်ထားရာ **စာမျက်နှာ ၃ ကော်လံ ၁ သို့**




ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော BRT Lite ဘတ်စ်ကားတစ်စီးကို တွေ့ရစဉ်။

